# ရတနာပုံ

yadanarbonnews.com

၁၉၉၂ ခုနှစ် ၊ မေလ ၁ ရက် စတင်ထုတ်ဝေသည်။

၁၃၈၄ ခုနှစ် ၊ တပို့တွဲလပြည့်ကျော် (၁) ရက် ၊ တနင်္ဂနွေနေ့ ၊ (5-2-2023) ၊ အတွဲ (၃၁) ၊ အမှတ် (၂၈၁)


**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေးအပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြုဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီကို ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် (၆၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး မန္တလေးမြို့ မဟာမုနိရုပ်ရှင်တော် (၆၄)ကြိမ်မြောက် ဗုဒ္ဓပူဇနီယပွဲတော် စာရေးတံမဲနှင့် ဆွမ်းတော်ကြီးလောင်းလှူပွဲကို ယနေ့နံနက်ပိုင်းတွင် မဟာမုနိရုပ်ရှင်တော် ရင်ပြင်တော်ရှိ မိုးကောင်းမွှာရုံ၌ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီး သံဃနာယကအဖွဲ့ဥက္ကဋ္ဌ(ရွှေကျင်) ပတ္တမြားကျောင်းတိုက်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပညာဇောတာဘိဝံသအမှူးပြုသော

**စာမျက်နှာ ၁၆ ကော်လံ ၄ သို့**





မဟာမုနိရုပ်ရှင်တော်မြတ်ကြီးအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို ရွှေသင်္ကန်းကပ်လှူပူဇော်စဉ်။

**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် သွင်းလှူပူဇော်နိုင်ရေး အသိပေးနှိုးဆော်ခြင်း**

စာမျက်နှာ - ၁၇

**YBSယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်များ CNG သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၃၂ ဆိုင်တွင် သီးသန့်သဘာဝဓာတ်ငွေ့ ဖြည့်တင်းနိုင်ရန် စီမံဆောင်ရွက်နေ**

စာမျက်နှာ - ၃၀


Myanmar Mobile Money(MMM) မှ လက်ရှိရယူနိုင်သောဝန်ဆောင်မှုများအပြင် Digital Mobile Money -DMM(App) ကို အသုံးပြု၍ အောက်ပါ ဝန်ဆောင်မှုများကို ထပ်မံရယူနိုင်ပါပြီ။

- ဝန်ထမ်းလစာများပေးချေခြင်း
- လျှပ်စစ်မီတာပေးဆောင်ခြင်း
- e-Topup ဖုန်းငွေဖြည့်သွင်းခြင်း
- ပြည်တွင်းပြည်ပမှ ပြည်တွင်းငွေလွှဲခြင်း
- နှစ်အတွင်း ကာလတိုချေးငွေလျှောက်ထားခြင်း
- ဒီဂျစ်တယ်လူမှုဘဝဆိုင်ရာ ဝန်ဆောင်မှုများပေးခြင်း
- မြန်မာ့အာမခံလုပ်ငန်းသို့ အာမခံပရီမီယံပေးဆောင်ခြင်း
- E-Commerce လုပ်ငန်းငွေပေးချေမှုများ ဆောင်ရွက်ခြင်း

ရုံးချုပ် - အမှတ်(၅၁)ဗိုလ်ရာညွန့်လမ်း၊ ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၂၀၊ ၀၉ ၃၁၀၀ ၁၅၂၁
နေပြည်တော် - STARMART Nay Pyi Taw ရန်ကုန် - မန္တလေးလမ်းဟောင်း၊ ရွာကောက်ရပ်၊ ပျဉ်းမနား။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၄
မန္တလေး - STARMART Mandalay Wholesale ၂၆လမ်းနှင့် ၆၆လမ်းထောင့်၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၃၁၀၀ ၁၅၃၆

အငြိမ်းစား လစာ အပါအဝင် ငွေပို့ငွေလွှဲခြင်း၊ လစာထုတ်ခြင်းများကို ဘဏ်ကိုသွားရန်မလိုဘဲ မိုဘိုင်းဖုန်းဖြင့် ထုတ်ယူနိုင်ပါပြီ။



မြန်မာနိုင်ငံစိတ်ကုန်သွယ်ရေးလုပ်ငန်း အတွက် Customs Duty ပေးဆောင်မှုများအား MMM Service အသုံးပြုပြီး လွယ်ကူလျင်မြန်စွာဆောင်ရွက်နိုင်ပါပြီ ။

ရတနာပုံ
၂၀၂၄ ခုနှစ် ဖေဖော်ဝါရီ ၅ ရက်
အယ်ဒီတာ့အာဘော်

## ဘက်စုံထူးချွန်ထက်မြက်သော လူရည်ချွန်များပေါ်ထွန်းရေး

နိုင်ငံတစ်နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်မှုအခြေခံအုတ်မြစ်သည် ပညာရေးဖြစ်သည်။ ပညာတတ်မြောက်သူ ပေါများပါက လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်လာပြီး နိုင်ငံ၏စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေးစသည်တို့ ဘက်စုံတိုးတက်လာမည်ဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အလေးပေးဆောင်ရွက်ကာ နိုင်ငံ၏အနာဂတ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိသည်ကို တွေ့ရသည်။

ထို့ပြင် နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်စေရေးအတွက် မျိုးဆက်သစ်များဖြစ်သည့် ကျောင်းသား၊ ကျောင်းသူများ၏ အခန်းကဏ္ဍသည်လည်း အလွန်အရေးကြီးလှပေသည်။ ပညာထူးချွန်သည့်အပြင် ဘက်စုံထူးချွန်ထက်မြက်သော နိုင်ငံ့သားကောင်းများဖြစ်လာစေရန်အတွက် ကျောင်းသားလူငယ်များ၏ ကာယ၊ ဉာဏ၊ စာရိတ္တ စသည်တို့အပေါ် စိစစ်၍ လူရည်ချွန်များရွေးချယ်ပြီး ဂုဏ်ပြုချီးမြှင့်သည့် အစီအစဉ်များကို ဆောင်ရွက်ပေးသည်။

ယခုအခါ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် အခြေခံပညာအဆင့် အဋ္ဌမတန်း၊ ဒသမတန်းနှင့် ကောဒသမတန်းအတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်များ၏ ခရိုင်အလိုက် လူရည်ချွန်ရွေးချယ်ခံရသူများ၏စာရင်းကို နေ့စဉ်ထုတ်သတင်းစာများတွင် တွေ့ရသဖြင့် ဂုဏ်ယူဝမ်းမြောက်မိပေသည်။ ထိုကဲ့သို့ လူရည်ချွန်ရွေးချယ်ခံရသည့် ကျောင်းသား၊ ကျောင်းသူများသည် ပညာရေးတွင်သာ ထူးချွန်ထက်မြက်ကြသူများမဟုတ်ဘဲ အခြားသော ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂဟူသော ဗလငါးတန်တွင်လည်း တော်သော၊ ထူးချွန်ထက်မြက်သောကြောင့် လူရည်ချွန်ရွေးချယ်ခံကြရခြင်းဖြစ်သည်။

ထို့ကြောင့် ပညာရေး၏ရည်ရွယ်ချက်သည် ယနေ့ကျောင်းသား၊ ကျောင်းသူ လူငယ်များကို လူရည်ချွန်များသာမက လူတော်၊ လူကောင်းများဖြစ်လာရေးထိ ရည်ရွယ်ထားခြင်းဖြစ်သည်။ အတတ်ပညာများကို တတ်ကျွမ်းနေရုံနှင့်မပြီးသေး လူကောင်းတစ်ယောက်ဖြစ်လာရန်၊ အကျင့်စာရိတ္တကောင်းသူတစ်ယောက်ဖြစ်လာစေရန် လေ့ကျင့်ပျိုးထောင်ပေးရန်လိုပေသည်။ လူဟူသည် တစ်ဦးတစ်ယောက်တည်းနေထိုင်၍မရဘဲ အသင်းအဖွဲ့ဖြင့် စုပေါင်းနေထိုင်ကြရသည်ဖြစ်ရာ ပေါင်းသင်းဆက်ဆံရေးကောင်းမွန်မှု မိတ္တဗလနှင့်ပြည့်စုံအောင် ကြိုးစားလေ့ကျင့်ရန်လိုပေသည်။ သို့မှသာ ကွယ်ဝပြည့်စုံမှု ဘောဂဗလနှင့်လည်း ပြည့်စုံလာမည်ဖြစ်ပေသည်။

ထို့ပြင် ပညာတတ်လူသားအရင်းအမြစ်များ ပေါ်ထွန်းလာရေးအတွက် သင်ကြားပေးသည့် ဆရာ၊ ဆရာမများ၏ သင်ကြားမှုအတတ်ပညာသည်လည်း အရေးကြီးသည်ဖြစ်ရာ ဆရာ၊ ဆရာမများအနေဖြင့် မိမိတို့ကိုယ်တိုင် စာပေပညာတတ်ကျွမ်းရုံတင်မက ကျောင်းသား၊ ကျောင်းသူများ နားလည်စေရေး သင်ကြားပေးနိုင်ရန် လိုပေသည်။ ကျောင်းသား၊ ကျောင်းသူများကလည်း ဆရာ၊ ဆရာမများ သင်ကြားပေးလိုက်သော သင်ခန်းစာများကို ဌွဲ၊ လှံ့လ၊ ဝီရိယတို့ဖြင့် စဉ်ဆက်မပြတ် ဖတ်မှတ်လေ့ကျင့်ပေးပါက ယခုကဲ့သို့သော လူရည်ချွန်အဖြစ် ရွေးချယ်ခံရမည်ဖြစ်ပေသည်။

သို့ဖြစ်ရာ နိုင်ငံတော်အနေဖြင့် ပညာရေးကဏ္ဍကို အမြဲမပြတ် အလေးပေးဆောင်ရွက်နေသကဲ့သို့ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများအနေဖြင့်လည်း အမြဲမပြတ် ကြိုးစားလေ့လာသင်ကြား၊ သင်ယူနေမည်ဆိုပါက ပညာရေးကဏ္ဍတိုးတက်လာ၍ ပညာတတ်များပေါများလာကာ ဘက်ပေါင်းစုံထူးချွန်ထက်မြက်သည့် လူတော်လူကောင်း၊ လူရည်ချွန်များ ပေါ်ထွန်းလာပြီး နိုင်ငံတော်လည်း ခေတ်မီဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပေသည်။

## တပို့တွဲလပြည့်နေ့တွင် မဟာမုနိရုပ်ရှင်တော်၌ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြား



**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးမြို့ရှိ အထင်ကရ တန်ခိုးကြီးဘုရားဖြစ်သော မဟာမုနိရုပ်ရှင်တော်၌ တပို့တွဲလပြည့်နေ့(ယနေ့)တွင် နယ်စုံဒေသမှ လာရောက်သည့် ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း မဟာမုနိရုပ်ရှင်တော်ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြ၍ သိရသည်။

ယနေ့သည် မြန်မာလူမျိုးတို့၏ နေ့ထူးနေ့မြတ်ဖြစ်သော တပို့တွဲလပြည့်နေ့ ဥပုသ်နေ့ စနေနေ့ရုံးပိတ်ရက်ဖြစ်သောကြောင့် မဟာမုနိရုပ်ရှင်တော်ကို အနယ်နယ်အရပ်ရပ်မှ ဘုရားဖူးပြည်သူများ နံနက်အစောပိုင်းမှစ၍ လာရောက်ဖူးမြော်ကြကြောင်း၊ ဖူးမြော်ကြရာတွင်လည်း မုခ်လေးခုစလုံးမှ ဝင်ရောက်ဖူးမြော်ကြပြီး ယခင်ရက်များထက် ဘုရားဖူးဦးရေတိုးကာ စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

"ဒီနေ့ မဟာမုနိရုပ်ရှင်တော်မှာ ဆွမ်းတော်ကြီးလောင်းလှူပွဲပြုလုပ်ပါတယ်။ ပွဲတော်မှာ ဘုရားအမှူးရှိတဲ့ သံဃာတော် ၁၁၁ ပါး၊ စာရေးတံမဲနဲ့တကွ ဆွမ်းတော်ကြီးလောင်းလှူပွဲလဲပြုလုပ်ခဲ့ပါတယ်။ ဒီနေ့ဟာ တပို့တွဲလပြည့် ဥပုသ်နေ့ဖြစ်တဲ့အပြင် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်ဖြစ်တာကြောင့် ဘုရားဖူးတွေနဲ့ စည်ကားများပြားနေပါတယ်။ ဘုရားဖူးတွေဟာ မနက်အစောပိုင်းကတည်းက လာရောက်ဖူးမြော်ကြပြီး ရွှေသင်္ကန်းကပ်လှူပူဇော်သူတွေနဲ့ စည်ကားနေပါတယ်။ သမိုင်းဝင်ပြတိုက်တွေကို သွားရောက်လေ့လာသူတွေနဲ့လဲ စည်ကားနေပါတယ်။ ငါးကန်၊ လိပ်ကန်တွေမှာလဲ ငါးစာ၊ လိပ်စာကျွေးသူတွေနဲ့ စည်ကားနေပါတယ်"ဟု မဟာမုနိ ရုပ်ရှင်တော် ဂေါပကအဖွဲ့ ရုံးအဖွဲ့မှူး ဦးသိန်းထွန်းက ပြောပြသည်။

မဟာမုနိရုပ်ရှင်တော်ကို နံနက် ၄ နာရီမှ ည ၇ နာရီထိ ဖွင့်လှစ်ထားပြီး ယနေ့ညနေထိ ဘုရားဖူး ၅၃၅၁၁၂ ဦးလာရောက်ဖူးမြော်ကြကြောင်း သိရသည်။

အလားတူ မန္တလေးမြို့ပေါ်ရှိ အထင်ကရ နေရာများဖြစ်သည့် မန္တလေးတောင်တော်၊ ကုသိုလ်တော်ဘုရား၊ စန္ဒာမုနိဘုရား၊ စွယ်တော်မြတ်စေတီတော်၊ ဝေရောစန ကျောက်စိမ်းစေတီတော်တို့၌လည်း နံနက်အစောပိုင်းမှစ၍ ဘုရားဖူးပြည်သူများဖြင့် စည်ကားများပြားလျက်ရှိကြောင်း သိရသည်။

(၁၈၅)

## ယခုဘဏ္ဍာနှစ်အတွင်း စားသောက်ကုန်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်း အမျိုးအမည်ပေါင်း ၈၆၈ ခုကို ဓာတ်ခွဲစမ်းသပ်ပြီး ရောင်းချခွင့်ပြုထား

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီးတွင် ယခုဘဏ္ဍာနှစ်အတွင်း စားသောက်ကုန်၊ လူသုံးကုန်နှင့်အလှကုန်ပစ္စည်း အမျိုးအမည်ပေါင်း ၈၆၈ ခုကို ဓာတ်ခွဲစမ်းသပ်ပြီး ထုတ်လုပ်ရောင်းချခွင့်ပြုထားကြောင်း မန္တလေးတိုင်းဒေသကြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးဝင်းဗိုလ်က ပြောပြ၍ သိရသည်။

ယခုဘဏ္ဍာနှစ်အတွင်း စားသောက်ကုန်၊ လူသုံးကုန်နှင့် အလှကုန်ပစ္စည်း အမျိုးအမည်ပေါင်း ၆၀၀ ကျော်ကို ဓာတ်ခွဲစမ်းသပ်ပေးရန် လျာထားဆောင်ရွက်ခဲ့ရာ ယနေ့အချိန်ထိ ဓာတ်ခွဲစမ်းသပ်ခြင်းကို ဓာတုဗေဒဓာတ်ခွဲစမ်းသပ်ပေးခြင်းဖြင့် စားသောက်ကုန်၊ လူသုံးကုန်၊ အလှကုန်ပစ္စည်းအမျိုးအမည်ပေါင်း ၄၃၅ ခုနှင့် အဏုဇီဝဓာတ်ခွဲစမ်းသပ်ခြင်းဖြင့် စားသောက်ကုန်၊ အလှကုန်၊ လူသုံးကုန်ပစ္စည်း အမျိုးအမည်ပေါင်း ၄၃၃ ခု စုစုပေါင်း ကုန်ပစ္စည်းအမျိုးအမည် ၈၆၈ ခုကို ဓာတ်ခွဲစမ်းသပ်ပြီး ခွင့်ပြုပေးထားကြောင်း သိရသည်။

"လက်ရှိအချိန်မှာ ဓာတ်ခွဲစမ်းသပ်တာတွေအနေနဲ့ လျာထားချက် ပြည့်မီကျော်လွန်အောင် ဆောင်ရွက်ထားပါတယ်။ ဓာတ်ခွဲစမ်းသပ်ပေးရာမှာလဲ စည်းကမ်းသတ်မှတ်ချက်တွေနဲ့ ကိုက်ညီတဲ့ ထုတ်ကုန်ပစ္စည်းတွေကိုပဲ ခွင့်ပြုပေးခဲ့ပါတယ်။ ဘဏ္ဍာနှစ်အလိုက်လဲ လုပ်ငန်းရှင်တွေပေါ်ထွက်ရေးအတွက် ထုတ်ကုန်ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်ပေးတာတွေပြုလုပ်ပြီး ခွင့်ပြုပေးပါတယ်။ ထုတ်လုပ်ရောင်းချမဲ့ လုပ်ငန်းရှင်တွေက မိမိတို့ပြုလုပ်ပြီး ဈေးကွက်အတွင်း ဖြန့်ဖြူးရောင်းချမဲ့ပစ္စည်းတွေကို ဓာတ်ခွဲစမ်းသပ်မှုမဖြစ်မနေပြုလုပ်ရပါတယ်။ စားသုံးသူပြည်သူတွေ အန္တရာယ်ကင်းရှင်းစေဖို့ ဆောင်ရွက်ပေးနေတာဖြစ်ပါတယ်" ဟု ဦးဝင်းဗိုလ်က ပြောပြသည်။

မန္တလေးတိုင်းဒေသကြီးအတွင်း ဘဏ္ဍာနှစ်အလိုက် ဓာတ်ခွဲစမ်းသပ်ပေးနေခြင်းသည် လုပ်ငန်းရှင်များ ထုတ်လုပ်သည့် ကုန်ပစ္စည်းများ၌ အန္တရာယ်ဖြစ်စေနိုင်သော ဓာတုဆေးဝါးများ ပါဝင်မှုမရှိစေရန်နှင့် ဈေးအတွင်း ဝင်ရောက်မှု မရှိစေရန်အတွက် ဆောင်ရွက်ပေးနေခြင်းဖြစ်ကြောင်း သိရသည်။ (၁၈၅)

## မန္တလေးဈေးကွက်အတွင်း ရွှေဘိုဘက်မှဂျုံအသစ်များ ဝင်ရောက်လာပြီး ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ပေါက်ဈေးရှိလာ

**မန္တလေး ဖေဖော်ဝါရီ ၄**

မန္တလေး ဈေးကွက်အတွင်း ရွှေဘိုဘက်မှဂျုံအသစ်များ ဝင်ရောက်လာပြီး ပိဿာ ၆၀ ဝင် တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ပေါက်ဈေးရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း(မန္တလေးကုန်စည်ဒိုင်) အတွင်းရေးမှူး ဦးစက်မောင်ဆွေက ပြောပြ၍ သိရသည်။

ယခုလက်ရှိ ရွှေဘိုဘက်မှ အရည်အသွေးကောင်းမွန်သည့် ဂျုံအသစ်များ မန္တလေးဈေးကွက်အတွင်း ဝင်ရောက်လာကြောင်း၊ ၎င်းဂျုံအသစ်များကို မန္တလေးဈေးကွက်အတွင်း ဝယ်ယူမှုပိုမိုများပြားလာပြီး အရောင်းအဝယ်ကောင်းလာမှုကြောင့် ဈေးကောင်းရရှိလာကြောင်း သိရသည်။

"မန္တလေးဈေးကွက်အတွင်းမှာ ရွှေဘိုဘက်ကနေ အရည်အသွေးကောင်းမွန်တဲ့ ဂျုံအသစ်တွေ မန္တလေးဈေးကွက်နဲ့ တောင်ကြီးမြို့အပြင် အခြားမြို့တွေကပါ မှာယူမှုပြန်ပြီးများလာတယ်။ ရွှေဘိုဘက်ကဂျုံအသစ်တွေ မှာယူမှုပြန်ပြီးများပြားလာတာကြောင့် ဂျုံအရောင်းအဝယ် ကောင်းလာပြီး ဈေးကောင်းပါ ရနေပါတယ်"ဟု ဦးစက်မောင်ဆွေက ပြောပြသည်။

မန္တလေး ဈေးကွက်အတွင်း ဇန်နဝါရီလ နောက်ဆုံးပတ်က ရွှေဘိုဘက်မှ ဂျုံအသစ်များ ပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၀၀၀၀ သာပေါက်ဈေးရှိကြောင်း၊ ယခုအခါ ရွှေဘိုဘက်မှ ဂျုံအသစ်များကို ဝယ်ယူမှုများလာခြင်းကြောင့် ယနေ့တွင် ဂျုံပိဿာ ၆၀ ဝင်တစ်အိတ်လျှင် ငွေကျပ် ၁၈၅၀၀၀ ပေါက်ဈေးရှိပြီး ဈေးကောင်းရရှိလာကြောင်း ပွဲစားကုန်သည်စက်ပိုင်များ မဟာကထိန်တော်အသင်း (မန္တလေးကုန်စည်ဒိုင်)မှ သိရသည်။

(၁၈၄)

ထုတ်ဝေခွင့်အမှတ်-၀၀၃၂၄၊ ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်-၀၀၁၆၈၊ ဓာတည်းအဖွဲ့-၀၃၃-၇၂၇၈၁၀၉-၅၅၈၈၉၁၃၀၀၊ကြော်ငြာ-၈၄လမ်းနှင့်၂၉-၃၀လမ်းကြား-၀၂-၄၀၆၆၆၅၁၊ ဖြန့်ချိရေး-၀၂-၄၀၃၆၄၂၂၊
E-mail-yadanarbonnewspaper@gmail.com ၊ မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ဘိုးရာဇာလမ်းနှင့် ဝေရက်လမ်းကြား၊ ရတနာပုံသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။

# တံတားဦးမြို့နယ် ပြူကန်ခေတ်မီစံပြကျေးရွာ၌ ရေရရှိရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**တံတားဦး ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင် တံတားဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိစေရန် ရည်ရွယ်၍ ပြူကန်ခေတ်မီစံပြကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တံတားဦးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းနှင့် တာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပြူကန်ခေတ်မီစံပြကျေးရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်း စောင့်ရှောက်သွားကြရန် မှာကြားသည်။

ပြူကန်ခေတ်မီစံပြကျေးရွာ၌ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ ဂါလန် ၁၀၀၀၀ ဆံ့ အုတ်ရေကန်တည်ဆောက်ခြင်း၊ သုံးလက်မ PVC ပေ ၁၀၀၀ ရေပိုက်လိုင်းသွယ်တန်းခြင်းနှင့် နှစ်လက်မ PVC ပေ ၁၄၆၇၀ ရေပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းများကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် နိုင်ငံတော်ပံ့ပိုး(ယူနီဆက်) ရန်ပုံငွေကျပ် ၆၃ ဒသမ ၄၄ သန်းဖြင့် မြစ်ရောကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်ကစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း၊ အဆိုပါ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် ပြူကန်ခေတ်မီစံပြကျေးရွာရှိ အိမ်ခြေ ၄၅၆ အိမ်၊ လူ ၁၉၄၂ ဦးတို့အတွက် ရာသီမရွေး သောက်သုံးရေဖူလုံစွာရရှိမည်ဖြစ်ကြောင်း ခရိုင်ဦးစီးမှူး ဒေါ်ခင်မာစန်းက ပြောပြ၍ သိရသည်။

**အောင်ရဲကျော်**




မန္တလေး ချမ်းမြသာစည်မြို့နယ် ကန်တော်ကြီးကန်ပတ်လမ်းရှိ ဓိဝိတဒါနသံဃာ့ဆေးရုံကြီးတွင် အလှူရှင် ဆရာလေးမေဘထေရ် (ကျင်ဂနိုင်-ဖားအောက်တောရ)အား အမှူးထား၍ ဦးမိုးညွန့်-ဒေါ်ခင်မမ မိသားစုက ဆေးပဒေသာပင်အတွက် ငွေကျပ် ၁၀၀၀၀၀၀ လှူဒါန်းရာ ဆွမ်းကွမ်းဝေယျာဝစ္စဆပ်ကော်မတီအတွင်းရေးမှူး ဦးဝဏ္ဏနှင့် အဖွဲ့ဝင် ဦးဝင်းမြင့်တို့က လက်ခံရယူစဉ်။

# ပုသိမ်မြို့နယ် ရွှေသောင်ယံကမ်းခြေသို့ ဇန်နဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၆၆၄၄ ဦး လာရောက်လည်ပတ်ခဲ့



**ပုသိမ် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ်ရှိ ရွှေသောင်ယံကမ်းခြေသို့ ယခုနှစ် ဇန်နဝါရီလအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၆၆၄၄ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်းမှ သိရသည်။

ပုသိမ်မြို့နယ်အတွင်း ခရီးသွားဒေသများထဲတွင် တစ်ခုအပါအဝင်ဖြစ်သည့် ရွှေသောင်ယံကမ်းခြေသို့ ယခုနှစ် ဇန်နဝါရီ ၁ ရက်မှ ဇန်နဝါရီ ၃၁ ရက်ထိ တစ်လအတွင်း ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် ၁၆၆၄၄ ဦးထိ လာရောက်လည်ပတ်ခဲ့ကြောင်း၊ အဆိုပါ လာရောက်လည်ပတ်ခဲ့သည့် ခရီးသွားဧည့်သည် ၁၆၆၄၄ ဦးတွင် ပြည်ပခရီးသွားဧည့်သည် ၁၁၆ ဦးပါဝင်ကြောင်း သိရသည်။

"ရွှေသောင်ယံ ကမ်းခြေဟာ ဧရာဝတီတိုင်းဒေသကြီး ခရီးသွားဒေသတွေထဲက တစ်ခုအပါအဝင်ဖြစ်ပါတယ်။ ခရီးသွားတွေ စိတ်ဝင်တစားလာရောက်လည်ပတ်တဲ့ ကမ်းခြေတွေထဲမှာလဲ ပါဝင်တယ်။ စနေနဲ့ တနင်္ဂနွေနေ့တွေအပါအဝင် ပိတ်ရက်ရှည်တွေမှာ ခရီးသွားဧည့်သည်တွေ ပိုမိုလာတာ တွေ့ရပါတယ်။ ဇန်နဝါရီလ တစ်လအတွင်း ရွှေသောင်ယံကမ်းခြေကို လာရောက်လည်ပတ်တဲ့ ခရီးသွားဧည့်သည်တွေထဲမှာ နိုင်ငံခြားသားခရီးသွားတွေလဲ လာရောက်လည်ပတ်ခဲ့ပါတယ်။ လာမဲ့ နွေရာသီကျောင်းပိတ်ရက်ရှည်ကျရင် အခုထက် ခရီးသွားဧည့်သည်တွေ ပိုပြီးလာလိမ့်မယ်လို့ ခန့်မှန်းထားပါတယ်"ဟု ပုသိမ်မြို့နယ် ခရီးသွားလုပ်ငန်းအသင်း ဧည့်လမ်းညွှန်တာဝန်ခံ ဒေါ်ကေကေခိုင်က ပြောပြသည်။

ရွှေသောင်ယံကမ်းခြေသို့ ဇန်နဝါရီ ၄ ရက်တွင် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည် အများဆုံး လာရောက်လည်ပတ်ခဲ့ကြောင်း၊ အဆိုပါ ရွှေသောင်ယံကမ်းခြေကို လာရောက်လည်ပတ်သည့် ပြည်တွင်း၊ ပြည်ပခရီးသွားဧည့်သည်များ ကမ်းခြေ၏ သဘာဝအလှကို အပြည့်အဝခံစားရစေရေး၊ ကမ်းခြေ သန့်ရှင်းသပ်ရပ်သာယာလှပစေရေး စသည့်လုပ်ငန်းများကို ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့် ဒေသခံများ၊ ဟိုတယ်လုပ်ငန်းရှင်များက ပူးပေါင်းဆောင်ရွက်နေကြောင်း၊ အဆိုပါကမ်းခြေတွင် ဟိုတယ်နှင့်တည်းခိုရိပ်သာအလုံးရေ ၂၀ ကျော် ဖွင့်လှစ်ထားကြောင်း သိရသည်။

**ကျော်ကျော်လင်း**

# ကျောက်မဲမြို့နယ် နားထွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ကျောက်မဲ ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက နားထွမ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေ အဌမအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ဈေးဦးစွာ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆမ်သိန်းက မြစိမ်းရောင်ကျေးရွာစီမံကိန်းဖြင့် ကျေးလက်နေပြည်သူများ ဆင်းရဲမှုလျော့ကျစေရန်နှင့် တစ်နိုင်တစ်ပိုင် စိုက်ပျိုးရေး၊ မွေးမြူရေး၊ အရောင်းအဝယ်နှင့် မိသားစုဝင်ငွေ တိုးစီးပွားရေးလုပ်ငန်းများ ဆောင်ရွက်နိုင်စေရန် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၆၀၀ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက နားထွမ်ကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူနှင့် အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၉၅ ဦးကို မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကျပ် သိန်း ၆၀၀ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ ကျောက်မဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဆမ်သိန်းနှင့် စီမံကိန်းတာဝန်ခံများ၊ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် ကျေးရွာသူ၊ ကျေးရွာသားများ တက်ရောက်ကြကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**

# မိုင်းကိုင်မြို့နယ် ကျေးရွာနှစ်ရွာ၌ VDP စီမံကိန်းဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုင်းကိုင် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လွိုင်လင်ခရိုင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကုန်းဆာကျေးရွာနှင့် ပါခါးကျေးရွာတို့၌ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်း၊ စီမံကိန်းတာဝန်ခံနှင့် အင်ဂျင်နီယာဝန်ထမ်းများက ကျေးရွာကော်မတီဝင်များနှင့်အတူ ကုန်းဆာကျေးရွာ၌ အရှည် ၁၄ ပေ၊ အကျယ် ၁၄ ပေ၊ အမြင့် ကိုးပေရှိ ကျေးရွာအဝင် တံတားတည်ဆောက်ခြင်း လုပ်ငန်းဆောင်ရွက်ပြီးစီးမှုအခြေအနေများနှင့် ပါခါးကျေးရွာ၌ အရှည် တစ်မိုင်ရှိ နှစ်လက်မရေပိုက်လိုင်းသွယ်တန်းပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များ၊ ကျေးရွာသူ၊ ကျေးရွာသားများနှင့် တွေ့ဆုံကာ ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းစောင့်ရှောက်ကြရန် ကျေးရွာမှ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

ကုန်းဆာကျေးရွာနှင့် ပါခါးကျေးရွာတို့၌ အဆိုပါဒေသဖွံ့ဖြိုးရေးလုပ်ငန်းများကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ရန်ပုံငွေကျပ်သိန်း ၂၀၀၊ ကျေးရွာပြည်သူထည့်ဝင်ငွေကျပ် လေးသိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဩဂုတ်လ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီးပြီဖြစ်သဖြင့် အဆိုပါ ကျေးရွာနှစ်ရွာရှိ ဒေသခံပြည်သူများအတွက် အကျိုးပြုမည်ဖြစ်ကြောင်း မိုင်းကိုင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးခွန်ကျော်စိမ်းထံမှ သိရသည်။ **ရိုးသန်းညွန့်**



# တင်ပို့မှုမြင့်တက်လာသည့် ပဲစင်းငုံ

**မျိုးသူ(ကုန်သွယ်မြှင့်)**

**တင်ပို့မှုမြင့်တက်လာသည့် ပဲစင်းငုံ**

ပဲစင်းငုံ၏ပြည်တွင်းဈေးနှုန်းအခြေအနေမှာ လတ်တလောတွင် ဈေးနှုန်းမြင့်တက်လာနေသည်ကို တွေ့ရသည်။ မန္တလေးဈေးကွက်တွင်လည်း ပဲစင်းငုံဝယ်လိုအား မြင့်တက်လာနေသည်ကို တွေ့နေရသည်။ ထိုသို့ ဈေးကွက်တွင် ပဲစင်းငုံဝယ်လိုအားမြင့်တက်လာနေသည်မှာ ပြည်တွင်းတွင် ပဲစင်းငုံလက်ကျန်နည်းသည့်အတွက်ဟု ဘုရင့်နောင်ကုန်သည်အသိုင်းအဝိုင်း၏ သုံးသပ်မှုအရ သိရသည်။ ပဲစင်းငုံသည် ဒီဇင်ဘာလတွင် ပေါ်ခဲ့ပြီး ယခု ဇန်နဝါရီလကုန်တွင် ပြည်တွင်း၌ လက်ကျန်နည်းသွားသည်ဆိုသည်မှာ မှန်ပါရဲ့လား။ မည်သည့်အတွက်ကြောင့် ယခုကဲ့သို့ လက်ကျန်နည်းသည်ဟု သုံးသပ်ပါသလဲ တွေးမိသည်။

**စိုက်ပျိုးထုတ်လုပ်မှုအခြေအနေ**

ပဲစင်းငုံကို အဓိက စိုက်ပျိုးသော တိုင်းဒေသကြီးနှင့် ပြည်နယ်များကို ဦးစွာလေ့လာမည်ဆိုပါက မန္တလေး၊ မကွေးနှင့် စစ်ကိုင်းတိုင်းဒေသကြီးတို့တွင် အများဆုံး စိုက်ပျိုးသည်ကို တွေ့ရသည်။ အခြားဒေသများတွင် ယခင်က အနည်းငယ်မျှသာ စိုက်ပျိုးကြပြီး မိုးများသောဒေသများတွင် စိုက်ပျိုးလေ့မရှိသည်ကို တွေ့ရသည်။ ယခင်က ရှမ်းပြည်နယ်ရှိ အချို့ဒေသများတွင် စိုက်ပျိုးတတ်သော်လည်း ယခုအခါ ဈေးနှုန်း ဈေးကွက်အခြေအနေအရ အစေ့ထုတ်ပြောင်းကိုသာ အများအပြားစိုက်ပျိုးလာကြသည်ကို တွေ့ရသည်။

စိုက်ပျိုးရေးဦးစီးဌာန၏စာရင်းအရ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် စိုက်ဧကမှာ ၁၀၆၇၂၀၉ ဧကနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် စိုက်ဧကမှာ ၁၀၉၁၇၀၅ ဧကရှိသည်ကိုတွေ့ရသဖြင့် နှစ်နှစ်နှိုင်းယှဉ်ကြည့်လျှင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်အောက် ၂၄၄၉၆ ဧက လျော့နည်းစိုက်ပျိုးခဲ့သည်ကို တွေ့ရသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံ ရိတ်သိမ်းဧရိယာမှာ ၁၀၆၂၁၃၁ ဧကဖြစ်၍ ယခင်နှစ် ရိတ်သိမ်းဧရိယာ ၁၀၉၁၆၈၅ ဧကနှင့် နှိုင်းယှဉ်သော် ၂၉၅၅၄ ဧကလျော့နည်းခဲ့သည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် အထွက်တင်း ၁၄၃၅၀၀၄၂ တင်း၊ တန်ချိန်အားဖြင့် ၄၆၈၆၅၇ တန် ထွက်ရှိသည်ဟု ဖော်ပြထားပြီး ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် အထွက်တင်းမှာ ၁၅၅၆၉၅၇၅ တင်း၊ တန်ချိန်အားဖြင့် ၅၀၈၄၈၆ တန်ထွက်ရှိသည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ် အထွက်တင်းထက် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် အထွက်တင်းသည် ၁၂၁၉၅၃၃ တင်း၊ တန်ချိန်အားဖြင့် ၃၉၈၂၉ တန် လျော့နည်းသည်ဟု ဖော်ပြထားသည်။ ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်တွင် တစ်ဧကအထွက်နှုန်းမှာ ၁၃ ဒသမ ၅၁ တင်းနှင့် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် တစ်ဧကအထွက်နှုန်းမှာ ၁၄ ဒသမ ၂၆ တင်းရှိသည်။ အထက်တွင်ဖော်ပြထားသည့် ပဲစင်းငုံ၏ စိုက်ဧက၊ ရိတ်ဧက၊ အထွက်နှုန်းနှင့် အထွက်တင်း(တန်)များကို ကြည့်လျှင် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်သည် ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်ထက် အဘက်ဘက်တွင် လျော့နည်းသည်ကိုတွေ့ရသည်။

၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် စိုက်ပျိုးထုတ်လုပ်မှုသည် အနည်းငယ်ပြန်လည်မြင့်တက်လာသည်ကို တွေ့ရသည်။ ၂၀၂၁-၂၀၂၂ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံ စိုက်ဧကမှာ ၁၁၄၅၈၆၁ ဧက၊ ရိတ်ဧကမှာ ၁၁၄၅၈၅၉ ဧက၊ အထွက်နှုန်းမှာ ၁၅ ဒသမ ၆၄ ရာခိုင်နှုန်း၊ အထွက်တင်းမှာ ၁၇၉၂၂၄၄၃ တင်း၊ တန်ချိန်အားဖြင့် ၅၈၅၅၀၉ တန်ထွက်ရှိသည်။ ယခု ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်အတွက် ပဲစင်းငုံထွက်ရှိမှုကို အတိအကျ မသိရသေးသော်လည်း ယခင်နှစ်ကထက် လျော့နည်းနေမည်လားဟု စိုးရိမ်မိသည်။ ပဲစင်းငုံကို ယခုဖြစ်ပေါ်နေသောဈေးများအရ တိုးချဲ့စိုက်ပျိုးသင့်သည်ဟု တချို့က ခန့်မှန်းကြသည်ကို သတိပြုမိသည်။ တချို့က လည်း ဈေးကွက်ကျဉ်းမြောင်းမှုကြောင့် သတိထားပြီး သင့်တင့်ရုံသာ စိုက်ပျိုးထုတ်လုပ်သင့်သည်ဟု ခန့်မှန်းကြသည်။

**ပဲစင်းငုံတင်ပို့မှုအခြေအနေ**

ပဲစင်းငုံကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ဧပြီ ၁ ရက်မှဇန်နဝါရီ ၂၀ ရက်ထိ တင်ပို့ပြီးစီးမှုမှာ ၁၄၆၃၅၈ တန်ဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၁၁၅

**ဘဏ္ဍာနှစ်အလိုက် ပဲစင်းငုံ ပြည်ပတင်ပို့မှုစာရင်း**

တန်ဖိုး။ ဒေါ်လာ-(သန်း)

| စဉ် | ဘဏ္ဍာနှစ် | ပုံမှန် | | နယ်စပ် | | စုစုပေါင်း | |
|---|---|---|---|---|---|---|---|
| | | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး | တန်ချိန် | တန်ဖိုး |
| ၁ | ၂၀၁၁-၂၀၁၂ | ၃၁၉၅၇၃ | ၁၉၀.၄၅ | | | ၃၁၉၅၇၃ | ၁၉၀.၄၄၅ |
| ၂ | ၂၀၁၂-၂၀၁၃ | ၂၉၆၀၀၄ | ၁၇၀.၂၉ | ၁၂၀.၀ | ၀.၀၇ | ၂၉၆၁၂၄ | ၁၇၀.၃၅၃ |
| ၃ | ၂၀၁၃-၂၀၁၄ | ၁၈၇၄၉၆ | ၁၁၄.၃၆ | ၂၈၁.၀ | ၀.၁၆ | ၁၈၇၇၇၇ | ၁၁၄.၅၁၄ |
| ၄ | ၂၀၁၄-၂၀၁၅ | ၃၀၇၅၈၃ | ၂၀၇.၄၀ | ၂၂၁.၀ | ၀.၁၅ | ၃၀၇၈၀၄ | ၂၀၇.၅၄၆ |
| ၅ | ၂၀၁၅-၂၀၁၆ | ၂၂၆၆၀၈ | ၂၂၉.၇၄ | ၄၃.၀ | ၀.၀၆ | ၂၂၆၆၅၁ | ၂၂၉.၇၉၇ |
| ၆ | ၂၀၁၆-၂၀၁၇ | ၁၈၄၃၉၅ | ၁၅၉.၅၆ | ၁၇၁.၅ | ၀.၂၃ | ၁၈၄၅၆၆ | ၁၅၉.၇၈၈ |
| ၇ | ၂၀၁၇-၂၀၁၈ | ၂၂၄၈၉၇ | ၉၉.၀၃ | ၅၉၁.၄ | ၀.၅၂ | ၂၂၅၄၈၂ | ၉၉.၅၄၇ |
| ၈ | ၂၀၁၈ ကာလတို | ၁၅၁၄၃၈ | ၅၀.၆၆ | ၄၇၅.၀ | ၀.၄၅ | ၁၅၁၉၁၃ | ၅၁.၁၁၀ |
| ၉ | ၂၀၁၈-၂၀၁၉ | ၁၈၁၅၈၀ | ၁၀၀.၈၉ | ၅၈၈.၃ | ၀.၃၆ | ၁၈၂၁၆၉ | ၁၀၁.၂၄၇ |
| ၁၀ | ၂၀၁၉-၂၀၂၀ | ၅၂၈၆၈ | ၂၉.၇၁ | ၅၀၈.၈ | ၀.၂၈၂ | ၅၃၃၇၇ | ၂၉.၉၉၆ |

ဒသမ ဝ၅၁ သန်းရရှိသည်။ အဆိုပါကာလထိ ပဲမျိုးစုံတင်ပို့မှုမှ အမေရိကန်ဒေါ်လာ ၁၀၅၁ ဒသမ ၅၇၈ သန်းရရှိထားသဖြင့် ပဲစင်းငုံတင်ပို့ခြင်းမှ ရရှိသည့်တန်ဖိုးမှာ ပဲမျိုးစုံတင်ပို့မှုစုစုပေါင်း တန်ဖိုး၏ ၁၁ ရာခိုင်နှုန်းခန့်ရှိသည်ဟု တွေ့ရသည်။ တင်ပို့သည့် တန်ချိန်မှာ အထွက်၏ ၃၅ ရာခိုင်နှုန်းခန့်ရှိသည်ကို တွေ့ရသည်။ ယခင်နှစ်များက ပဲစင်းငုံတင်ပို့မှုကို ကြည့်လျှင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်ထိ နှစ်စဉ် တန်ချိန် နှစ်သိန်းကျော်တင်ပို့နေသည်ကို တွေ့နိုင်သည်။ ၂၀၁၉-၂၀၂၀ ဘဏ္ဍာနှစ်တွင် ပဲစင်းငုံတင်ပို့မှုမှာ ၅၃၃၇၇ တန်ဖြစ်ပြီး တန်ဖိုးအားဖြင့် အမေရိကန်ဒေါ်လာ ၂၉ ဒသမ ၉၉၆သန်းထိ ကျဆင်းသွားသည်ကို တွေ့နိုင်သည်။

ကမ္ဘာပေါ်တွင် ပဲစင်းငုံအများဆုံးတင်သွင်းသော ထိပ်တန်းနိုင်ငံများမှာ အိန္ဒိယနိုင်ငံ၊ ယူအေအီးနိုင်ငံနှင့် နီပေါနိုင်ငံတို့ဖြစ်သည်။ ၂၀၂၀ ခုနှစ်က ပဲစင်းငုံကို အများဆုံးတင်သွင်းခဲ့သည့် ကမ္ဘာ့ထိပ်တန်း ၁၀ နိုင်ငံမှာ အိန္ဒိယ၊ ယူအေအီး၊ နီပေါ၊ အမေရိကန်၊ ဇင်ဘာဘွေ၊ အင်္ဂလန်၊ ကနေဒါ၊ ဩစတြေးလျ၊ မလေးရှား၊ ပီရူးတို့ဖြစ်ကြသည်ဟု သိရသည်။ အိန္ဒိယသည် ပဲစင်းငုံ အများဆုံးဝယ်ယူတင်သွင်းသောနိုင်ငံဖြစ်ပြီး တစ်ကမ္ဘာလုံး၏ ဈေးကွက်ဝေစု ၉၀ ဒသမ ၅ ရာခိုင်နှုန်းရရှိထားသည်။ ဒုတိယနေရာရှိ ယူအေအီးက ဈေးကွက်ဝေစု ၂ ဒသမ ၈ ရာခိုင်နှုန်း၊ တတိယနေရာရှိ နီပေါက ဈေးကွက်ဝေစု ၂ ဒသမ ၂ ရာခိုင်နှုန်းရရှိထားသည်။ ၂၀၂၀ ခုနှစ်က ပဲစင်းငုံတင်ပို့ရောင်းချခဲ့သော ကမ္ဘာ့ ၁၀ နိုင်ငံမှာ တန်ဇန်းနီးယား၊ ဆူဒန်၊ မာလာဝီ၊ အိန္ဒိယ၊ မိုဇမ်ဘစ်၊ မြန်မာ၊ ယူဂန္ဓာ၊ ကင်ညာ၊ ကနေဒါ၊ ပီရူးတို့ဖြစ်သည်။ မြန်မာနိုင်ငံသည် ပဲစင်းငုံ တင်ပို့ရောင်းချမှုတွင် အဆင့် (၆) တွင်ရှိသည်ဟု သိရသည်။

ပဲစင်းငုံကို တင်ပို့ရန်အတွက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက Value Chain အရ ဈေးကွက်က တောင်းဆိုသလောက်ကိုသာ စိုက်ပျိုးထုတ်လုပ်သင့်သည်။ လက်ရှိ စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ငါးသိန်းကျော်ပြီး တင်ပို့မှုမှာ နှစ်စဉ်ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းခန့်ကိုသာ တင်ပို့နိုင်သည်ကို တွေ့ရသည်။ ပြည်တွင်း၌ ပဲစင်းငုံ စားသုံးမှုနည်းပါးသဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်သည်ဟု ဖော်ပြထားသော ကိန်းဂဏန်းအချက်အလက်များ၊ အထွက်နှုန်းများအတိုင်း အမှန်ထွက်ရှိမှုရှိ၊ မရှိကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ထို့ပြင် ပြည်တွင်းစားသုံးမှုနှင့် ပြည်တွင်းဈေးကွက်တိုးတက်လာစေရန်လည်း ဆောင်ရွက်သင့်သည်။ ပဲစင်းငုံ၏ဈေးကွက်ကို ကြည့်လျှင် အိန္ဒိယနိုင်ငံတစ်ခုတည်းသည် ၉၀ ဒသမ ၅ ရာခိုင်နှုန်း (ကမ္ဘာ့ပဲစင်းငုံ တင်သွင်းသော ထိပ်တန်း ၁၀ နိုင်ငံ စာရင်းအရ)ဖြင့် ပထမဖြစ်နေပြီး ဒုတိယဖြစ်သော ယူအေအီးနိုင်ငံသည် ၂ ဒသမ ၈ ရာခိုင်နှုန်းသာရှိသဖြင့် ပဲစင်းငုံသည် အိန္ဒိယဈေးကွက်တစ်ခုသာ ကောင်းမွန်စွာရှိပြီး ဈေးကွက်ကျဉ်းမြောင်းသည်ဟု ဆိုနိုင်သည်။

ပဲစင်းငုံဈေးကွက်သည် ကျယ်ပြန့်ခြင်းမဖြစ်ပါက တစ်ခုတည်းသောဈေးကွက်ဖြစ်သည့် အိန္ဒိယနိုင်ငံနှင့် ခိုင်ခိုင်မာမာသဘောတူညီချက်များရှိထားရန် လိုအပ်သည်။ သို့မှသာ နှစ်စဉ်ပုံမှန်စိုက်ပျိုးထုတ်လုပ်တင်ပို့နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားနိုင်မည်ဖြစ်သည်။ ထိုကဲ့သို့ ဆောင်ရွက်နိုင်ခြင်းမရှိပါက ဈေးကွက်နိုင်ငံ (အိန္ဒိယ)က တင်သွင်းမှုနှင့် ပတ်သက်သော ကန့်သတ်မှုများ၊ စည်းကမ်းများ၊ ကိုတာစနစ်များနှင့် ဝယ်သူဈေးကွက်ဖြစ်အောင် ဖန်တီးပြီး ဈေးနှိမ်ခြင်း၊ ဈေးကွက်ချုပ်ကိုင်ခြင်းမျိုးကို ခံရမည်သာဖြစ်သည်။ အိန္ဒိယနိုင်ငံနှင့် နိုင်ငံချင်းသဘောတူညီချိတ်ဆက်မှုများတွင် တန်ဇန်းနီးယားနိုင်ငံက ပိုမိုသာလွန်သည့် အခြေအနေရှိသည်ကို တွေ့မြင်နေရသည်။ အိန္ဒိယနိုင်ငံမဟုတ်သော အခြားသောနိုင်ငံများသို့ ပဲစင်းငုံ တင်ပို့မည်ဆိုပါကလည်း ဝယ်လိုအားသည် အိန္ဒိယအောက် များစွာလျော့နည်းသဖြင့် စိုက်ပျိုးထုတ်လုပ်မှု များစွာတိုးတက်လာရေးအတွက် အားထားရသည့် ဈေးကွက်များဖြစ်လာမည်မဟုတ်ပေ။ ဈေးကွက်ကြီးဖြစ်သော အိန္ဒိယနိုင်ငံနှင့် အခြားဈေးကွက်ငယ်နိုင်ငံများတွင် ရောင်းချနိုင်ရေး၊ ဈေးကွက်ဝေစုပိုမိုရရှိရေးအတွက် ဆောင်ရွက်သင့်သည်များကို အောက်ပါအတိုင်း သုံးသပ်မိသည်။

- အိန္ဒိယနိုင်ငံဈေးကွက်အတွက် အိန္ဒိယနိုင်ငံနှင့် မြန်မာနိုင်ငံအစိုးရချင်း အရောင်းအဝယ်သဘောတူညီမှု ခိုင်ခိုင်မာမာထားရှိရန်နှင့် အိန္ဒိယနိုင်ငံကုမ္ပဏီများက မြန်မာနိုင်ငံအတွင်း ပဲစင်းငုံခွဲခြမ်းစက်ရုံများ ထူထောင်ခြင်း၊ ပဲစင်းငုံမျိုးထုတ်လုပ်ခြင်းနှင့် လာရောက်ရင်းနှီးမြှုပ်နှံခြင်း စသည်တို့ကို ပူးပေါင်းဆောင်ရွက်ရန်၊ ကုန်သည်ချင်း ပူးပေါင်းဆောင်ရွက်မည့်ကိစ္စများကို ပိုမိုဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ မလေးရှား၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ် စသောနိုင်ငံများသို့ ဈေးကွက်တိုးချဲ့ရေးကို သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် မြန်မာနိုင်ငံ ပဲ၊ ပြောင်း၊ နှမ်း ကုန်သည်အသင်းတို့က ပူးပေါင်းဆောင်ရွက်သွားရန် လိုအပ်ကြောင်း၊ ပြည်တွင်းစားသုံးမှုတိုးတက်လာရေးအတွက်လည်း အစိုးရနှင့် ပုဂ္ဂလိက ကုန်သည်အသင်းအဖွဲ့များ ပူးပေါင်းပြီး ဆောင်ရွက်သွားရန် လိုအပ်ကြောင်း သုံးသပ်မိသည်။

အထက်ပါအတိုင်း ဈေးကွက်လိုအပ်ချက်တိုးတက်လာအောင် ဆောင်ရွက်ပြီးမှသာ ဈေးကွက်မှ ဝယ်လိုအားတက်လာသည့်အပေါ်တွင် အခြေခံ၍ ပဲစင်းငုံ စိုက်ပျိုးထုတ်လုပ်မှု တိုးတက်အောင် ဆောင်ရွက်သွားသင့်သည်။ ပဲစင်းငုံစိုက်ပျိုးထုတ်လုပ်မှုတိုးတက်အောင် ဆောင်ရွက်ရာတွင် အထွက်ကောင်းသည့်မျိုးများကို ဖြန့်ဖြူးနိုင်ရေးသည်လည်း များစွာအရေးပါသော အချက်တစ်ခုဖြစ်သည်။

သို့ဖြစ်၍ ပြည်ပသို့ တင်ပို့မှုပြန်လည်များပြားလာသော ပဲစင်းငုံအတွက် ပိုမိုစိုက်ပျိုးနိုင်ရေးကို ဈေးကွက်နှင့် ချင့်ချိန်ရမည်ဖြစ်သဖြင့် အစိုးရဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များနှင့် တောင်သူများ ပူးပေါင်းကာ ဈေးကွက်ကြီးဖြစ်သော အိန္ဒိယနိုင်ငံကို ခိုင်မာသောဈေးကွက်ဖြစ်လာစေရေးအတွက် ကြိုးပမ်းသွားရမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။

❖ ပဲစင်းငုံကို တင်ပို့ရန်အတွက် တိုးချဲ့စိုက်ပျိုးထုတ်လုပ်မည်ဆိုပါက Value Chain အရ ဈေးကွက်က တောင်းဆိုသလောက်ကိုသာ စိုက်ပျိုးထုတ်လုပ်သင့်သည်။ လက်ရှိ စိုက်ပျိုးထုတ်လုပ်မှုသည် တန်ချိန် ငါးသိန်းကျော်ပြီး တင်ပို့မှုမှာ နှစ်စဉ်ထုတ်လုပ်မှု၏ ၃၀ ရာခိုင်နှုန်းမှ ၄၀ ရာခိုင်နှုန်းခန့်ကိုသာ တင်ပို့နိုင်သည်ကို တွေ့ရသည်။ ပြည်တွင်း၌ ပဲစင်းငုံ စားသုံးမှုနည်းပါးသဖြင့် စိုက်ပျိုးထုတ်လုပ်နိုင်သည်ဟု ဖော်ပြထားသော ကိန်းဂဏန်းအချက်အလက်များ၊ အထွက်နှုန်းများအတိုင်း အမှန်ထွက်ရှိမှုရှိ၊ မရှိကို ထည့်သွင်းစဉ်းစားရမည်ဖြစ်သည်။ ❖

# ၂၀၂၃ ခုနှစ် (၇၆)နှစ်မြောက် ပြည်ထောင်စုနေ့ အမျိုးသားရေးဦးတည်ချက်များ

(၁) တိုင်းရင်းသားစည်းလုံးညီညွတ်မှု ထာဝစဉ်တည်တံ့ရေးနှင့် ပြည်ထောင်စုကြီး ထာဝရတည်တံ့ခိုင်မြဲအောင် ပြည်တွင်းအင်အားဖြင့် ကြိုးပမ်းတည်ဆောက်ရေး။

(၂) ရေရှည်တည်တံ့သော ထာဝရငြိမ်းချမ်းရေးရရှိအောင် တိုင်းရင်းသားလူမျိုးများ အားလုံး ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

(၃) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံစေရေး အမျိုးသားရေး လုပ်ငန်းစဉ်(၂)ရပ် အောင်မြင်စေရေး ပြည်ထောင်စုစိတ်ဓာတ်ဖြင့် တက်ညီ လက်ညီ လက်တွဲဆောင်ရွက်ရေး။

(၄) ပြည်နယ်နှင့် တိုင်းဒေသကြီးအားလုံး တစ်ပြေးညီဖွံ့ဖြိုးတိုးတက်ရေးနှင့် တစ်မျိုးသားလုံး ကျန်းမာ၊ ကြံ့ခိုင်ပြီး အလုပ်အကိုင်အခွင့်အလမ်းများ တိုးတက်အောင် ဆောင်ရွက်ပေးရေး။

(၅) တိုင်းရင်းသားညီအစ်ကိုမောင်နှမများ၏ ရင်းနှီးချစ်ကြည်မှု၊ စည်းလုံးညီညွတ်မှု၊ စုစည်းလုပ်ဆောင်မှုတို့ဖြင့် စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီ စနစ်ကိုကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်ရေး။

## ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၈၀၆၈၇ ဧက စိုက်ပျိုးနိုင်ခဲ့

**ဝက်လက် ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင် ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၈၀၆၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဝက်လက်မြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆီထွက်သီးနှံစုံ ၁၂၆၀၈၄ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၈၀၆၈၇ ဧက စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

“ဝက်လက်မြို့နယ်မှာ ဆောင်းသီးနှံစိုက်ပျိုးချိန် ဆီထွက်သီးနှံစုံ ဧက ၁၀၀၀၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ လက်ရှိ ဆီထွက်သီးနှံစုံဧက ၈၀၀၀၀ ကျော်လောက်ပဲ စိုက်ပျိုးနိုင်ခဲ့ပါတယ်။ ဆီထွက်သီးနှံစိုက်ပျိုးမှုကတော့ ကောင်းမွန်ပါတယ်”ဟု ဝက်လက်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ကြင်စန်းက ပြောပြသည်။

ဝက်လက်မြို့နယ်တွင် ဆီထွက်သီးနှံစုံစိုက်ပျိုးနိုင်မှုအနေဖြင့် မြေပဲ ၁၄၆၈၉ ဧက၊ နှမ်း(ဆောင်း) ၆၁၅၅၉ ဧက၊ နေကြာ ၄၄၃၉ ဧက စုစုပေါင်း ၈၀၆၈၇ ဧကတို့ဖြစ်ကြောင်း သိရသည်။

ဝက်လက်မြို့နယ်တွင် ဆီထွက်သီးနှံစုံစိုက်ပျိုးမည့် တောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် မျိုးကောင်းမျိုးသန့်များ စိုက်ပျိုးရန်၊ သီးထပ်သီးညှပ်များဖြင့် ဆီထွက်သီးနှံများကို စိုက်ပျိုးထုတ်လုပ်ရန်အတွက် နည်းပညာများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)



## မိုးနဲမြို့နယ် ဟွေပေါးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု ကွင်းဆင်းစစ်ဆေး

**မိုးနဲ ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟွေပေါးကျေးရွာ၌ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေဖြင့် အကောင်အထည်ဖော် ဆောင်ရွက်သည့် ကုန်ထုတ်လမ်း(အပိုင်း-၁) ဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်၊ မိုးနဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အိအိမွန်နှင့် ဝန်ထမ်းများက ဟွေပေါးကျေးရွာ၌ ကုန်ထုတ်လမ်း (အပိုင်း-၁) ဖောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် မှာကြားသည်။

မိုးနဲမြို့နယ် ဟွေပေါးကျေးရွာ၌ အရှည် ၆ ဒသမ ၅ ဖာလုံ၊ အကျယ် ၁၂ ပေနှင့် အမြင့် ကိုးလက်မရှိ ကုန်ထုတ်လမ်း(အပိုင်း-၁) ဖောက်လုပ်မှုကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ပြည်နယ်ခွင့်ပြုရန်ပုံငွေ ကျပ် ၃၂ ဒသမ ၁၈ သန်းဖြင့် တင်ဒါအောင်မြင်သည့် ဆိုင်ဝေါ်င်းလှိုင်းကုမ္ပဏီက ၂၀၂၂ ခုနှစ် ဌနိ ၁၆ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်ကြောင်း လင်းခေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးလှမျိုးအောင်က ပြောပြ၍ သိရသည်။

**မင်းမြင့်မိုရ်**

## သည်ချိန်ယံတပို့တွဲ နွဲ့လိုက်ကြစို့

\- ကုံရာသီတပို့တွဲပေမို့
စုံစွာညီကိုနဲ့ နွဲ့ရအောင်
ထမနဲဆိုမီးပုံပွဲကို သူလဲလေလိုက်ခဲ့တယ်။

\- ပေါက်လဲသည်လက်ပံနဲ့
ပင်ထက်ယံတောဆက်ရက်ကယ်တို့
ဆူဆူညံနိုးထလို့သက်ပြန်တော့
လက်ဝဲရံအရှင်မောဂ္ဂလ္လာန်နဲ့
လက်ယာရံအရှင်သာရိတို့
မြတ်လှသည့်တေဒဂ်ဘွဲ့ရခဲ့ကြတယ်၊

\- ဟေမန်ဆောင်းလယ်မို့
ချမ်းမြေ့ဖွယ်ပါတီမောက်
ဟောရောက်တဲ့သည်ခါဝယ် နာခံမယ်အထူး၊

\- စန်းနဲ့ရယ်ယှန်ငွေလက
နက္ခတ်ဆိုကိုမာဃနဲ့
ယှဉ်တွဲကာအလင်းဆောင်တော့
ခွင်းမှောင်ကာသာမဆုံး ပြုံးပျော်ကြဦး။

\- တို့တိုင်းပြည်လွတ်လပ်ရေးတွက်
ပေါ်ထွက်ညီပင်လုံပွဲနဲ့
တပို့တွဲမှာ ပြည်ထောင်စု
ပေါင်းစုလို့ပေါ်ပေါက်လာ
ဘယ်ခါမှတို့မခွဲတမ်း၊

\- ထန်းယဉ်နင်းသည်လမှာ
ရခိုင်ရိုးရာရထားဆွဲတော့
နှင်းမကွဲအအေးထပ်သမို့
နွေးတတ်အောင်မီးပင်လှူရ
ဗုဒ္ဓလိုမြတ်အရှင်သော်မှ
အေးလုံချင်လက်မီးကင်သတဲ့
စိတ်ကူးယဉ်ဘယ်မဟုတ်ပါဘူး
သရုပ်တကယ်မှန်တဲ့
သည်ချိန်ယံတပို့တွဲကို
(ကွယ်)နွဲ့ပျော်လိုက်စမ်း။ ။

**ဘိုမျိုး(ရွှေဘို)**

## ကိုဗစ်-၁၉ ရောဂါကူးစက်မှုမှ ကာကွယ်နိုင်ရန်

- Home Stay နေထိုင်ပါ။ တစ်ကိုယ်ရေသန့်ရှင်းရေး၊ နေအိမ်နှင့်ပတ်ဝန်းကျင်သန့်ရှင်းရေးတို့ကို အလေးထား ဆောင်ရွက်ပါ။
- မကြာခဏထိတွေ့အသုံးပြုတဲ့ စားပွဲ၊ တံခါးလက်ကိုင်၊ ဖုန်း၊ လေ့ကားလက်ရန်း၊ စသည်တို့ကို Alcohol ၇၀ ရာခိုင်နှုန်းပါဝင်သော ပိုးသန့်စင်ဆေးရည်ဖြင့် မကြာခဏ ဆေးကြောပါ။

## နိုင်ငံတကာ သတင်းများ

# ဝန်ကြီးချုပ်မိုဒီ၏အိမ်ဖြူတော်ခရီးစဉ်အတွက် အမေရိကန်နှင့် အိန္ဒိယနိုင်ငံတို့ ညှိနှိုင်းနေ

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

အိန္ဒိယဝန်ကြီးချုပ် မိုဒီ အိမ်ဖြူတော်သို့ လာရောက်ရေးအတွက် အမေရိကန်နှင့်အိန္ဒိယနှစ်ဖက် တာဝန်ရှိသူများကြား ဆွေးနွေးညှိနှိုင်းနေကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ဖော်ပြခဲ့သည်။

အမေရိကန်အစိုးရတာဝန်ရှိသူတစ်ဦး၏ အဆိုအရ အိန္ဒိယဝန်ကြီးချုပ် မိုဒီသည် ယခုနှစ်ကုန်ပိုင်းတွင် အိမ်ဖြူတော်သို့ လာရောက်နိုင်ကြောင်း သိရသည်။

လက်ရှိအချိန်တွင် ယင်းခရီးစဉ်အတွက် အမေရိကန်နှင့်အိန္ဒိယတာဝန်ရှိသူများ ဆွေးနွေးညှိနှိုင်းနေကြောင်း အမေရိကန်တာဝန်ရှိသူများက ထုတ်ဖော်ပြောကြားခဲ့သည်။

အိန္ဒိယဝန်ကြီးချုပ် မိုဒီ၏ ဝါရှင်တန် ခရီးစဉ်သတင်းနှင့်ပတ်သတ်၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဌာနနှင့်ဝါရှင်တန်ရှိ အိန္ဒိယသံရုံးတို့က တစ်စုံတစ်ရာထုတ်ဖော်ပြောကြားခြင်း မရှိသေးကြောင်း သိရသည်။

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်သည် အင်ဒို-ပစိဖိတ်ဒေသ၌ တရုတ်နိုင်ငံ၏ဩဇာကျယ်ပြန့်လာမှုကို တားဆီးရေးအတွက် အိန္ဒိယနိုင်ငံနှင့် ဆက်ဆံရေးမြှင့်တင်ရန် ကြိုးစားလျက်ရှိသည်။

သမ္မတ ဂျိုးဘိုင်ဒင် အနေဖြင့် အိန္ဒိယနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပမည့် ဂျီ-၂၀ ထိပ်သီးညီလာခံအတွက် ယခုနှစ် စက်တင်ဘာလတွင် အိန္ဒိယသို့ သွားရောက်ဖွယ်ရှိကြောင်း သိရသည်။

KKO



# ရုရှားနှင့် နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှု ပိုမိုခိုင်မာလာကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောကြား



**ပေကျင်း ဖေဖော်ဝါရီ ၄**

တရုတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီး မာကျောက်ရှု၏ မော်စကိုခရီးစဉ်အပြီးတွင် ရုရှားနှင့်တရုတ်နိုင်ငံတို့ကြား နိုင်ငံရေးအရ အပြန်အလှန်ယုံကြည်မှု ပိုမိုခိုင်မာလာကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် ကြေညာချက်ထုတ်ပြန်ထားသည်။

တရုတ် ဒုတိယနိုင်ငံခြားရေးဝန်ကြီးမာကျောက်ရှုသည် ယခုရက်သတ္တပတ်အတွင်း ရုရှားနိုင်ငံသို့ သွားရောက်၍ ရုရှားနိုင်ငံခြားရေးဝန်ကြီး ဆာဂေးလက်ဗရော့ဗ်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် ရုရှားနှင့်တရုတ် မဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေးကို အကောင်အထည်ဖော်ရန် ဆန္ဒရှိသည်ဟု တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနကြေညာချက်၌ ဖော်ပြထားကြောင်း သိရသည်။

ဒုတိယ နိုင်ငံခြားရေးဝန်ကြီး မာကျောက်ရှုသည် ဖေဖော်ဝါရီ ၂ ရက်မှ ၃ ရက်ထိ ကြာမြင့်ခဲ့သော ရုရှားခရီးစဉ်အတွင်း ရုရှားဒုတိယနိုင်ငံခြားရေးဝန်ကြီးများနှင့်လည်း တွေ့ဆုံခဲ့ကြောင်း သိရသည်။

အမေရိကန် ဝေဟင်ပိုင်နက်အတွင်း တရုတ်သူလျှိုမိုးပျံပူဖောင်းဝင်ရောက်ခဲ့ပြီးနောက် တရုတ်-အမေရိကန် ဆက်ဆံရေးတင်းမာနေချိန်တွင် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန၏အဆိုပါကြေညာချက်ပေါ်ထွက်လာခဲ့ခြင်းဖြစ်သည်။

တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ မာကျောက်ရှုခရီးစဉ်ကြေညာချက်တွင်ယူကရိန်းပြဿနာကို ထည့်သွင်းဖော်ပြထားခြင်း မရှိကြောင်း သိရသည်။

KKO

# ပုပ်ရဟန်းမင်းကြီးခရီးစဉ်မတိုင်မီ တောင်ဆူဒန်၌ အကြမ်းဖက်မှုများကြောင့် လူ ၂၇ ဦး သေဆုံး

**ဂျူဘား ဖေဖော်ဝါရီ ၄**

ပုပ်ရဟန်းမင်းကြီး၏အာဖရိကခရီးစဉ်မတိုင်မီတောင်ဆူဒန်နိုင်ငံ၌ နွားမွေးမြူသူများနှင့်ပြည်သူ့စစ်များကြား လက်စားချေတိုက်ခိုက်မှုများကြောင့် လူပေါင်း ၂၇ ဦးသေဆုံးခဲ့ရကြောင်း ရိုက်တာသတင်းဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ဖော်ပြခဲ့သည်။

ရိုမန်ကတ်သလစ် ခရစ်ယာန်သာသနာပိုင် ပုပ်ရဟန်းမင်းကြီး ဖရန်စစ်၏ ခရီးစဉ်အတွက်ပြင်ဆင်နေချိန်မှာပင် လက်စားချေတိုက်ခိုက်မှုများကြောင့် တောင်ဆူဒန်၌ လူပေါင်း ၂၇ ဦး သေဆုံးခဲ့ရသည်။

ပုပ်ရဟန်းမင်းကြီး ဖရန်စစ်သည် ဖေဖော်ဝါရီ ၃ ရက်တွင် ကွန်ဂိုဒီမိုကရက်တစ်နိုင်ငံမှတစ်ဆင့် တောင်ဆူဒန်နိုင်ငံသို့ ရောက်ရှိနေပြီဖြစ်သည်။

ကွဲ၊ နွား မွေးမြူသူများနှင့် ပြည်သူ့စစ် လက်နက်ကိုင်များ အပြန်အလှန်လက်စားချေတိုက်ခိုက်မှုသည် တောင်ဆူဒန်အလယ်ပိုင်း အီကွေတိုရီယာပြည်နယ်၌ ဖေဖော်ဝါရီ ၂ ရက်တွင် ဖြစ်ပွားခဲ့သည်။

၂၀၁၈ ခုနှစ်တွင် ရယူခဲ့သော ငြိမ်းချမ်းရေး သဘောတူညီချက်အရ ပြီးခဲ့သည့်နှစ်များအတွင်း တောင်ဆူဒန်နိုင်ငံ၌ အကြမ်းဖက်တိုက်ခိုက်မှုများ ကျဆင်းလာသော်လည်း ပြိုင်ဘက်လူ့အဖွဲ့အစည်းများကြားတွင်မူ ပဋိပက္ခများ ပုံမှန်လိုလိုဖြစ်ပွားတတ်သည်။

တောင်ဆူဒန်နိုင်ငံ၌ စားကျက်မြေ၊ ရေအရင်းအမြစ်၊ စိုက်ပျိုးမြေနှင့်အခြားသဘာဝအရင်းအမြစ်များအတွက် အငြင်းပွားမှုများရှိနေသော နယ်မြေများ၌ အကြမ်းဖက်မှုများရှိနေဆဲဖြစ်ကြောင်းသိရသည်။ KKO

# အမေရိကန်ဝေဟင်မှ သူလျှိုမိုးပျံပူဖောင်းကိစ္စ တရုတ်ရှင်းလင်းချက်ထုတ်ပြန်

**ပေကျင်း ဖေဖော်ဝါရီ ၄**

အမေရိကန်နိုင်ငံ ဝေဟင်အတွင်း တရုတ်မိုးပျံပူဖောင်းတစ်လုံး ရောက်ရှိခဲ့မှုသည် မည်သူ့မျှ တာဝန်မခံနိုင်သည့် ကိစ္စမျိုးသာဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက ယနေ့တွင် သတင်းထုတ်ပြန်ထားသည်။

တရုတ်မိုးပျံပူဖောင်းဝင်ရောက်မှုကို အမေရိကန်နိုင်ငံအချုပ်အခြာပိုင်စိုးမှုအား ချိုးဖောက်မှုအဖြစ် အမေရိကန်အစိုးရက ဝေဖန်ခဲ့ပြီးနောက် တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာနက အဆိုပါအတိုင်းတုံ့ပြန်ခဲ့ခြင်းဖြစ်ကြောင်း ရိုက်တာသတင်းဌာနက ဖော်ပြခဲ့သည်။

တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာ ဥပဒေများကို အမြဲတမ်းလိုက်နာခဲ့ပြီး နိုင်ငံတိုင်း၏ အချုပ်အခြာ အာဏာပိုင်စိုးမှုကိုလည်း လေးစားကြောင်း တရုတ်နိုင်ငံခြားရေးဝန်ကြီးဌာန ပြောရေးဆိုခွင့်ရှိသူက ပြောကြားခဲ့သည်။

ထို့ပြင် မိုးလေဝသတိုင်းတာရေးနှင့်သိပ္ပံပညာစမ်းသပ်ရေး ရည်ရွယ်ချက်များအတွက် လွှတ်တင်ထားသည့် အဆိုပါမိုးပျံပူဖောင်းသည် အမေရိကန် ဝေဟင်အတွင်း ဝင်ရောက်မှုမှာ မည်သူ့မျှ တားဆီးထိန်းချုပ်နိုင်မည့် ကိစ္စမျိုး မဟုတ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန ကြေညာချက်တွင် ဖော်ပြခဲ့သည်။

အမေရိကန် ကာကွယ်ရေးဝန်ကြီးဌာနတာဝန်ရှိသူများ အဆိုအရ ၎င်းမိုးပျံပူဖောင်းသည် လမ်းကြောင်းပြောင်းပျံသန်းနိုင်စွမ်းရှိကြောင်း သိရသည်။

အဆိုပါ မိုးပျံပူဖောင်းပြဿနာကို အကြောင်းပြု၍ အမေရိကန်နိုင်ငံခြားရေးဝန်ကြီး အန်တိုနီဘလင်ကန်က ဖေဖော်ဝါရီ ၃ ရက်တွင်စတင်မည့် တရုတ်ခရီးစဉ်ကို ကာလရွှေ့ဆိုင်းခဲ့သည်။ KKO

# ဆော်ပေါ်လို လေယာဉ်တင်သင်္ဘောဟောင်းကို အတ္တလန္တိတ်သမုဒ္ဒရာအတွင်း ဘရာဇီးနစ်မြုပ်ဖျက်သိမ်း

**ဘရာစီးလီးယား ဖေဖော်ဝါရီ ၄**

ဘရာဇီးရေတပ်သည်တာဝန်မှ အနားပေးထားပြီး ဖြစ်သော ဆော်ပေါ်လိုအမည်ရှိ လေယာဉ်တင်သင်္ဘောဟောင်းကို ဖေဖော်ဝါရီ ၃ ရက်တွင် အတ္တလန္တိတ်သမုဒ္ဒရာအတွင်း နစ်မြုပ်ဖျက်သိမ်းခဲ့ကြောင်း အေအက်ဖ်ပီသတင်းဌာနက ဖော်ပြခဲ့သည်။



သက်တမ်းအားဖြင့် နှစ်ပေါင်း ၆၀ ရှိပြီဖြစ်သည့် ဆော်ပေါ်လို လေယာဉ်တင်သင်္ဘောကို နစ်မြုပ်ဖျက်သိမ်းတော့မည် ဖြစ်ကြောင်း ဘရာဇီးရေတပ်က ဖေဖော်ဝါရီ ၂ ရက်ကပင် ကြေညာထားသည်။

ဖေဖော်ဝါရီ ၃ ရက်တွင် ဘရာဇီးရေတပ်သည် ဆော်ပေါ်လို လေယာဉ်တင်သင်္ဘောကို ဘရာဇီးကမ်းရိုးတန်းနှင့်ကီလိုမီတာ ၃၅၀ ခန့်အကွာ အတ္တလန္တိတ်သမုဒ္ဒရာရေပြင်အတွင်း နစ်မြုပ်ခဲ့သည်။

ဆော်ပေါ်လို လေယာဉ်တင်သင်္ဘောအား နစ်မြုပ်ခဲ့သည့် အတ္တလန္တိတ်ရေပြင်သည် အနက်မီတာ ၅၀၀၀ထိရှိကြောင်း ဘရာဇီးရေတပ်သတင်း ထုတ်ပြန်ချက်၌ ဖော်ပြထားသည်။

အဆိုပါလေယာဉ်တင်သင်္ဘော၌ အဆိပ်အတောက်ရှိ ဓာတုပစ္စည်းများရှိနေသည်ဟု သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးအုပ်စုများက ကန့်ကွက်ခဲ့သော်လည်း ဘရာဇီးရေတပ်က ယင်းလေယာဉ်တင်သင်္ဘောကို နစ်မြုပ်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ဆော်ပေါ်လို လေယာဉ်တင်သင်္ဘောကို ပြင်သစ်နိုင်ငံ၌ ၁၉၅၀ ပြည့်နှစ်အတွင်း တည်ဆောက်ခဲ့ပြီး ပြင်သစ်ရေတပ်က ၃၇ နှစ်ကြာ အသုံးပြုခဲ့ကြောင်း သိရသည်။

KKO

# SCIENCE AND TECHNOLOGY

## ကြာသပတေးဂြိုဟ်က စနေဂြိုဟ်ကိုကျော်ဖြတ်၍ နေအဖွဲ့အစည်း၏ ဂြိုဟ်ရံလအများဆုံးဂြိုဟ်အဖြစ် မှတ်တမ်းဝင်ခဲ့



**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

ကြာသပတေးဂြိုဟ်သည် စနေဂြိုဟ်ကိုကျော်ဖြတ်၍ နေအဖွဲ့အစည်း၏ ဂြိုဟ်ရံလအများဆုံးဂြိုဟ်အဖြစ် မှတ်တမ်းဝင်ခဲ့ပြီဖြစ်ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၃ ရက်က ရေးသားတင်ပြထားသည်။

ဂြိုဟ်ရံလသစ် ၁၂ စင်းကို သိပ္ပံပညာရှင်များက ရှာဖွေတွေ့ရှိခဲ့ပြီးနောက် ကြာသပတေးဂြိုဟ်မှာ နေအဖွဲ့အစည်း၌ ဂြိုဟ်ရံလအများဆုံးဂြိုဟ်ဖြစ်လာရခြင်းဖြစ်သည်။

ဂြိုဟ်ရံလသစ်များ ထပ်မံတွေ့ရှိမှုကြောင့် ကြာသပတေးဂြိုဟ် ပိုင်ဆိုင်ထားသော ဂြိုဟ်ရံလစုစုပေါင်းမှာ ၉၂ စင်းထိ ရှိလာပြီဖြစ်ကြောင်း အမေရိကန် သိပ္ပံပညာရှင်များက ပြောကြားသည်။

ဂြိုဟ်ရံလသစ်များ ရှာဖွေတွေ့ရှိမှုနှင့်အတူ ကြာသပတေးဂြိုဟ် ပိုင်ဆိုင်ထားသည့် ဂြိုဟ်ရံလအရေအတွက်မှာ ၁၃ ရာခိုင်နှုန်းမြင့်တက်လာပြီး ဂြိုဟ်ရံလပိုင်ဆိုင်မှုအရ စနေဂြိုဟ်ကို ကျော်ဖြတ်ခဲ့ခြင်းဖြစ်သည်။

လက်ရှိအချိန်တွင် စနေဂြိုဟ်၏ ပတ်ပတ်လည်၌ ဂြိုဟ်ရံလပေါင်း ၈၃ စင်းထိ ရှာဖွေတွေ့ရှိထားကြောင်း သိရသည်။

သို့ရာတွင် စနေဂြိုဟ်၏ပတ်ပတ်လည်၌ အချင်း နှစ်မိုင်ထိရှိ အာကာသဒြပ်ထည် အများအပြားရှိနေဆဲဖြစ်ရာ ၎င်းအာကာသဒြပ်ထည်များထဲမှ ဂြိုဟ်ရံလသစ်ပေါ်ထွက်ခဲ့ပါက နေအဖွဲ့အစည်း၏ ဂြိုဟ်ရံလအများဆုံးဂြိုဟ်မှာ စနေဂြိုဟ် ပြန်ဖြစ်လာနိုင်ကြောင်း သိရသည်။

KKO


## နာဆာ၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လှေ့လာရေးယာဉ်က အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ဥက္ကာခဲတစ်ခဲ ရှာဖွေတွေ့ရှိထား

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

အမေရိကန်အစိုးရ အမျိုးသားလေကြောင်းနှင့်အာကာသစီမံခန့်ခွဲရေးအေဂျင်စီ(နာဆာ)၏ ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင် လှေ့လာရေးယာဉ်သည် အင်္ဂါဂြိုဟ်မျက်နှာပြင်ပေါ်၌ ဥက္ကာခဲတစ်ခဲရှာဖွေတွေ့ရှိထားကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၃ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါဥက္ကာခဲသည် အချင်း တစ်ပေခန့်ရှိပြီး သံ၊ သတ္တုများဖြင့် အဓိကဖွဲ့စည်းထားကြောင်း နာဆာ သိပ္ပံပညာရှင်များက ပြောကြားသည်။

ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လှေ့လာရေးယာဉ် တွေ့ရှိထားသည့် ဥက္ကာခဲကို ကာကူးဟူ၍ နာဆာသိပ္ပံပညာရှင်များက နာမည်ပေးထားသည်။



ကျူရီယိုစီတီအင်္ဂါဂြိုဟ်မျက်နှာပြင်လှေ့လာရေးယာဉ်သည် အချင်း ၉၆ မိုင်ကျယ်ဝန်းသော အင်္ဂါဂြိုဟ် ဂေးလ်ဥက္ကာချိုင့်ဝှမ်း နယ်မြေ၌ ၂၀၁၂ ခုနှစ်က ဆင်းသက်ခဲ့သည်။

ကျူရီယိုစီတီသည် ၂၀၁၄ ခုနှစ် ဇန်နဝါရီလမှစ၍ မောင့်ရှပ်အမည်ရှိ တောင်ကမူပေါ်သို့ စတင်ဝင်ရောက်လျက်ရှိကြောင်း၊ မောင့်ရှပ်တောင်ကမူသည် ဂေးလ်ဥက္ကာချိုင့်ဝှမ်းအထက်သို့ ၃ ဒသမ ၄ မိုင်ထိ မြင့်တက်နေသော တောင်ကမူဖြစ်ကြောင်း သိရသည်။

KKO

## ဝုဖ် ၁၀၆၉ ဘီ နေအဖွဲ့အစည်းပြင်ပဂြိုဟ်တစ်စင်းတည်ရှိမှုကို နိုင်ငံတကာသိပ္ပံပညာရှင်များ အတည်ပြုနိုင်ခဲ့

**ဘာလင် ဖေဖော်ဝါရီ ၄**

ဝုဖ် ၁၀၆၉ ဘီ အမည်ရှိ နေအဖွဲ့အစည်းပြင်ပ ဂြိုဟ်တစ်စင်းတည်ရှိမှုကို နိုင်ငံတကာသိပ္ပံပညာရှင်များက အတည်ပြုနိုင်ခဲ့ကြောင်း Space.com သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၃ ရက်က ရေးသားတင်ပြထားသည်။

အဆိုပါဂြိုဟ်သည် ကမ္ဘာမြေနှင့် အလင်းနှစ် ၃၁ နှစ်ကွာဝေးသော ဝုဖ် ၁၀၆၉ အမည်ရှိကြယ်ကို ဗဟိုပြုလှည့်ပတ်နေကြောင်း ဂျာမနီနိုင်ငံ မက်စ်ပလန့်အင်စတီကျူမှ သိပ္ပံပညာရှင်များက ပြောကြားသည်။

ဝုဖ် ၁၀၆၉ ဘီ ဂြိုဟ်သည် အရွယ်အစားအားဖြင့် ကမ္ဘာဂြိုဟ်ထက် အနည်းငယ်မျှသာ ကြီးမားသော ကျောက်သားဂြိုဟ်တစ်စင်းဖြစ်နိုင်ကြောင်း သိပ္ပံပညာရှင်များက ယူဆထားသည်။

၎င်းဂြိုဟ်သည် မိခင်ကြယ်ကို မနီးလွန်းမဝေးလွန်းသည့် ပတ်လမ်းနေရာမှ လှည့်ပတ်လျက်ရှိရာ ရေဓာတ်ကို အရည်ပုံစံဖြင့် ထိန်းထားနိုင်သော ဂြိုဟ်တစ်စင်းဖြစ်နေနိုင်ကြောင်း သိပ္ပံပညာရှင်များက ပြောကြားသည်။

ဝုဖ် ၁၀၆၉ ဘီ ဂြိုဟ်ကိုဗဟိုပြုလှည့်ပတ်နေသည့်ကြယ်မှာ နေထက်အဆများစွာ သေးငယ်သည်ဖြစ်ရာ ၎င်းဂြိုဟ်ရရှိသည့် နေရောင်ခြည်ပမာဏမှာ ကမ္ဘာမြေရရှိသော ပမာဏ၏ ၆၅ ရာခိုင်နှုန်းသာရှိကြောင်း သိရသည်။

သို့ရာတွင် အဆိုပါဂြိုဟ်သည် မိခင်ကြယ်နှင့် ဒြပ်ဆွဲအားအပြန်အလှန် သက်ရောက်နေမှုကြောင့် ဂြိုဟ်မျက်နှာပြင် တစ်ခြမ်းမှာ ထာဝရနေ့ကာလဖြစ်ပြီး ကျန်တစ်ခြမ်းမှာ ထာဝရ ညကာလဖြစ်နေသည်ဟု ဂျာမနီနိုင်ငံ မက်စ်ပလန့်အင်စတီကျူမှ သိပ္ပံပညာရှင်များက ပြောကြားကြောင်း သိရသည်။

KKO

# HEALTH

## သွားနှင့်ဦးနှောက် ကျန်းမာရေးဆက်စပ်နေဖွယ်ရှိပြီး သုတေသနပြုလုပ်ရန် လိုအပ်

**နယူးယောက် ဖေဖော်ဝါရီ ၄**

သွားများ၏ ကျန်းမာရေးသည် ဦးနှောက်ကျန်းမာရေးနှင့် ဆက်စပ်နေဖွယ်ရှိပြီး သုတေသနပြုလုပ်ရန် လိုအပ်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ Health Day News ဆေးပညာသတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၃ ရက်က ရေးသားတင်ပြထားသည်။

မျိုးဗီဇ ဖောက်ပြန်မှုကြောင့် သွားဖုံးပေါက်မှုများ၊ သွားတုတပ်ဆင်ရမှုများနှင့် သွားဆုံးရှုံးမှုများရှိလာနိုင်သူများ၌ ဦးနှောက်ကျန်းမာရေးကျဆင်းမည့် အလားအလာလည်းရှိနေနိုင်ကြောင်း အမေရိကန်နိုင်ငံ ယေးလ်တက္ကသိုလ်မှ သုတေသနပညာရှင်များက ပြောကြားသည်။

သို့ဖြစ်ရာ သွားကျန်းမာရေးသည် ဦးနှောက်ကျန်းမာရေးကို မြှင့်တင်ပေးနိုင်ကြောင်း ယတိပြတ် မပြောနိုင်သည့်တိုင် သုတေသနပြုလုပ်ရန် လိုအပ်သည့်ကိစ္စဖြစ်ကြောင်း သုတေသနပညာရှင်များက သုံးသပ်ထားသည်။

အမေရိကန် သုတေသနပညာရှင်များသည် လူပေါင်း ၄၀၀၀၀ ကျော်တို့ကို လေ့လာစောင့်ကြည့်ပြီးနောက် သွားကျန်းမာရေးနှင့် ဦးနှောက်ကျန်းမာရေးတို့ကြား အဆက်အစပ်ရှိနိုင်ကြောင်း တင်ပြခဲ့ကြခြင်းဖြစ်သည်။

သွားကျန်းမာရေး ညံ့ဖျင်းမှုကြောင့် လေဖြတ်နိုင်ခြေနှင့် နှလုံးရောဂါများဖြစ်နိုင်ခြေ ပိုမှန်ထက်မြင့်မားလာနိုင်ကြောင်း ဆေးပညာရှင်များက သိထားကြပြီးဖြစ်သည်။

သို့ရာတွင် မိမိတို့၏လေ့လာတွေ့ရှိချက်အရ သွားကျန်းမာရေးသည် ဦးနှောက်ကျန်းမာရေးနှင့်လည်း ဆက်စပ်နေနိုင်ကြောင်း အမေရိကန် သုတေသန ပညာရှင်များက ပြောကြားသည်။ KKO

## တရုတ်နံ့နံစေ့ဖြင့်ဖန်တီးထားသော ဆေးတစ်မျိုးက လေဖြတ်လူနာများနာလန်ထူရေး အထောက်အကူပေးနိုင်

**ပေကျင်း ဖေဖော်ဝါရီ ၄**

တရုတ်နံ့နံစေ့ဖြင့် ဖန်တီးထားသောဆေးတစ်မျိုးသည် လေဖြတ်လူနာများ နာလန်ထူရေးအတွက် အထောက်အကူပေးနိုင်ကြောင်း သုတေသနပညာရှင်များ၏အဆိုကို ကိုးကား၍ The Daily Mail သတင်းစာက ဖေဖော်ဝါရီ ၃ ရက်က ရေးသားတင်ပြထားသည်။

လက်တွေ့စမ်းသပ်မှုရလဒ်များအရ တရုတ်နံ့နံစေ့တွင် ပါဝင်သော ဓာတုဒြပ်ပေါင်းတစ်မျိုးဖြစ်သည့် Batylphthalide သည် လေဖြတ်ထားသူများ၏ အာရုံနာ့ဝ်ဆဲလ်ဝေဒနာများကို လျှော့ချပေးနိုင်သည်ဟု တရုတ်အမျိုးသား သုတေသနဌာနမှ သုတေသနပညာရှင်များက ပြောကြားကြောင်း သိရသည်။

တရုတ် သုတေသနပညာရှင်များသည် ဦးနှောက်သွေးကြောပိတ် လေဖြတ်မှုဖြစ်ပွားထားသော လူနာများကို Batylphthalide ဖြင့် ဖန်တီးထားသည့် ဆေးများဖြင့် စမ်းသပ်ကုသခဲ့ပြီးနောက် ၎င်းတို့၏ တွေ့ရှိချက်ကို တင်ပြခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

အကယ်၍ Batylphthalide ဓာတုဒြပ်ပေါင်း၏ အာနိသင်ကို လက်တွေ့စမ်းသပ်မှုများ ထပ်မံလုပ်ဆောင်၍ အတည်ပြုနိုင်ခဲ့ပါက ၎င်းဓာတုဒြပ်ပေါင်းသည် ဦးနှောက်သွေးကြောပိတ် လေဖြတ်မှုများအတွက် ကုထုံးဖြစ်လာနိုင်ကြောင်း တရုတ်သုတေသန ပညာရှင်များက ပြောကြားသည်။

ကြွက်များဖြင့် ပြုလုပ်ခဲ့သော စမ်းသပ်မှုများမှ ထွက်ပေါ်လာသော ရလဒ်များအရ Batylphthalide ဓာတုဒြပ်ပေါင်းသည် လေဖြတ်ပြီးနောက် ဦးနှောက်ပျက်စီးမှုကို ကာကွယ်နိုင်ကြောင်းလည်း သိရသည်။

KKO






# ချန်ပီယံလိဂ်ရှုံးထွက်ကစားမည့် ချဲလ်ဆီးအသင်းလူစာရင်းတွင် အူဘာမီယန်းနှင့် ဘာဒီယာရှီးတို့ ချန်လှပ်ခံရ



**လန်ဒန် ဖေဖော်ဝါရီ ၄**

ချဲလ်ဆီး အသင်းသည် ဇန်နဝါရီ အပြောင်းအရွှေ့ကာလတွင် ကစားသမားအများအပြား ခေါ်ယူခဲ့ပြီးနောက် ချန်ပီယံလိဂ် ယှဉ်ပြိုင်မည့် အသင်းလူစာရင်း ထုတ်ပြန်ခဲ့ရာ တိုက်စစ်မှူး အူဘာမီယန်းနှင့်ခံစစ်ကစားသမား ဘာဒီယာရှီးတို့ကို ချန်လှပ်ခဲ့ကြောင်း Chealseafc.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ချဲလ်ဆီးအသင်းက ထုတ်ပြန်ခဲ့သည့် ချန်ပီယံလိဂ်ရှုံးထွက်အဆင့် လူစာရင်းတွင် ဂိုးသမားများအဖြစ် ကီပါ၊ ဘက်တင်နယ်လီ၊ မန်ဒီ ခံစစ်ကစားသမားများအဖြစ် သီယာဂိုဆေးလ်ဗား၊ ချာလိုဘက်၊ ဘန်ချီဝဲလ်၊ ရီစ်ဂျိမ်း၊ ကူလီဘာလေ၊ အက်ပီလီကျူတာ၊ ကူကူရယ်လာ၊ ဖိုဖန်နာ၊ ကွင်းလယ်ကစားသမားများအဖြစ် အန်ဇိုဟာနန်ဒက်၊ ကန်တီ၊ ကိုဗာဆစ်၊ ပူလီဆစ်၊ လော့တက်ချိခ်၊ စတားလင်း၊ မေဆင်မောင့်၊ ဇာကာရီယာ၊ ဇီရက်ချ်၊ ဂယ်လာဟာ၊ ချူကွယ်မီကာ၊ တိုက်စစ် ကစားသမားများအဖြစ် ဂျာအိုဖီးလစ်၊ မက်ဒရိုင်းခ်နှင့် ကိုင်ဟာဗက်တို့ ပါဝင်ကြောင်း သိရသည်။

ချဲလ်ဆီးအသင်းသည်ဇန်နဝါရီ အပြောင်းအရွှေ့ကာလက စတာလင်ပေါင်သန်း ၃၀၀ နီးပါးအသုံးပြု၍ ကစားသမား ရှစ်ဦးထိ ခေါ်ယူခဲ့သော်လည်း ယူအီးအက်ဖ်အေ၏ စည်းမျဉ်းသတ်မှတ်ချက်အရ အသင်းတစ်သင်းလျှင် ကစားသမားသစ် သုံးဦးသာ ထပ်မံထည့်သွင်းခွင့်ရှိသောကြောင့် ခံစစ်ကစားသမား ဘက်ဒီယာရှီးကို ချန်လှပ်ခံခြင်းဖြစ်ပြီး တိုက်စစ်မှူး အူဘာမီယန်း အနေဖြင့် ခြေစွမ်းပိုင်းကျဆင်းနေသည့်အပြင် အသင်းနှင့် အဆင်မပြေမှုများကြောင့် ချန်ပီယံလိဂ် ကစားသမားစာရင်းမှ ချန်လှပ်ခံရခြင်းဖြစ်သည်။

ချဲလ်ဆီးအသင်းသည် ချန်ပီယံလိဂ် (၁၆) သင်းရှုံးထွက်အဆင့်တွင် ဒေါ့မွန်အသင်းနှင့် ယှဉ်ပြိုင်ရမည်ဖြစ်ကာ ပထမအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၁၆ ရက်တွင် အဝေးကွင်းတွင် လည်းကောင်း၊ ဒုတိယအကျော့ကို မတ် ၈ ရက်တွင် အိမ်ကွင်းတွင် လည်းကောင်း ယှဉ်ပြိုင် ကစားရမည်ဖြစ် ကြောင်း သိရသည်။ ML

# စာရွက်စာတမ်းနောက်ကျမှုကြောင့် ဂျူလီယန်၏ အပြောင်းအရွှေ့မအောင်မြင်ကြောင်း ဖီဖာပြောကြား

**ဇူးရစ် ဖေဖော်ဝါရီ ၄**

ဇန်နဝါရီ အပြောင်းအရွှေ့ကာလမပိတ်သိမ်းမီ အချိန်ပိုင်းအလိုတွင် ဘာစီလိုနာအသင်းက အမေရိကန်ကလပ် ဂလက်ဇီအသင်းမှ ဂျူလီယန်ကိုခေါ်ယူရန် ပြင်ဆင်ခဲ့ရာ စာရွက်စာတမ်းနောက်ကျခဲ့မှုများကြောင့် အပြောင်းအရွှေ့မအောင်မြင်ကြောင်း ဖီဖာက အတည်ပြုပြောကြားခဲ့သည်ဟု 90Min.com က ယနေ့တွင် ဖော်ပြခဲ့သည်။

ဘာစီလိုနာ အသင်းသည် ယခု အပြောင်းအရွှေ့ကာလတွင် ညာတောင်ပံခံစစ်ပိုင်းကို ထပ်မံဖြည့်တင်းလိုသောကြောင့် အပြောင်းအရွှေ့နောက်ဆုံးရက်တွင် ဂလက်ဇီအသင်းမှ ဂျူလီယန်ကို ကမ်းလှမ်းခဲ့ရာ သဘောတူညီမှုရရှိခဲ့သော်လည်း အပြောင်းအရွှေ့မပိတ်သိမ်းမီ ၁၈ စက္ကန့်အလိုတွင် ဂလက်ဇီအသင်း၏ အချက်အလက်များယွင်းမှုကြောင့် သတ်မှတ်ချိန်ကျော်လွန်မှသာ စာရွက်စာတမ်းကိစ္စများပြီးမြောက်ခဲ့သောကြောင့် ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ) က ဂျူလီယန်၏ အပြောင်းအရွှေ့ကို ပယ်ဖျက်ခဲ့ကြောင်း သိရသည်။

ထို့ကြောင့် ကလပ်အသင်းနှစ်ခုက ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်ထံ ဂျူလီယန်၏ အပြောင်းအရွှေ့အတွက် အယူခံတင်သွင်းခဲ့သော်လည်း ဥရောပကလပ်အသင်းများ၏ ကစားသမားအပြောင်းအရွှေ့တွင် ချမှတ်ထားသည့် မူဝါဒနှင့် ကိုက်ညီမှုမရှိသည့်အတွက် အယူခံတင်သွင်းမှုကို ငြင်းပယ်၍ ဘာစီလိုနာအသင်းနှင့် ဂျူလီယန်တို့၏ အပြောင်းအရွှေ့ကို ပယ်ဖျက်ခဲ့သည်ဟု ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ်က ပြောကြားခဲ့သည်။

ဂျူလီယန်သည် ပြီးခဲ့သည့် မေဂျာလိဂ် ဘောလုံးရာသီတွင် ဂလက်ဇီအသင်းအတွက် ပြိုင်ပွဲစုံ ၃၃ ပွဲတွင် ဂိုးဖန်တီးမှု ကိုးကြိမ်ထိ ပြုလုပ်နိုင်ခဲ့သကဲ့သို့ အသင်းနှင့် ပြိုင်ပွဲစုံ ပွဲပေါင်း ၁၀၂ ပွဲတွင် သွင်းဂိုးနှစ်ဂိုးနှင့် ဂိုးဖန်တီးမှုအကြိမ် ၂၀ ထိ ပြုလုပ်နိုင်ခဲ့ကြောင်း သိရသည်။ ML



# ၂၀၂၃ ခုနှစ် London Football Award ဆု ဆန်ခါတင်စာရင်းတွင် အာဆင်နယ်အသင်းကစားသမားများ ထိပ်ဆုံးမှဦးဆောင်

**လန်ဒန် ဖေဖော်ဝါရီ ၄**

London Football Award ဆုပေးပွဲကို နှစ်စဉ်မတ်လတွင် ကျင်းပလျက်ရှိရာ ယခုနှစ်အတွက် မတူညီသည့် အကောင်းဆုံး ကစားသမားဆု ဆန်ခါတင်စာရင်းများတွင် အာဆင်နယ်အသင်း ကစားသမားများက ထိပ်ဆုံးမှ ဦးဆောင်နေကြောင်း Dailycannon.com က ယနေ့တွင် ဖော်ပြခဲ့သည်။

အဆိုပါ ဆန်ခါတင်ကစားသမားစာရင်းတွင် ပရီးမီးယားလိဂ်တစ်နှစ်တာ အကောင်းဆုံး ကစားသမားစာရင်း၌ အာဆင်နယ်မှ ဆာကာ၊ အိုဒီဂတ်၊ ဘရန့်ဖို့ဒ်မှ တိုနေး၊ စပါးမှ ဟယ်ရီကိန်း၊ ဖူလ်ဟမ်မှ မက်ထရိုဗစ်တို့ပါဝင်ကာ တစ်နှစ်တာ အကောင်းဆုံး သွင်းဂိုး စာရင်းတွင် စပါးမှ ဆွန်ဟောင်မင်၊ ပဲလေ့စ်မှ အိုလစ်၊ ဝက်ဖို့ဒ်မှအစ္စမာလီယာဆာ၊ လေတန်အသင်းမှ ပေါလ်ဆန်တို့ ပါဝင်လျက်ရှိသည်။

တစ်နှစ်တာ အကောင်းဆုံး ဂိုးသမားစာရင်းတွင် အာဆင်နယ်အသင်းမှ အာရွန်ရမ်ဒေး၊ ဘရန့်ဖို့ဒ်မှ ရာယာ၊ ဖူလ်ဟမ်မှ လီအို၊ ချဲလ်ဆီးမှ ကီပါ၊ လေတန်မှ လူးရန့်နှင့် တစ်နှစ်တာ အကောင်းဆုံး နည်းပြစာရင်းတွင် အာဆင်နယ်မှ အာတီတာ၊ လေတန်မှ ဝဲလ်လန်း၊ ချဲလ်ဆီး အမျိုးသမီးအသင်းမှ ဟေးရက်၊ ဘရန့်ဖို့ဒ်မှ သောမတ်ဖရန့်၊ ဖူလ်ဟမ်မှ မာကိုးစ်ဆေးလ်၊ တစ်နှစ်တာ လူငယ်အကောင်းဆုံး ကစားသမားစာရင်း၌ အာဆင်နယ်မှ ဆာကာ၊ ပဲလေ့စ်မှ အိုလစ်၊ အာဆင်နယ်မှ ဂါဘရီရယ်၊ ဆာလီဘာ၊ မီဝေါလ်မှ မစ်ချဲလ်၊ တစ်နှစ်တာ အမျိုးသမီးအကောင်းဆုံး ကစားသမားစာရင်းတွင် အာဆင်နယ်မှ ဘက်မီယာ၊ ကင်လစ်တယ်၊ ချဲလ်ဆီးမှ ဆမ်ခါနှင့် ဘရိုက်၊ ဝက်စ်ဟမ်းမှ ဒက်ဂနီတို့ ပါဝင်နေသည်။

အဆိုပါ ဆုများကို လန်ဒန်မြို့ ကလပ်အသင်းများ ဖြစ်သည့် ဝင်ဘယ်တန်၊ အာဆင်နယ်၊ ဘရန့်ဖို့ဒ်၊ ချာတန်၊ ချဲလ်ဆီး၊ ပဲလေ့စ်၊ ဖူလ်ဟမ်၊ လေတန်၊ လန်ဒန်ဘီးစ်၊ လန်ဒန်စီးတီး၊ မီဝေါလ်၊ ကျူပီအာ၊ ဆောက်သမ်း၊ စပါး၊ ဝက်ဖို့ဒ်၊ ဝက်ဟမ်းအသင်းတို့မှ ကစားသမားများနှင့်နည်းပြများကို ရွေးချယ်ပေးအပ်လေ့ရှိပြီး လာမည့်မတ် ၁၃ ရက်တွင် ကျင်းပမည်ဖြစ်သည်။ ML

| | | | | |
|---|---|---|---|---|
| **ပရီးမီးယားလိဂ် ပွဲစဉ် (၂၂) ရလဒ်** | | | | |
| အဲဗာတန် | ၁ | - | ၀ | အာဆင်နယ် |
| အေဗီလာ | ၂ | - | ၄ | လက်စတာ |
| ဘရန့်ဖို့ဒ် | ၃ | - | ၀ | ဆောက်သမ်တန် |
| ဘရိုက်တန် | ၁ | - | ၀ | ဘုန်းမောက် |
| မန်ယူ | ၂ | - | ၁ | ပဲလေ့စ် |
| ဝုဗ် | ၃ | - | ၀ | လီဗာပူး |

(ဝ၄ဝ)

## အားကစားသတင်း အတိုအထွာများ

- ဆော်ဒီအမှတ်ပေးပြိုင်ပွဲတွင် အယ်နာဆာအသင်းအတွက် စီရော်နယ်ဒို ပထမဆုံးဂိုးသွင်းယူနိုင်ခဲ့သော်လည်း အသင်းအနေဖြင့် အယ်ဖာတက်ခ်အသင်းကို နှစ်ဂိုးစီသရေရလဒ် ထွက်ပေါ်ခဲ့ကြောင်း သိရသည်။
- အမှတ်ပေးဇယားအဆင့်(၉)တွင် ရောက်ရှိနေသည့် ချဲလ်ဆီးအသင်းက ဖူလ်ဟမ်အသင်းကို အိမ်ကွင်းတွင် သရေရလဒ်သာ ကစားနိုင်ခဲ့သော်လည်း ရာသီပြီးဆုံးချိန်တွင် အဆင့် (၄) အတွင်း ဝင်ရောက်နိုင်ကြောင်း နည်းပြဂရာဟမ်ပေါ်တာ ပြောကြားခဲ့သည်။ ML

# လိုင်ယွန်အိုးပင်းတင်းနစ်ပြိုင်ပွဲဆီမီးဖိုင်နယ်အဆင့်သို့ ကာရိုလိုင်းဂါစီယာ တက်ရောက်

**လိုင်ယွန် ဖေဖော်ဝါရီ ၄**

ပြင်သစ်နိုင်ငံ လိုင်ယွန်မြို့တွင် ကျင်းပနေသည့် လိုင်ယွန်အိုးပင်းတင်းနစ်ပြိုင်ပွဲ၏ ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်တစ်ပွဲအဖြစ် ပြင်သစ်တင်းနစ်မယ် ကာရိုလိုင်းဂါစီယာနှင့် အီတလီတင်းနစ်မယ် ပါအိုလီနီတို့ယှဉ်ပြိုင်ကစားခဲ့ရာ ကာရိုလိုင်းဂါစီယာက (၇-၅၊ ၇-၅) ရလဒ်ဖြင့် အနိုင်ရရှိကာ ဆီမီးဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ကြောင်း France24 သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ယင်းပွဲစဉ်သည် အကြိတ်အနယ်ရှိသည့် ပွဲစဉ် တစ်ပွဲဖြစ်ခဲ့ပြီး ပွဲငယ်နှစ်ပွဲစလုံးတွင် Tie-break အဆင့်ထိ ကစားခဲ့ရသည့်အတွက် ပွဲကစားချိန်မှာလည်း ၁ နာရီ ၄၅ မိနစ်ထိ ကြာမြင့်ခဲ့သည်။

ကာရိုလိုင်းဂါစီယာသည် လိုင်ယွန်အိုးပင်းတင်းနစ်ပြိုင်ပွဲတွင် နိုင်ငြေအဆင့် (၁)အဖြစ် သတ်မှတ်ခံထားရသည့် ပြိုင်ပွဲဝင်တစ်ဦးဖြစ်သလို ပြိုင်ပွဲ၏ သံတမန်အဖြစ်လည်း ခန့်အပ်ခြင်းခံထားရသူ ဖြစ်သည်။

ကာရိုလိုင်းဂါစီယာက "မွေးရပ်မြေမှာကစားရတဲ့ ပြိုင်ပွဲဖြစ်သလို ပြင်သစ် ပရိသတ်ရှေ့မှောက်မှာ ယှဉ်ပြိုင်ကစားရတဲ့ ပြိုင်ပွဲဖြစ်တဲ့အတွက် အောင်မြင်မှုရချင်တယ်။ ဆီမီးဖိုင်နယ်အဆင့်ထိ တက်ရောက်ခွင့်ရလာခဲ့တဲ့အတွက် နောက်ဆုံးပွဲစဉ်ထိရောက်အောင် အကောင်းဆုံး ကြိုးစားသွားမယ်။ ပြိုင်ပွဲတစ်လျှောက် အားပေးခဲ့ကြတဲ့ ပရိသတ်တွေကိုလဲ ကျေးဇူးတင်ပါတယ်"ဟု ပြောကြားခဲ့သည်။




ကာရိုလိုင်းဂါစီယာသည် ဆီမီးဖိုင်နယ်အဆင့်တွင် ကိုလံဘီယာ တင်းနစ်မယ် အိုဆိုရီယိုနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ AZL

## အစ္စတန်ဘူလ်အသင်းနှင့် စာချုပ်ဖျက်သိမ်း၍ ကစားသမားဘဝမှ အနားယူမည်ဟု အိုဇေးလ်ပြောကြား




**အစ္စတန်ဘူလ် ဖေဖော်ဝါရီ ၄**

ရီးရဲလ်မက်ဒရစ် အသင်းနှင့် အာဆင်နယ် အသင်းတို့တွင် အောင်မြင်မှုများရရှိခဲ့သည့် ဝါရင့်ကွင်းလယ်ကစားသမား အိုဇေးလ်သည် တူရကီကလပ် အစ္စတန်ဘူလ်အသင်းနှင့် စာချုပ်ဖျက်သိမ်းပြီး ပရော်ဖက်ရှင်နယ် ကစားသမားဘဝမှ အနားယူတော့မည်ဖြစ်ကြောင်း Talk Sport သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၃၄ နှစ်ရှိ အိုဇေးလ်သည် ရီးရဲလ်မက်ဒရစ်အသင်းတွင် ၂၀၁၀ ပြည့်နှစ်မှ ၂၀၁၃ ခုနှစ်ထိကစားပြီး ဆုဖလားများစွာရရှိခဲ့သကဲ့သို့ အောင်မြင်မှုများရရှိခဲ့ပြီးနောက် ၂၀၁၃ ခုနှစ်က ရီးရဲလ်မက်ဒရစ်အသင်းမှ အာဆင်နယ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သူဖြစ်သည်။

အိုဇေးလ်သည် အာဆင်နယ်အသင်းတွင်အစောပိုင်းနှစ်များက အဓိက ကစားသမားအဖြစ် ဘောလုံးရာသီတိုင်း ပါဝင်ခွင့်ရရှိခဲ့သော်လည်း အာဆင်နယ်အသင်းကို လက်ရှိနည်းပြ အာတီတာကိုင်တွယ်ခဲ့သည့်အချိန်ထိတွင် အသင်းမှတာဝန်ရှိသူများ၊ အသင်းနည်းပြ အာတီတာနှင့်ဆက်ဆံရေးမပြေလည်မှုများကြောင့် ၂၀၂၁ ခုနှစ်က အာဆင်နယ်အသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့သူဖြစ်သည်။

အိုဇေးလ်သည် အာဆင်နယ်အသင်းနှင့် စာချုပ်ဖျက်သိမ်းခဲ့ပြီးနောက် တူရကီထိပ်တန်းကလပ် ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီး ဖီနာဘာချီအသင်းတွင်လည်း အသင်းနည်းပြနှင့် ဆက်ဆံရေးမပြေလည်မှုများကြောင့် တစ်နှစ်သာကစားခဲ့ပြီး ၂၀၂၂ ခုနှစ် ဇူလိုင်လက အစ္စတန်ဘူလ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့ခြင်းဖြစ်သည်။

အိုဇေးလ်သည် ယခုနှစ်ဘောလုံးရာသီတွင် အစ္စတန်ဘူလ်အသင်းသို့ ပြောင်းရွှေ့ကစားခဲ့သော်လည်း ခြေစွမ်းပြသနိုင်ခြင်းမရှိခဲ့ဘဲ လေးပွဲသာပါဝင်ကစားခွင့်ရရှိခဲ့ကာ အစ္စတန်ဘူလ်အသင်းက စာချုပ်ဖျက်သိမ်းရန် ဆွေးနွေးခဲ့ကာ အိုဇေးလ်ကိုယ်တိုင်ကလည်း သဘောတူညီခဲ့သည့်အတွက် စာချုပ်ဖျက်သိမ်းပြီးနောက် ပရော်ဖက်ရှင်နယ်ကစားသမားဘဝမှ အနားယူရန် ပြင်ဆင်နေကြောင်း သိရသည်။

STA

## AT&T Pebble Beach Pro-Am ပြိုင်ပွဲ အမှတ်ပေးဇယားကို ကီတာယာမာ ဦးဆောင်

**ကယ်လီဖိုးနီးယား ဖေဖော်ဝါရီ ၄**

အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယား ပြည်နယ်တွင် ကျင်းပနေသည့် AT&T Pebble Beach Pro-Am ဂေါက်သီးရိုက်ပြိုင်ပွဲဒုတိယနေ့အပြီးတွင် အမေရိကန်ဂေါက်သီးရိုက်ကစားသမား ကီတာယာမာက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ကိုးချက်လျှော့ရိုက်ကာ အမှတ်ပေးဇယားကို ဦးဆောင်နေကြောင်း PGA က ယနေ့တွင် ဖော်ပြခဲ့သည်။

ပထမနေ့တွင် အမှတ်ပေးဇယားကို ဦးဆောင်နိုင်ခဲ့သည့် အမေရိကန်ဂေါက်သီးရိုက် ကစားသမား လီဘိုင်အိုဒါအပါအဝင် ပြိုင်ပွဲဝင်လေးဦးက စုစုပေါင်း သတ်မှတ်ရိုက်ချက်ထက် ရှစ်ချက်စီလျှော့ရိုက်ကာ အမှတ်ပေးဇယား၏ ဒုတိယနေရာတွင် ပူးတွဲရပ်တည်နေပြီး ပြိုင်ပွဲဝင်များကြား ရိုက်ချက်ကွာဟမှု ကျဉ်းမြောင်းနေသည်။

ကီတာယာမာအနေဖြင့် အမှတ်ပေးဇယားကို ဦးဆောင်ထားနိုင်သော်လည်း ဒုတိယနေ့တွင် ရလဒ်ပိုင်းက ပထမနေ့လောက် မကောင်းခဲ့ကြောင်း သိရသည်။

သို့သော်လည်း လီဘိုင်အိုဒါသည် ဒုတိယနေ့အတွက် သတ်မှတ်ထားသည့် ရိုက်ချက်အတိုင်းသာ ရိုက်နိုင်ခဲ့ခြင်းကြောင့် ကီတာယာမာက အမှတ်ပေးဇယားကို ဦးဆောင်ခွင့်ရခဲ့ခြင်းဖြစ်သည်။

ကီတာယာမာ အနေဖြင့် ဒုတိယနေ့တွင် ရလဒ်ပိုင်းတိုးတက်လာခဲ့ခြင်းမရှိသော်လည်း အမှတ်ပေးဇယားအား ဦးဆောင်ခွင့်ရထားသည့်အခြေအနေပေါ် ကျေနပ်ကြောင်း ပြောကြားခဲ့သည်။

ကီတာယာမာက "ရလဒ်ပိုင်းနဲ့ ကစားပုံမှာ ဒုတိယနေ့က ပထမနေ့လောက် မကောင်းခဲ့ပါဘူး။ ဒုတိယနေ့က ကစားရတာပိုပြီးတော့ ခက်ခဲတယ်။ ပြိုင်ပွဲဝင်တွေ တော်တော်များများလဲ ရလဒ်ကောင်းဖို့ ကြိုးစားရုန်းကန်ခဲ့ရပါတယ်။ ရလဒ်ကောင်းဖို့ ရုန်းကန်ခဲ့ရတယ်ဆိုပေမဲ့လဲ ဒုတိယနေ့အပြီး အမှတ်ပေးဇယားထိပ်မှာ ရပ်တည်နိုင်ခဲ့လို့ ကျေနပ်ပါတယ်။ အကောင်းဆုံး ကြိုးစားခဲ့တဲ့အတွက် ဘယ်လိုရလဒ်ပဲ ထွက်ပေါ်ခဲ့ပါစေ ကျေနပ်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။



AZL

## လူငယ်ကစားသမား ဂရင်းဝုဒ် တရုတ်ကလပ်အသင်းများသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်

**မန်ချက်စတာ ဖေဖော်ဝါရီ ၄**

မန်ယူအသင်း လူငယ်တောင်ပံကစားသမား ဂရင်းဝုဒ်သည် အမှုရင်ဆိုင်နေရာမှ လွတ်မြောက်ခဲ့သော်လည်း မန်ယူအသင်းတွင် ကစားခွင့်ရရှိရန် မရေမရာဖြစ်နေသည့်အတွက် တရုတ်စူပါလိဂ်ကလပ်အသင်း တစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်လျက်ရှိနေသည်ဟု မန်ချက်စတာ ညနေခင်းသတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

အသက် ၂၁ နှစ်ရှိ ဂရင်းဝုဒ်သည် ကစားသမားဘဝအစပိုင်းက မန်ယူအသင်းတွင် အကောင်းဆုံး ခြေစွမ်းပြသနိုင်ခဲ့ပြီး အလားအလာကောင်းရှိနေသည့် လူငယ်တစ်ဦးအဖြစ် သတ်မှတ်ခံထားရသော်လည်း ပြီးခဲ့သည့်ဘောလုံးရာသီက ၎င်းနှင့်အတူနေချစ်သူအပေါ်တွင် ကိုယ်ထိလက်ရောက်ကျူးလွန်မှုများကြောင့် ထိန်းသိမ်းခံခဲ့ရပြီး အမှုရင်ဆိုင်ခဲ့ရခြင်းဖြစ်သည်။

မန်ယူအသင်းကလည်း ဂရင်းဝုဒ်ကို ရဲတပ်ဖွဲ့က ထိန်းသိမ်းထားသည့်ကာလတွင် ၎င်းကိုအသင်း ကစားသမားစာရင်းမှ ထုတ်ပယ်ခဲ့ပြီးနောက် ၎င်း၏အမှုအားလုံးပြီးဆုံးမှသာ အသင်းကစားသမားစာရင်းတွင် ပြန်လည်ထည့်သွင်းမည်ဟု ကြေညာခဲ့ခြင်းဖြစ်သည်။

ဂရင်းဝုဒ်သည် အမှုရင်ဆိုင်နေရာမှ ယခုအခါ၎င်းတွင်ပြစ်မှုမရှိကြောင်း တရားရုံးမှ ဆုံးဖြတ်ချက်ချမှတ်ခဲ့သည့်အတွက် မန်ယူအသင်းက ၎င်းကို အသင်းကစားသမားစာရင်းတွင် ပြန်လည်ထည့်သွင်းခဲ့သော်လည်း အသင်းမှ ဘုတ်အဖွဲ့ဝင်များအကြား ၎င်းကို အသင်းတွင် ဆက်လက်ကစားစေရန် ဆုံးဖြတ်ချက်နှင့်ပတ်သက်ပြီး သဘောထားကွဲမှုများ ရှိနေသည့်အတွက် ဂရင်းဝုဒ်အနေဖြင့်လည်း မန်ယူအသင်းတွင်ဆက်လက်ကစားရန် အနာဂတ်မရေမရာဖြစ်နေခြင်းဖြစ်သည်။

ဂရင်းဝုဒ် ကိုယ်တိုင်ကလည်း ၎င်းအမှု ရင်ဆိုင်နေရစဉ်ကာလအတွင်း မန်ယူအသင်းက ၎င်းဘက်မှ ရပ်တည်ပေးခြင်းမရှိသည့်အတွက် စိတ်ပျက်နေပြီး အသင်းတွင်ဆက်လက်ကစားရန် ဆန္ဒမရှိတော့ဘဲ စာချုပ်ဖျက်သိမ်းပြီး တရုတ်ကလပ်အသင်းတစ်သင်းသို့ ပြောင်းရွှေ့ကစားရန် ပြင်ဆင်နေကြောင်း သိရသည်။

STA

## WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းယာယီချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် ဂျိုင်းစီက ကျန်းကျိုလီဖြင့် ယှဉ်ပြိုင်ထိုးသတ်မည်

**လန်ဒန် ဖေဖော်ဝါရီ ၄**

WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ယာယီချန်ပီယံ ကာကွယ်ပွဲစဉ်အဖြစ် လက်ရှိယာယီချန်ပီယံဗြိတိန်လက်ဝှေ့သမား ဂျိုင်းစီက တရုတ်လက်ဝှေ့သမား ကျန်းကျိုလီနှင့် အင်္ဂလန်နိုင်ငံလန်ဒန်မြို့တွင် ဧပြီ ၁၅ ရက်၌ ထိုးသတ်မည်ဖြစ်ကြောင်း ဂျိုင်းစီ၏ Promoter ဖြစ်သူ ဖရန့်ဝါရင်က ပြောကြားခဲ့သည်ဟု Ring TV သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

ရှုံးပွဲမရှိသေးသည့် ဂျိုင်းစီသည် WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်းလက်ရှိချန်ပီယံကို စိန်ခေါ်ခွင့်ရလိုသည့်အတွက် ကျန်းကျိုလီအား အနိုင်ထိုးသတ်ကာ ယာယီချန်ပီယံကို ကာကွယ်နိုင်ရန် ပစ်မှတ်ထားနေသည်။

တရုတ် လက်ဝှေ့သမား ကျန်းကျိုလီသည် WBO Oriental ဟဲဗီးဝိတ်တန်း ချန်ပီယံတစ်ဦးဖြစ်ပြီး လက်ဝှေ့သမားဘဝ သက်တမ်းတစ်လျှောက် ရှုံးပွဲတစ်ပွဲသာရှိသေးသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

ဂျိုင်းစီသည် ဗြိတိန်လက်ဝှေ့လောက၏ အကောင်းဆုံးလက်ဝှေ့သမားစာရင်းတွင် ပါဝင်နေသူတစ်ဦးဖြစ်ပြီး အလက်ဇန္ဒားအူဆက်ခ်နှင့် တိုင်ဆန်ဖျူရီတို့ကို စိန်ခေါ်ထိုးသတ်ခွင့်ရရန်လည်း ပြင်ဆင်နေသည့် လက်ဝှေ့သမားတစ်ဦးဖြစ်သည်။

နာမည်ကြီး Promoter ဖြစ်သူ ဖရန့်ဝါရင် "ဂျိုင်းစီဟာ WBO ကမ္ဘာ့ဟဲဗီးဝိတ်တန်း ချန်ပီယံဖြစ်ခွင့်ရဖို့အတွက် ကြိုးစားနေတဲ့ လက်ဝှေ့သမား တစ်ယောက်ပါ။ တစ်နှစ်ပတ်လုံး စိန်ခေါ်ပွဲတွေ ထိုးသတ်ခွင့်ရချင်နေတဲ့ လက်ဝှေ့သမားတစ်ဦးလဲဖြစ်တယ်။ သူ့ရဲ့ရည်မှန်းချက်ကို အကောင်အထည်ဖော်နိုင်ဖို့အတွက် ကျွန်တော့်ဘက်က အကောင်းဆုံး စီစဉ်ပေးသွားမှာပါ။ ဂျိုင်းစီအနေဖြင့် ယာယီချန်ပီယံကိုဆက်လက်ထိန်းသိမ်းပြီး ကမ္ဘာ့ချန်ပီယံကို စိန်ခေါ်နိုင်ဖို့အတွက်လဲ အကောင်းဆုံး ပြင်ဆင်ထားပါတယ်။ ဒါကြောင့် ကျန်းကျိုလီနဲ့ စိန်ခေါ်ပွဲထိုးသတ်ဖို့ စီစဉ်ပေးခဲ့တာပါ။ ကျန်းကျိုလီဟာလဲ လက်ဝှေ့သမားကောင်းတစ်ဦးဖြစ်ပါတယ်။ ဂျိုင်းစီအတွက် ခက်ခဲမဲ့ ပြိုင်ဘက်ကောင်းတစ်ယောက်ပါ။ ကျန်းကျိုလီဟာ မနှစ်ကသူ့ရဲ့ ရှုံးပွဲမရှိစံချိန် ကျိုးပျက်ခဲ့ရတဲ့အပေါ်မှာ အားမလိုအားမရ ဖြစ်နေတယ်။ ဒါကြောင့် ဒီစိန်ခေါ်ပွဲအတွက် အကောင်းဆုံး ပြင်ဆင်လာလိမ့်မယ်။ ကြည့်လို့ကောင်းမဲ့ စိန်ခေါ်ပွဲတစ်ပွဲဖြစ်လာလိမ့်မယ်လို့ ထင်ပါတယ်" ဟု ပြောကြားခဲ့ကြောင်း သိရသည်။

AZL

## မန်စီးတီးက လူငယ်ကစားသမား ပါရိုနီကို ချန်ပီယံလိဂ် ကစားသမားစာရင်းတွင်ထည့်သွင်း

**မန်ချက်စတာ ဖေဖော်ဝါရီ ၄**

မန်စီးတီးအသင်းက ပြီးခဲ့သည့် ဇန်နဝါရီ ကစားသမားအပြောင်းအရွှေ့ကာလက အသစ်ခေါ်ယူထားသည့် လူငယ်ကစားသမား ပါရိုနီကို အုံ့အားသင့်ဖွယ်ချန်ပီယံလိဂ် ကစားရမည့် ကစားသမားစာရင်း၌ထည့်သွင်းခဲ့သည်ဟု The Athletic သတင်းဌာနက ယနေ့တွင် ဖော်ပြခဲ့သည်။

မန်စီးတီးအသင်းသည် ပြီးခဲ့သည့် ဇန်နဝါရီကစားသမား အပြောင်းအရွှေ့ကာလက ပါရိုနီကို အာဂျင်တီးနားကလပ် ဆာဖီးလ်အသင်းမှ ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အသင်းနှင့်တစ်ပွဲမှပါဝင်ကစားခြင်း မရှိသေးသော်လည်း ချန်ပီယံလိဂ် ပြိုင်ပွဲဝင်အသင်း ကစားသမားစာရင်းတွင် ထည့်သွင်းခဲ့ခြင်းဖြစ်သည်။

အသက် ၂၀ နှစ်သာ ရှိသေးသည့် ပါရိုနီသည် ယခုနှစ်ဘောလုံးရာသီတွင် ဆာဖီးလ်အသင်းနှင့်အတူ အာဂျင်တီးနားလိဂ်ပြိုင်ပွဲတွင် ၁၅ ပွဲထိ ပါဝင်ကစားခဲ့ပြီး နှစ်ဂိုးသွင်းယူနိုင်ခဲ့ကာ အကောင်းဆုံး ခြေစွမ်းပြကစားနိုင်ခဲ့သည့်အတွက် နည်းပြ ဂွါဒီယိုလာက ခေါ်ယူခဲ့ခြင်းဖြစ်ပြီး အသင်းကွင်းလယ်ပိုင်းတွင် အနာဂတ်အတွက် အားထားရသည့်ကစားသမားတစ်ဦးအဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။

ကွင်းလယ်ကစားသမား ပါရိုနီသည် မန်စီးတီးအသင်းသို့ ပြောင်းရွှေ့ကစားခဲ့ပြီးနောက် လက်ရှိအချိန်ထိ ပြိုင်ပွဲစုံတစ်ပွဲမှသာပါဝင်ကစားခြင်း မရှိသေးသော်လည်း အသင်းတွင် ကျောနံပါတ် ၃၂ ကို ဝတ်ဆင်သွားမည် ဖြစ်ကြောင်း သိရသည်။

STA

**ဂျာမန်ဘွန်ဒက်လီဂါပွဲစဉ် (၁၉) ရလဒ်**

| | | | | |
|---|---|---|---|---|
| ဘိုချန် | ၅ | - | ၂ | ဟော်ဖန်ဟိမ်း |
| ဒေါ့မွန် | ၅ | - | ၁ | ဖရိုင်းဘတ် |
| ဖရန့်ဖတ် | ၃ | - | ၀ | ဟာသာဘာလင် |
| ကိုလုံး | ၀ | - | ၀ | လိုက်ပ်ဇစ် |

(၀၄၀)

# သန်လျင်မြို့နယ်တွင် Mingalar Cinemas Thanlyin အဆင့်မြင့်ရုပ်ရှင်ရုံသစ်ဖွင့်လှစ်




**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်တွင် Mingalar Cinemas Thanlyin အဆင့်မြင့်ရုပ်ရှင်ရုံသစ်ကို ဖေဖော်ဝါရီ ၃ ရက်က ဖွင့်လှစ်ခဲ့ကြောင်း မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး ဒုတိယဥက္ကဋ္ဌ ဦးအေးကြူလေးက ပြောပြ၍ သိရသည်။

အဆိုပါ အဆင့်မြင့်ရုပ်ရှင်ရုံသစ် ဖွင့်လှစ်လိုက်ခြင်းအထိမ်းအမှတ်အဖြစ် ဖေဖော်ဝါရီ ၃ ရက် ညနေ ၅ နာရီတွင် ကျော်ကြီးက ချစ်တတ်တယ် ရုပ်ရှင်ဇာတ်ကားကို Free Show အဖြစ် ပြသပေးခဲ့ကြောင်း သိရသည်။

"ရုပ်ရှင်ရုံသစ်တွေ တိုးလာတယ်ဆိုတာ ရုပ်ရှင်လောကသားတွေအတွက်တော့ တိုးတက်မှုရှိလာတဲ့သဘောပါပဲ။ ရုပ်ရှင်လောက တိုးတက်ဖို့အတွက်ဆိုရင် ရုပ်ရှင်အစည်းအရုံးအနေနဲ့ အားပေးရမှာပါ။ အခုဖွင့်လှစ်လိုက်တဲ့ Mingalar Cinemas Thanlyin အဆင့်မြင့်ရုပ်ရှင်ရုံက ရုပ်ရှင်ဇာတ်ကား သုံးကား တစ်ပြိုင်တည်းပြသနိုင်တဲ့အတွက် ရုပ်ရှင်ဇာတ်ကားတွေ ပိုပြသနိုင်မှာ ဖြစ်ပါတယ်"ဟု ဦးအေးကြူလေးက ပြောပြသည်။

Mingalar Cinemas Thanlyin အဆင့်မြင့်ရုပ်ရှင်ရုံတွင် ဖေဖော်ဝါရီ ၃ ရက်မှ စတင်ကာ ဒေါက် ဒေါက် ဒေါက်အမည်ရှိ ရုပ်ရှင်ဇာတ်ကားကို ရုံတင်ပြသခဲ့ပြီး ဖေဖော်ဝါရီ ၄ ရက်တွင် Pathaan အမည်ရှိ အိန္ဒိယရုပ်ရှင်ဇာတ်ကား၊ ဖေဖော်ဝါရီ ၁၀ ရက်တွင် ကျွန်မယောကျ်ား ကျားကျား အမည်ရှိ ရုပ်ရှင်ဇာတ်ကားတို့ကို ဆက်လက်ပြသမည်ဖြစ်ကြောင်း သိရသည်။

ASH

# Ricky Stanicky ဟာသဇာတ်ကား၌ မင်းသား ဇက်အက်ဖရွန်၊ ဂျွန်ဆီနာနှင့် ဂျာမိန်းဖောင်လာတို့ ပါဝင်သရုပ်ဆောင်နေ

**နယူးယောက် ဖေဖော်ဝါရီ ၄**

Ricky Stanicky အမည်ရှိ ဟာသဇာတ်ကား၌ မင်းသား ဇက်အက်ဖရွန်၊ ဂျွန်ဆီနာနှင့် ဂျာမိန်းဖောင်လာတို့ ပါဝင်သရုပ်ဆောင်နေကြောင်း Screen Rant သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

Ricky Stanicky ဇာတ်ကားသည် အခြေအနေဆိုးတစ်ရပ်ကို ကျော်ဖြတ်ရေးအတွက် ဉာဏ်နီဉာဏ်နက် အမျိုးမျိုးသုံးခဲ့ရသော သူငယ်ချင်းသုံးဦး၏ အဖြစ်ကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးမည့် ဟာသဇာတ်ကားဖြစ်သည်။

အဆိုပါဇာတ်ကားကို နာမည်ကျော် ဒါရိုက်တာ ပီတာဖာရက်လီက တာဝန်ယူရိုက်ကူးမည်ဖြစ်ပြီး လက်ရှိတွင် Ricky Stanicky ဇာတ်ကားကို ဩစတြေးလျနိုင်ငံ ကွင်းစလန်းပြည်နယ်၌ စတင်ရိုက်ကူးနေပြီဖြစ်သည်။

အဆိုပါ ဟာသဇာတ်ကားကို Amazon Prime Video က ကမ္ဘာတစ်ဝန်း၌ ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း၊ လက်ရှိတွင် ဇာတ်ကားထုတ်လွှင့်ပြသမည့်ရက်ကို ကြေညာခြင်းမရှိသေးကြောင်း သိရသည်။

KKO



# ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကျောက်ခက်ငါးနှစ်ကောင်တွဲပန်းပုရုပ်များ ဝင်ရောက်လာ

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ကျောက်ခက်ငါးနှစ်ကောင်တွဲပန်းပုရုပ်များ ဝင်ရောက်လာကြောင်း ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ်ရှိ ယမင်းရွှေစင် အမှတ်တရ လက်ဆောင်ပစ္စည်းအရောင်းဆိုင် မန်နေးဂျင်းဒါရိုက်တာ ဒေါ်ယမင်းရွှေစင်က ပြောပြ၍ သိရသည်။

အဆိုပါ ကျောက်ခက်ငါးနှစ်ကောင်တွဲပန်းပုရုပ်များမှာ ပဲခူးတိုင်းဒေသကြီး မဇင်းရပ်ကွက်မှ ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်သို့ ဝင်ရောက်လာခြင်းဖြစ်ပြီး ဈေးကွက်အတွင်း ပန်းပုရုပ်အရေအတွက် ၁၀၀ ခန့်ဝင်ရောက်ထားခြင်းဖြစ်ကြောင်း သိရသည်။

"ဒီနှစ်ကောင်တွဲ ကျောက်ခက်ငါးပန်းပုရုပ်လေးတွေက ဒီလဆန်းလောက်မှ ဈေးကွက်ထဲဝင်လာတာပါ။ အခုနောက်ပိုင်း ရန်ကုန်တိုင်းဒေသကြီး အမှတ်တရလက်ဆောင်ပစ္စည်းဈေးကွက်ထဲက ပဲခူး မဇင်းရပ်ကွက်၊ ရန်ကုန်ဒါးပိန်ပန်းပုကျေးရွာနဲ့ မန္တလေးဘက်က ဝင်လာတဲ့ ပန်းပုရုပ်ပုံစံတွေလဲ



ဆန်းသစ်လာသလို လက်ရာတွေလဲ သေသပ်လှပလာတယ်။ အခုနောက်ပိုင်း လက်ရာတွေကလဲ ဈေးကွက်ကြိုက်မဲ့ ရွှေငါး၊ ကျောက်ခက်ငါး၊ မြင်းရိုင်း၊ မင်္ဂလာဆင်တို့လို ပန်းပုရုပ်တွေ တော်တော်များများ ဈေးကွက်ထဲကို ဝင်ရောက်လာတယ်"ဟု ဒေါ်ယမင်းရွှေစင်က ပြောပြသည်။

အဆိုပါ ပီတောက်ကျိုးပေါင်းသား ကျောက်ခက်ငါးနှစ်ကောင်တွဲပန်းပုရုပ်မှာ အလျား ၁၀ လက်မ၊ အမြင့် ၂၁ လက်မ၊ ၃ လေးလက်မ အရွယ်အစားရှိပြီး တစ်ရုပ်လျှင် ငွေကျပ် ၅၀၀၀၀ ခန့်ဖြင့် ရောင်းချပေးလျက်ရှိကြောင်း၊ လတ်တလောတွင် ပန်းပုရုပ် ၁၅ ရုပ်ခန့် ရောင်းချထားကြောင်း သိရသည်။

ASH

# Fallout အက်ရှင်ဇာတ်ကားတွင် မင်းသမီး ကေတီကက်ဆီဒီ ပါဝင်ထား

**နယူးယောက် ဖေဖော်ဝါရီ ၄**

Fallout အမည်ရှိ လျှို့ဝှက်သည်းဖို အက်ရှင်ဇာတ်ကားတွင် Arrow မင်းသမီး ကေတီကက်ဆီဒီ ပါဝင်သရုပ်ဆောင်ထားကြောင်း Deadline သတင်းဝက်ဘ်ဆိုက်က ဖေဖော်ဝါရီ ၃ ရက်တွင် ရေးသားတင်ပြထားသည်။

အဆိုပါဇာတ်ကားတွင် ကေတီကက်ဆီဒီသည် မင်းသား ဒီဗွန်ဆာဝါ၊ ခရစ်ဘက်ကပ်၊ တိုင်ရီဆီဂစ်ဆင်၊ မင်းသမီး လိတ်ဘော့စဝို့တို့နှင့်အတူ သရုပ်ဆောင်ထားသည်။

Fallout ဇာတ်ကားသည် နျူကလီးယားလက်နက်ကြောင့် ကမ္ဘာကြီးပျက်သုဉ်းရမည့် အခြေအနေရောက်နေစဉ် မြေအောက်ဘန်ကာတစ်ခုအတွင်း ပုန်းခိုနေသူတစ်စု၏ အသက်ရှင်ရေးအတွက် ကြိုးစားခဲ့ကြရပုံကို ဇာတ်အိမ်ဖွဲ့ရိုက်ကူးထားသော ဇာတ်ကားဖြစ်သည်။

Fallout ဇာတ်ကားအတွက် ဝတ္ထုဇာတ်ညွှန်းကို ဇာတ်ညွှန်းရေးဆရာ မိုက်ကယ်မီဆီလီနှင့် စီဆီချိန်းဘားတို့က ရေးသားပေးထားပြီး စီဆီချိန်းဘားက ဒါရိုက်တာအဖြစ် တာဝန်ယူရိုက်ကူးမည်ဖြစ်ကြောင်း သိရသည်။

KKO



# လှိုင်မြို့နယ် Royal Hlaing Art Studio & Gallery ပြခန်းတွင် ပန်းချီဆရာရှစ်ဦး၏ ခေတ် အွန်လိုင်းပန်းချီပြပွဲ ပြသသွားမည်

**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး လှိုင်မြို့နယ်ရှိ Royal Hlaing Art Studio & Gallery ပန်းချီပြခန်းတွင် ပန်းချီဆရာရှစ်ဦး၏ ခေတ် အွန်လိုင်းပန်းချီပြပွဲကို ဖေဖော်ဝါရီ ၆ ရက်မှ ဖေဖော်ဝါရီ ၁၀ ရက်ထိ ပြသသွားမည်ဖြစ်ကြောင်း အဆိုပါ ပန်းချီပြခန်းတာဝန်ခံ ပန်းချီအောင်သက်ခိုင်က ပြောပြ၍ သိရသည်။

အဆိုပါ ခေတ်အွန်လိုင်းပန်းချီပြပွဲတွင် အထင်ကရပန်းချီဆရာကြီးရှစ်ဦး၏ ခဲခြစ်၊ ရေဆေး၊ ဆီဆေး၊ အခရိုင်းလစ်အပါအဝင် လက်ရာစုံဖန်တီးထားသည့် ပန်းချီကား ၃၅ ကားကို စုစည်းပြသရောင်းချပေးသွားမည်ဖြစ်ကြောင်း၊ ပြပွဲတွင် ပန်းချီဆရာကြီးများဖြစ်ကြသည့် ပန်းချီ ဦးခင်မောင်ရင်၊ ပန်းချီ ဦးမာလာ၊ ပန်းချီ ဦးဘလုံလေး၊ ပန်းချီ ဝင်းဖေ၊ ပန်းချီ တင်အောင်ထိုက်၊ ပန်းချီ မောင်မောင်သိုက်၊ ပန်းချီ မုတ်သုန်၊ ပန်းချီ ဝသုန်တို့၏ ပန်းချီကားများကို စုစည်းပြသမည်ဖြစ်ကြောင်း သိရသည်။

"ဖေဖော်ဝါရီ ၆ ရက်မှာပြသမဲ့ ပန်းချီပြပွဲမှာတော့ ပန်းချီကား ၃၅ ကား ပါဝင်မှာဖြစ်ပါတယ်။ ကွယ်လွန်ထင်ရှားပန်းချီဆရာကြီးတွေဖြစ်ကြတဲ့ ဂန္ထဝင်ပန်းချီဆရာကြီးတွေလို့ တင်စားလို့ရတဲ့ ပန်းချီ ဦးခင်မောင်ရင်၊ ပန်းချီ ဦးမာလာ၊ ပန်းချီ ဦးဘလုံလေးတို့ရဲ့ ပန်းချီကားတွေကို တွေ့မြင်ရမှာဖြစ်သလို မျက်မှောက်ခေတ် စာနယ်ဇင်းပန်းချီလောကမှာ ထင်ရှားတဲ့ ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေကိုလဲ ရှုမြင်ရမှာဖြစ်ပါတယ်။ ဂန္ထဝင်နဲ့ မျက်မှောက်ခေတ်ပန်းချီဆရာတွေရဲ့ ပန်းချီကားတွေကို အတတ်နိုင်ဆုံး စုံလင်အောင် စုဆောင်းပြသပေးမှာဖြစ်ပါတယ်"ဟု ပန်းချီပြခန်းတာဝန်ခံ ပန်းချီအောင်သက်ခိုင်က ပြောပြသည်။

အဆိုပါပန်းချီပြပွဲတွင် ပြသပေးမည့် ပန်းချီကားများ၏ အရွယ်အစားများမှာ (၃၆× ၂၄) လက်မ၊ (၂၄×၂၄) လက်မ၊ (၁၈× ၂၄) လက်မ၊ (၁၈×၁၈) လက်မ စသည့် အရွယ်အစားအစုံ ပန်းချီကားများ ပါဝင်ပြီး ဈေးနှုန်းမှာ အနည်းဆုံး ငွေကျပ် ၁၀ သိန်းမှ အများဆုံး ငွေကျပ်သိန်း ၅၀ ထိရှိကြောင်း သိရသည်။

ASH

# Myanmar categorically rejects fraudulent, biased and unilateral statements

As 1 February 2023 marks the two-year term in office of the State Administration Council (SAC), some countries and some UN-mandate holders released unconstructive statements. Those statements fail to reveal the actual perpetrators of the violence in Myanmar, but put the blame on the government which has been coping with the situation. Besides, the statements mislead the public by covering up the brutal crimes committed by the terrorist organizations NUG, CRPH and their subordinates PDFs which claimed the lives of more than 5000 unarmed civilians and civil servants.

The State Administration Council adopted the Five-Point Roadmap while performing the state responsibilities and steadfastly implementing it. Meanwhile the international community should contribute the Government's efforts in democratization process in line with the will of its people by constructive means and respect the principle of the sovereign equality of member states as stipulated in the Charter of the United Nations rather than issuing such statements that would only exacerbate violence and sabotages.

Moreover, the Government has proved the voting fraud and abuse of the power by the then authorities in the whole electoral process in the 2020 general election and it has been striving for all ethnic brethren to be able to cast votes nationwide without leaving any area unaccounted. Elections are fundamental and a prerequisite for a genuine democratic system. It is inconsistent to observe that approach of some countries and UN mandate holders although they call on Myanmar to restore democracy, they reprehend the endeavours of the Government to hold free and fair election.

In terms of humanitarian assistance, Myanmar has been cooperating with and facilitating the works of the ASEAN Coordinating Centre for Humanitarian Assistance on Disaster Management (AHA Centre) and respective UN agencies. Indeed, the question on having access should not be raised in the first place since the UN agencies have already secured their field presence in many states and regions of the country.

Acknowledgement on the Government's effort to maintain state peace and stability and prevalence of democracy through the five-point roadmap is imperative for Myanmar to return to normalcy. As certain overstepping UN mandate-holders and countries meddling in Myanmar's internal affairs clearly fail to comply with the purposes and principles of the United Nations, Myanmar categorically rejects all their immoral and irresponsible statements and acts.

**Ministry of Foreign Affairs**
**4 February 2023.**

# China urges calm over 'spy' balloon in US airspace

**Beijing February 4**

China has urged "cool-headed" handling of a dispute over a giant Chinese balloon heading for the eastern US.

US Secretary of State Antony Blinken earlier called off a visit to Beijing, saying the "surveillance" balloon's presence was "an irresponsible act".

Later the US reported a second Chinese balloon floating over Latin America.

China expressed regret over the balloon over the US, saying it was a weather airship that had been blown astray. It was last spotted over Missouri.

It is expected to reach America's east coast near the Carolinas this weekend.

The US has decided not to shoot down the high-altitude airship due to the danger of falling debris.

The incident comes amid fraying tensions between the US and China.

In a statement on Saturday, the Chinese foreign ministry said Beijing "never violated the territory and airspace of any sovereign country".

It said its senior foreign policy official Wang Yi had discussed the incident with Mr Blinken over the phone, stressing that maintaining communication channels at all levels was important, "especially in dealing with some unexpected situations in a calm and reliable manner". BBC

# Soft crab sales in Pyapon Township increase as export resumes this year



Soft crab farming.

**Pyapon February 4**

Soft crab sales have increased after Pyapon Township, Pyapon District, Ayeyawady Region, has resumed its export market, said U Sein Myint, secretary of Pyapon Township Livestock Breeders Association.

Soft crabs from the township were exported to China, Thailand and Singapore, but the Covid-19 global pandemic and other various reasons had forced foreign markets to stop. Now, export of soft craft has started again as the Covid outbreak decreases significantly.

"In the previous years, we could not export soft crabs at all, allowing the market to collapse. Crab farmers made losses and export companies had to stop sales. Prices were the lowest at that time. Now, the market has become active with good prices because there are buyers. The companies can also export soft crabs whose sales are increasing," said U Sein Myint.

Up to 500,000 viss of soft crabs from Pyapon Township go to Yangon every day from which export activities are carried out. There are 27 entrepreneurs engaging in soft crab breeding. A farm of soft crabs costs about K1.3 million to K1.9 million.

Kyaw Kyaw Lin

# Elon Musk found not guilty of fraud over Tesla tweet

**Washington February 4**

Tesla co-founder Elon Musk has been cleared of wrongdoing for a tweet in which he said he had "funding secured" to take the electric carmaker back into private ownership.

Shareholders argued he misled them with his posts in August 2018, and they had lost billions of dollars because of them.

The proposed $72bn (£60bn) buyout never materialised.

If found liable, Musk could have been ordered to pay out billions in damages.

It took the nine jurors less than two hours to reach their verdict on the class-action lawsuit on Friday afternoon.

Mr Musk - who had wanted the trial moved to Texas, where Tesla is based, arguing he could not get a fair trial in San Francisco - welcomed the outcome.

Taking to Twitter, the social media platform he bought for $44bn last October, he posted: "Thank goodness, the wisdom of the people has prevailed!

"I am deeply appreciative of the jury's unanimous finding of innocence in the Tesla 420 take-private case."

Central to the lawsuit was Mr Musk's tweet on 7 August 2018: "Am considering taking Tesla private at $420. Funding secured." BBC



# Fruits and vegetables receive good demand in Mandalay market

**Mandalay February 4**

The market situation is good in Srimala green wholesale market in Aungmyethazan district of Mandalay despite the influx of fresh fruits and vegetables across from the country, according to the vendors in the market.

At present, 30 to 40 cars regularly enter the Srimala green market in Mandalay from other areas. U Aung Moe Naing, the owner of the Aung wholesale center in Mandalay, said that the prices of all the incoming green crops are better than in the past months, and with good transactions in the market, it is convenient for the farmers.

"In the market, all the green crops are being sold as usual. Now the market is doing well," he explained.

At present, the market is opened from 4:00 am to 8:00 pm and is being sold to shoppers in accordance with the Covid-19 regulations. 185

# Monywa District completes cultivation of corns on 14,192 acres of croplands


A corn plantation.

**Monywa February 4**

A total of 14,192 acres of corns have been cultivated in Monywa District of Sagaing Region in 2022-23 fiscal year, according to the Monywa District Agriculture Department.

The district set a target to cultivate 18,578 acres of corns in the 2022-23 fiscal year. Starting from October last year, local farmers have grown 14,192 acres of corns.

"We set an aim to cultivate more than 18,000 acres of corns this cold season in Monywa District. So far, local farmers have grown more than 14,000 acres of corns. To be able to meet the target, we are striving for cultivation of corns. Moreover, we are taking care of crops to be free from pests," said District department head Daw San San Myint.

In Monywa District, Monywa Township has grown 6,998 acres of corns, Ayadaw Township 4,214 acres and ChaungU Township 2,980 acres this year.

Officials from the relevant Township Agriculture Department raised farmers awareness for cultivation of corns, held the field demonstration, and educated the farmers how to prevent FAW and use of pesticides. 206

# YBS buses scheduled to have fuelling at 32 specific CNG filling stations

**Yangon February 4**

Arrangements are being made to allow YBS buses only at 32 specific CNG filling stations in Yangon Region, said joint secretary U Lyan Ciint Meng from Yangon Region Private Transport Committee.

Although YRTC has negotiated with Myanma Oil and Gas Enterprise to fill CNG to YBS buses only at 32 separate CNG filling stations but these stations allow filling for other vehicles.

"Thirty-two CNG filling stations have been designated for only YBS buses. But, eight of 32 stations are filling CNG to other vehicles, too. Despite no problems in the past, now waste of time in filling CNG affects YBS buses for transport services. So, the authorities are considering to set specific CNG filling stations for YBS buses," said the joint secretary.

A total of 41 CNG filling stations are selling CNG to vehicles in Yangon Region, 32 of which have been set as separate ones for YBS buses only.

These filling stations sell CNG to vehicles from 5 am to 9 pm on a daily basis. Now, they extend the selling time from 5 am to 10.30 pm daily. All stations sell more than 18 million cubic feet of CNG to vehicles daily.

ASH


Cars and buses waiting at a CNG filling station.

# UMFCCI signs MoU with AYA Bank aiming to facilitate the smooth operation of MSMEs and support the economy revival

**Yangon February 4**

The Union of Myanmar Federation of Chambers of Commerce and Industry (UMFCCI) has signed a memorandum of understanding with the Ayeyarwady Bank in order to facilitate the operation of micro, small and medium businesses and to support the revival of the country's economy as MSMEs develop, according to the news released on February 2, 2023 by the UMFCCI.

The MOU was signed by the General Secretary of the UMFCCI Daw Khaing Khaing Nwe and the Managing Director of Ayeyarwady Bank U Min Wint Oo.

The ceremony was attended by the vice chairmen of the federation, U Ye Min Aung, U Aye Tun, Dr. Win Sithu, U San Lin, General Secretary Daw Khaing Khaing Nwe, Associate General Secretary U Kyaw Dewa, U Ye Myint Maung, Daw Thu Za Win, Chief Executive Officer Dr. Zaw Htay, Chief Executive Officer of Ayeyarwady Bank U Myint Zaw, Managing Director U Min Wint Oo and Managing Director Daw Thazin Aung attended.

336

## Public Notice for elimination of violence

1. So called "CRPH", "NUG" and "PDF" terrorist groups are unlawfully committing killings monks, teachers, civil servants and general people and lotting under the pretext of sayings "for the people".
2. Not rendering encourage support and assistance to the "CRPH", "NUG" and "PDF" terrorists that are committing intimidations, killings and destructive activities could be construed as protecting lives and property of general public.
3. Giving information secretly relating to bearing of their arms, ammunitions and terrorists to authorities could be tantamount to protecting lives and property of innocent people.

# Htigyaing Township starts cultivation of summer paddy this year

**Htigyaing February 4**

Htigyaing Township Agriculture Department stated that cultivation of summer paddy started in Htigyaing Township of Katha District in Sagaing Region this year.

The township set a target to cultivate 10,621 acres of summer paddy in 2022-23 cultivation season and local farmers started cultivation of summer paddy in the first week of February this year.

"We set an aim to cultivate more than 10,000 acres of summer paddy in Htigyaing Township this year. Number of sown acreage of summer paddy this year is on the rise in comparison to the number of last year. So, we are striving for meeting the target of cultivation this year," said Daw Moe Moe Win of the Township Agriculture Department.

The township Agriculture Department educated local farmers to use quality strains of summer paddy, process of making natural fertilizers, and timely plant propagation of summer paddy in the township.


In 2022-23 fiscal season, local farmers targeted to grow 10,621 acres of summer paddy, 40,641 acres of pulses and beans, 36,343 acres of oil crops, 51,174 acres of sugarcane, 1,306 acres of kitchen crops and 12,528 acres of other crops, totalling 151,613 acres in the township. As from October last year, the local farmers have grown 10,200 acres of pulses and beans, 12,882 acres of oil crops and 4,715 acres of other crops, totalling 27,797 acres.

Last year, the township could place 189,473 acres of land under cold season crops. In the 2022-23 season, Htigyaing Township cultivated 40,271 acres of monsoon paddy meeting the target, according to the township Agriculture Department. 206


Summer paddy cultivation is in progress.

# နိုင်ငံတကာစစ်မှုရေးရာအပြာပြာ

## တရုတ်နိုင်ငံ AVIC က ဆဋ္ဌမမျိုးဆက် တိုက်လေယာဉ်အတွက် နည်းပညာအယူအဆသစ်ကို ပြသခဲ့



တရုတ်နိုင်ငံ လေကြောင်းစက်မှုလုပ်ငန်းကော်ပိုရေးရှင်း(AVIC)က ဖေဖော်ဝါရီ ၁ ရက်ကထုတ်လွှင့်သည့် ပရိုမိုးရှင်း ဗီဒီယိုဖိုင်တစ်ခုတွင် တရုတ်နိုင်ငံထုတ် ဆဋ္ဌမမျိုးဆက် တိုက်လေယာဉ်အတွက် နည်းပညာအယူအဆသစ်ကို ပြသခဲ့ကြောင်း Liu Xuanzun က Global Times သတင်းဌာနတွင် ရေးသားဖော်ပြခဲ့သည်။

တရုတ်နိုင်ငံ လေကြောင်းစက်မှုလုပ်ငန်းကော်ပိုရေးရှင်း(AVIC)၏ We-Chat ချန်နယ်၌ လွှင့်တင်ထားသည့် ဗီဒီယိုတွင် အမည်မသိလေယာဉ်သုံးစင်း ပျံသန်းနေသော ကွန်ပျူတာဖြင့်ဖန်တီးထားသည့်ဗီဒီယိုဖိုင် Computer-generated Clip တစ်ခုကို ပြသထားသည်။ ဤလေယာဉ်သည် J-20 တိုက်လေယာဉ်နှင့်တူသော်လည်း Canards၊ အမြီးများ၊ သို့မဟုတ် ဆူးတောင်များမပါရှိဘဲ J-20 တိုက်လေယာဉ်၏တောင်ပံများထက် ပိုကြီးသော Diamond-shaped စိန်ပုံသဏ္ဍာန်တောင်ပံများထွက်ပေါ်လာပြီး ရောစပ်ထားသော တောင်ပံ-ကိုယ်ထည်ပုံစံဖန်တီးပေးထားသည်ကို တွေ့မြင်ခဲ့ရသည်။ တောင်ပံနှင့် ကိုယ်ထည်ကို ရောစပ်ထားသည့်ပုံစံဖြင့် ဖန်တီးထားခြင်းဖြစ်ပြီး ၎င်းသည် တရုတ်၏မျိုးဆက်သစ်တိုက်လေယာဉ်ဖြစ်နိုင်သည်ဟု စစ်ဘက်လေ့လာသုံးသပ်သူ Liu Xuanzun က ရေးသားခဲ့ကြောင်း သိရသည်။

၂၀၂၂ ခုနှစ် နိုဝင်ဘာလက တရုတ်နိုင်ငံတောင်ပိုင်း Guangdong ပြည်နယ် Zhuhai တွင် ကျင်းပခဲ့သည့် Airshow China 2022 ၌ AVIC ၏ နောက်ဆုံးထုတ်လွှင့်လိုက်သည့် ဗီဒီယိုတွင်ပြသထားသောလေယာဉ်ကဲ့သို့ မျိုးဆက်သစ်တိုက်လေယာဉ်၏ Concept Model ကို ပြသထားပါသည်။

နောက်မြီးတောင်ပံမဲ့ ဒီဇိုင်းသည် မျိုးဆက်သစ် သို့မဟုတ် ဆဋ္ဌမ မျိုးဆက်တိုက်လေယာဉ်ဒီဇိုင်းပင်ဖြစ်သည်။ တိုက်လေယာဉ်များသည် လက်ရှိ ပဉ္စမမျိုးဆက်များထက် ပျံသန်းရာလမ်းကြောင်းတစ်လျှောက် သာလွန်ကောင်းမွန်သော ကိုယ်ပျောက်နိုင်စွမ်းရှိပြီး ရောစပ်ထားသည့် တောင်ပံကိုယ်ထည်ဒီဇိုင်းကြောင့် ပိုမိုမြင့်မားသောအကွာအဝေး ပိုမိုရှည်လျားပြီးလောင်စာဆီသုံးစွဲမှု နည်းပါးစေကြောင်း သိရသည်။

သို့သော် Thrust Vectoring Control-capable အင်ဂျင်များနှင့် Split Brake Rudders သို့မဟုတ် အခြားသောဆန်းသစ်သည့်ချဉ်းကပ်မှုများကဲ့သို့ အခြားဒီဇိုင်းများ သို့မဟုတ် နည်းပညာများကို အသုံးမပြုပါက ဒေါင်လိုက်နောက်မြီးတောင်ပံများမပါဘဲ တိုက်လေယာဉ်အသစ်သည် လှုပ်ရှားစစ်ကစားနိုင်စွမ်း ပျောက်ဆုံးသွားမည်ဖြစ်သည်ဟု အကဲခတ်သူများက ပြောကြားထားကြသည်။

**AVIC from China reveals tailless concept for 6th-generation fighter jet ကို ဘာသာပြန်ဆိုထားပါသည်။**

## အမေရိကန်က ယူကရိန်းသို့ အကူအညီများအလွန်အကျွံပေးပို့နေမှုအပေါ် ကန့်ကွက်သူများပြားလာ

အမေရိကန်နိုင်ငံသည် ယူကရိန်းနိုင်ငံသို့ အကူအညီများ အလွန်အကျွံပေးပို့နေအပေါ် ကန့်ကွက်သူများပြားလာကြောင်း အမေရိကန်နိုင်ငံ Pew Research စစ်တမ်းတစ်ရပ်အရ သိရသည်။

အမေရိကန်သည် ယူကရိန်းကို စစ်ဘက်နှင့် စီးပွားရေးအကူအညီများ တိုးမြှင့်ပေးသင့်သည့်ဘက်က ရာခိုင်နှုန်းသည် ယမန်နှစ်ကထက် ထက်ဝက်ကျဆင်းသွားခဲ့သည်။

အမေရိကန်သည် ဇန်နဝါရီ ၃၁ ရက်တွင် ထုတ်ပြန်ခဲ့သည့်စစ်တမ်းအရ ယခုအခါ နိုင်ငံသား ၂၆ ရာခိုင်နှုန်းက ၂၀၂၂ ခုနှစ် မတ်လက အကူအညီများ အလွန်အကျွံပေးနေသည်ဟု ပြောဆိုနေကြသည့် အရေအတွက်ထက် ခုနစ်ရာခိုင်နှုန်း မြင့်တက်လာခဲ့ခြင်းဖြစ်သည်။

စစ်တမ်းတွင် ဖြေဆိုသူ ၂၀ ရာခိုင်နှုန်းက အမေရိကန်နိုင်ငံသည် ယူကရိန်းကို အကူအညီပိုပေးသင့်သည်ဟု ပြောကြားခဲ့ကြပြီး ၃၁ ရာခိုင်နှုန်းက လက်ရှိပံ့ပိုးပေးအပ်နေသည့်ပမာဏအတိုင်း မှန်သည်ဟု ပြောဆိုနေကြဆဲဖြစ်သည်။

လေ့လာတွေ့ရှိချက်များအရ ၂၀၂၂ ခုနှစ် မတ်လမှစ၍ သိသိသာသာပြောင်းလဲမှုတွေ့ရှိရပြီး အမေရိကန်နိုင်ငံသား ၄၂ ရာခိုင်နှုန်းမှာမူ ယူကရိန်းအတွက် အကူအညီများမှာ လုံလောက်မှုမရှိဟု ခံစားမိကြောင်း Pew အကြံပေးအဖွဲ့ကိုပြန်လည်ဖြေကြားခဲ့ကြသည်။

ပထမအကြိမ် စစ်တမ်းကောက်ယူပြီးနောက် အမေရိကန်သည် ယူကရိန်းကို အကူအညီများ သိသိသာသာတိုးမြှင့်ပေးခဲ့ပြီး ယခုအခါ စစ်ဘက်နှင့်စီးပွားရေးဆိုင်ရာ အကူအညီ အမေရိကန်ဒေါ်လာ ဘီလီယံ ၁၁၀ ကျော် အသုံးပြုထားခဲ့ပြီးဖြစ်သည်။ အကူအညီပေးရေးအစီအစဉ်များ ဆက်တိုက်ပေးအပ်လာခဲ့ရာ ယူကရိန်းစစ်ဘက်ထံ ဝေဟင်ပစ်စနစ်များ၊ သံချပ်ကာယာဉ်များနှင့် အမြောက်ကျည်ပေါင်း တစ်သန်းကျော်ကို ပို့ဆောင်ပေးခဲ့ကာ အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်က ပဋိပက္ခအချိန်ကြာသရွေ့ လက်နက်များဆက်လက်ပေးအပ်နေမည်ဟု ကတိပြုခဲ့သည်။

အဆိုပါအကူအညီအများစုကို ကွန်ကရက်လွှတ်တော်ကအတည်ပြုလိုက်သည့် ကြီးမားသောအသုံးစရိတ်ဥပဒေကြမ်း နှစ်ရပ်ဖြင့် ငွေကြေးပံ့ပိုးထားခြင်းဖြစ်သည်။ ယခင်နှစ် မေလက ပြဋ္ဌာန်းခဲ့သည့် အမေရိကန်ဒေါ်လာဘီလီယံ ၄၀ နှင့်ဒီဇင်ဘာလတွင် ပြဋ္ဌာန်းခဲ့သည့် ယူကရိန်းအတွက် နောက်ထပ် အမေရိကန်ဒေါ်လာ ၄၇ ဘီလီယံ ပါဝင်ခဲ့သည့် အစိုးရအသုံးစရိတ် အမေရိကန်ဒေါ်လာ ၁ ဒသမ ၇ ထရီလီယံတို့မှ ခွဲဝေသုံးစွဲနေခြင်းဖြစ်သည်။




ရီပတ်ဘလီကန်ခေါင်းဆောင်များက အဆိုပါဥပဒေကြမ်းများကို ထောက်ခံသော်လည်း သမ္မတဟောင်း ဒေါ်နယ်ထရန့်နှင့် နီးစပ်သည့် GOP လွှတ်တော်အမတ်အနည်းစုက ဘိုင်ဒင်နှင့် ၎င်း၏ဒီမိုကရက်လုပ်ဖော်ကိုင်ဖက်များသည် တိုင်းတစ်ပါးပဋိပက္ခတွင် ငွေကြေးအလွန်အကျွံသုံးစွဲမှုအတွက် ပြစ်တင်ရှုတ်ချခဲ့သည်။ အဆိုပါငွေကြေးများသည် အမေရိကန်စီးပွားရေးကို ထိခိုက်စေပြီး နယ်စပ်လုံခြုံရေးကို တင်းတင်းကျပ်ကျပ် ထိန်းချုပ်သည့်နေရာတွင် ပိုမိုသုံးစွဲခြင်းက အကျိုးရှိမည်ဟုလည်း ထောက်ပြပြောဆိုခဲ့ကြကြောင်း သိရသည်။

**Opposition to US spending on Ukraine grows–poll ကို ဘာသာပြန်ဆိုထားပါသည်။**

## ယူကရိန်းနိုင်ငံ၏ပိုင်နက်နယ်မြေ ၂၀ ရာခိုင်နှုန်းပေးရန် ရုရှားသမ္မတကို အမေရိကန်သမ္မတကမ်းလှမ်းခဲ့မှုမမှန်ကြောင်း အိမ်ဖြူတော်ပြောကြား



အမေရိကန်သမ္မတဂျိုးဘိုင်ဒင်က CIA အကြီးအကဲ William Burns ကို ရုရှားသို့ လျှို့ဝှက်မစ်ရှင်တစ်ခုအဖြစ် စေလွှတ်ခဲ့ပြီးနောက် ယူကရိန်းကို ဇန်နဝါရီလလယ်တွင် သွားရောက်ခဲ့ကြောင်း Neue Zürcher Zeitung(NNZ) သတင်းဌာန၏ ဖေဖော်ဝါရီ ၁ ရက် အစီရင်ခံစာဖော်ပြချက်အရ သိရသည်။

အမေရိကန်သည် ယူကရိန်းနိုင်ငံပိုင်နက်နယ်မြေ၏ ၂၀ ရာခိုင်နှုန်းကို ငြိမ်းချမ်းရေးအဆိုပြုချက်၏ တစ်စိတ်တစ်ပိုင်းအဖြစ် ရုရှားကို ကမ်းလှမ်းခဲ့သည်မှာမမှန်ကြောင်း အိမ်ဖြူတော်နှင့် CIA တို့က ဖေဖော်ဝါရီ ၂ ရက်တွင် ပြောကြားခဲ့သည်။

နိုင်ငံခြားရေးမူဝါဒနှင့်ပတ်သက်သည့် ဂျာမနီလွှတ်တော်အမတ်နှစ်ဦးနှင့်လျှို့ဝှက်စကားပြောဆိုမှုများအရ ယူကရိန်းနိုင်ငံ Donbass ဒေသ၏ အရွယ်အစားနှင့်ပတ်သက်၍ ရုရှားသည် ယူကရိန်းပိုင်နက်၏ ၂၀ ရာခိုင်နှုန်းကိုပိုင်ဆိုင်နိုင်မည့် ငြိမ်းချမ်းရေးအတွက် ပိုင်နက်နယ်မြေသဘောတူညီချက်ကို Burns က ကမ်းလှမ်းခဲ့ကြောင်း သိရသည်။

ဆွစ်ဇာလန်-ဂျာမနီထုတ် သတင်းစာသည် ယူဆထားသောအဆိုပြုချက်တစ်ခုကိုသာ ဖော်ပြထားခြင်းဖြစ်ပြီး ဂျာမနီအဓိပတိ Olaf Scholz နှင့် အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်တို့က ယူကရိန်းသို့ Leopard 2 နှင့် Abrams ပင်မတိုက်ပွဲဝင်တင့်ကားများပေးပို့သွားမည်ဟု ကြေညာခဲ့သည့်အဖြစ်အပျက်များ၏ ကွင်းဆက်များအပေါ် အလေးထားဖော်ပြခဲ့သည်။

NZZ သတင်းစာ၏ အစီရင်ခံရေးသားချက်သည် မတိကျကြောင်းနှင့် CIA က အလားတူ ပြောကြားလိမ့်မည်ဖြစ်ကြောင်း အိမ်ဖြူတော်အမျိုးသားလုံခြုံရေးကောင်စီ၏ လက်ထောက်ပြောရေးဆိုခွင့်ရှိသူ Sean Davett က Newsweek သို့ ပြောကြားခဲ့သည်။

ဝါရှင်တန်ပို့စ်သတင်းစာက Burns သည် ယူကရိန်းသမ္မတ ဇီလန်စကီးနှင့် တွေ့ဆုံပြီး အကျဉ်းရုံးပြောကြားရန်အတွက် တင့်ကားကြေညာချက်မတိုင်မီ ယူကရိန်းသို့ လျှို့ဝှက်ခရီးထွက်ခဲ့ကြောင်း အစောပိုင်းတွင် ရေးသားဖော်ပြခဲ့သည်။

ဂျာမနီနိုင်ငံရေးသမားနှစ်ဦးက NZZ သတင်းစာကိုပြောကြားခဲ့ရာတွင် ပဋိပက္ခနှင့်ပတ်သက်၍ ငြိမ်းချမ်းရေးကမ်းလှမ်းချက်သည် အမေရိကန်၌ ကွဲပြားနေကြောင်း အရိပ်အမြွက်ပြသခဲ့သည်ဟုဆိုသည်။

**White House denies Biden offered Putin '20% of Ukraine' ကို ဘာသာပြန်ဆိုထားပါသည်။**

**မင်းမျိုး**

# လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းငရုတ်နှင့် ပူးစားပြောင်း ၁၃၁၇ ဧက စိုက်ပျိုးပြီးစီး



**လပွတ္တာ ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းငရုတ်နှင့် ပူးစားပြောင်း ၁၃၁၇ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ဆောင်းငရုတ်ဧက ၇၈၀ နှင့် ပူးစားပြောင်း ၅၃၇ ဧက စုစုပေါင်း ၁၃၁၇ ဧက လျာထားပြီး ၂၀၂၂ ခုနှစ် နိုဝင်ဘာလပထမပတ်က စတင်စိုက်ပျိုးခဲ့ရာ ယနေ့တွင် လျာထားဧကအားလုံးစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ ဆောင်းငရုတ်နဲ့ ပူးစားပြောင်းတွေကို နိုဝင်ဘာလပထမပတ်ကနေ စတင်စိုက်ပျိုးခဲ့ပါတယ်။ ငရုတ်နဲ့ ပူးစားပြောင်း စိုက်ပျိုးတဲ့တောင်သူတွေကို လိုအပ်တာတွေ ဌာနအနေနဲ့ ကူညီပေးခဲ့ပါတယ်။ လက်ရှိ ငရုတ်ကော ပူးစားပြောင်းပါ လျာထားဧက အားလုံးစိုက်ပျိုးပြီးဖြစ်ပါတယ်။ နိုဝင်ဘာလပထမပတ်ထဲမှာ စိုက်ခဲ့တဲ့ပြောင်းတွေဆို အပင်တွေ တော်တော်ရှင်သန်နေပါပြီ။ အခုတောင်သူတွေစိုက်ထားတဲ့ ငရုတ်တွေနဲ့ ပူးစားပြောင်းတွေက အရည်အသွေးကောင်းအမျိုးအစားတွေပါ"ဟု လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြသည်။

လပွတ္တာမြို့နယ်တွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ကျေးရွာ ၂၉ ရွာမှ ဒေသခံတောင်သူ ၄၁၁ ဦးက ဆောင်းသီးနှံငရုတ်နှင့် ပူးစားပြောင်းများကို အများဆုံးစိုက်ပျိုးထားကြောင်း၊ အဆိုပါစိုက်ပျိုးထားသည့် ဆောင်းငရုတ်နှင့် ပူးစားပြောင်းများ ပိုးမွှားအန္တရာယ်ကင်းရှင်းစေရေး၊ အထွက်နှုန်းကောင်းစေရေး၊ အရည်အသွေးကောင်းစေရေး စသည့်လုပ်ငန်းများကို စိုက်ပျိုးရေးဦးစီးဌာနက ဆက်လက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း လပွတ္တာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးမျိုးအောင်က ပြောပြ၍ သိရသည်။

**ကျော်ကျော်လင်း**

# မောက်မယ်မြို့နယ် မိုက်ဟိုင်းကျေးရွာ၌ VRFP စီမံကိန်းရန်ပုံငွေထုတ်ချေး

**မောက်မယ် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် (တောင်ပိုင်း) လင်းခေးခရိုင် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက မိုက်ဟိုင်းကျေးရွာ၌ ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း (VRFP)ရန်ပုံငွေ တတိယအကြိမ် ထုတ်ချေးခြင်းကို ယနေ့နံနက်ပိုင်းက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းက လုပ်ကွက်ငယ်တောင်သူများ၊ စိုက်ပျိုးမွေးမြူထုတ်လုပ်သူများနှင့် အသေးစားစီးပွားရေးလုပ်ငန်း လုပ်ကိုင်သူများအတွက် လိုအပ်သောငွေကြေးအရင်းအနှီးများဖြင့် မိသားစုဝင်ငွေတိုးလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန်၊ မိသားစုစားဝတ်နေရေးအခက်အခဲများလျော့နည်းစေရန် ရည်ရွယ်၍ ကျေးရွာမတည်ရန်ပုံငွေ စီမံကိန်း (VRFP) ရန်ပုံငွေထုတ်ချေးခြင်းဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။



ထို့နောက် မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်း၊ စီမံကိန်းတာဝန်ခံဝန်ထမ်းများနှင့် ကျေးရွာကော်မတီဝင်များက မိုက်ဟိုင်းကျေးရွာမှ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ စုစုပေါင်းအသင်းသား၊ အသင်းသူ ၅၃ ဦးကို ငွေကျပ် ၃၃၄ သိန်း ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ကျေးရွာမတည်ရန်ပုံငွေစီမံကိန်း(VRFP)ကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ်မှစ၍ ဆောင်ရွက်ခဲ့ရာ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်ထိ ကျေးရွာခြောက်ရွာ၌ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း မောက်မယ်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးစိုင်းစံထွန်းလင်းထံမှ သိရသည်။

**မင်းမြင့်မိုရ်**

# ဟိုပန်မြို့နယ် ဖက်ချွတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းများ စစ်ဆေး

**ဟိုပန် ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဟိုပန်မြို့နယ် ဖက်ချွတ်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာ စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ယနေ့တွင် တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်လွင်လွင်မာနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက ဟိုပန်မြို့နယ် ဖတ်ဟာကျေးရွာအုပ်စု ဖက်ချွတ်ကျေးရွာတွင် ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် မြစိမ်းရောင်ကျေးရွာ စီမံကိန်းရန်ပုံငွေကျပ် သိန်း ၄၀၀ ဖြင့် ကြံစိုက်ပျိုးရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို လိုက်လံရှင်းလင်းပြသရာ ဦးစီးအရာရှိ ဒေါ်လွင်လွင်မာက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းပြည့်မီအောင် ဆောင်ရွက်ကြရန် မှာကြားခဲ့ကြောင်း သိရသည်။

ဟိုပန်မြို့နယ် ဖတ်ဟာကျေးရွာအုပ်စု ဖက်ချွတ်ကျေးရွာတွင် မြစိမ်းရောင်ကျေးရွာစီမံကိန်းအရင်းမပျောက် လည်ပတ်ရန်ပုံငွေကျပ်သိန်း ၄၀၀ ကို စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူအသင်းသား၊ အသင်းသူ ဦးရေ ၄၀ ထံ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၆ ရက်က ထုတ်ချေးပေးခဲ့ကြောင်း၊ အဆိုပါ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေဖြင့် ဒေသတွင်း စိုက်ပျိုးရေးလုပ်ငန်းဖြစ်သည့် ကြံစိုက်ပျိုးခြင်းလုပ်ငန်းကိုအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း ဟိုပန်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ သိရသည်။

**ကျော်ဇောဦး(မောရှမ်းမြေ)**




## မန္တလေးမြို့ ကုန်စည်ဈေးနှုန်းများ

**၄-၂-၂၀၂၃**

| | | |
|---|---|---|
| **ရွှေ** | | |
| ၁၆ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၉၈၀၀၀ |
| ၁၅ပဲရည် (တစ်ကျပ်သား) | ကျပ် | ၂၆၂၀၀၀၀ |
| **(ဓွဲထက်ရွှေဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **ဆန်** | | |
| ရွှေဘိုဘေးကျား (ပေါ်ဆန်း) (တစ်အိတ်) | ကျပ် | ၈၂၀၀၀/၈၅၀၀၀ |
| ပုသိမ်(ပေါ်ဆန်းမွှေး)(တစ်အိတ်) | ကျပ် | ၇၂၀၀၀/၇၅၀၀၀ |
| ဖျာပုံ(ပေါ်ဆန်းမွှေး) (တစ်အိတ်) | ကျပ် | ၇၀၀၀၀/၇၃၀၀၀ |
| မဂ္ဂမ်းတော(အသစ်) (တစ်အိတ်) | ကျပ် | ၅၃၀၀၀/၅၆၀၀၀ |
| မနောသုခ(အသစ်)(ပုသိမ်)(တစ်အိတ်) | ကျပ် | ၄၂၀၀၀/၄၅၀၀၀ |
| ဧည့်ဗီယာ(အသစ်) (တစ်အိတ်) | ကျပ် | ၄၁၀၀၀/၄၅၀၀၀ |
| မနောသုခ(အသစ်)(မတ္တရာ)(တစ်အိတ်) | ကျပ် | ၃၅၀၀၀/၃၉၀၀၀ |
| **စားဆီ** | | |
| ပဲဆီ (တစ်ပိဿာ) | ကျပ် | ၁၁၀၀၀/၁၂၅၀၀ |
| နှမ်းဆီ (တစ်ပိဿာ) | ကျပ် | ၁၀၀၀၀/၁၁၀၀၀ |
| နေကြာဆီ (တစ်ပိဿာ) | ကျပ် | ၁၂၀၀၀/၁၃၀၀၀ |
| စားအုန်းဆီ (တစ်ပိဿာ) | ကျပ် | ၅၆၀၀/၆၀၀၀ |
| **စက်သုံးဆီ** | | |
| ဒီဇယ်(ရိုးရိုး) (တစ်လီတာ) | ကျပ် | ၂၃၁၅ |
| ဒီဇယ်(ပရီမီယံ) (တစ်လီတာ) | ကျပ် | ၂၃၉၅ |
| ဓာတ်ဆီ(တစ်လီတာ) | ကျပ် | ၂၁၀၀ |
| အောက်တိန်း(၉၂) (တစ်လီတာ) | ကျပ် | ၂၁၈၀ |
| အောက်တိန်း(၉၅) (တစ်လီတာ) | ကျပ် | ၂၂၄၅ |
| **(သာ စက်သုံးဆီဆိုင်၏ ဈေးနှုန်းများသာဖြစ်ပါသည်။)** | | |
| **အိမ်ဆောက်ပစ္စည်းဈေးနှုန်းများ** | | |
| **ဘိလပ်မြေ** | | |
| အယ်ဖာအမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၂၀ |
| AAA အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၅၀၀ |
| Apache အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| Crown အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၂၀၀ |
| ကြံ့နှစ်ကောင်အမှတ်တံဆိပ် (တစ်အိတ်) | ကျပ် | ၉၉၀၀ |
| **သံချောင်း** | | |
| တစ်မတ်လုံး (တစ်တန်) | ကျပ် | ၁၇၀၀၀၀၀ |
| ငါးမူးလုံး (တစ်တန်) | ကျပ် | ၁၄၀၀၀၀၀ |
| သုံးမူးလုံး(တစ်တန်) | ကျပ် | ၁၃၁၀၀၀၀ |
| ခြောက်မူးလုံး (တစ်တန်) | ကျပ် | ၁၂၉၀၆၀၀ |
| ကျပ်လုံး (တစ်တန်) | ကျပ် | ၉၉၈၀၀၀ |
| **အိမ်မိုးသွပ်** | | |
| (၆၊၇၊၈)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၁၀၀ |
| (၉၊၁၀)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၂၅၀ |
| (၁၁၊၁၂)ပေ ဆိုဒ်များ (တစ်ပေ) | ကျပ် | ၁၄၀၀ |

(၁၈၅)

# မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က မာရဝိဇယ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအား မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော် ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်း၊ ပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုကို အထောက်အကူဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအား အထောက်အကူဖြစ်စေရန်ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများ၊ ဌာပနာပုံကျမ်း၊ ဗိသုကာကျမ်း၊ မဟာဗုဒ္ဓဝင်ကျမ်း အစရှိသော စာပေကျမ်းဂန်များနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိသည်။

အဆိုပါ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနတွင် ဌာပနာတော် သွင်းလှူပူဇော်ခြင်းကို ဇန်နဝါရီ ၂၇ ရက်တွင် ပြုလုပ်ခဲ့ပြီး ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များ စုပေါင်းလှူဒါန်းထားသည့် ရွှေထည် ၁ဝ၄ ကျပ်သား ခြောက်ပဲသုံးရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၂ဝဝ ကျပ်သား တစ်ပဲ တစ်ရွေး၊ ကျောက်မျိုးစုံ သုံးကီလိုဂရမ်အပါအဝင် ဗုဒ္ဓမြတ်စွာဘုရား၏ ဓာတ်တော်များ၊ နိုင်ငံတကာမှ ငွေဒင်္ဂါးပြားများ၊ အဖိုးတန်ရွှေငွေ ကျောက်သံပတ္တမြားများကို ဌာပနာသွင်းလှူပူဇော်နိုင်ခဲ့သည်။

ထို့ပြင် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ထပ်မံထည့်သွင်းလှူဒါန်းပူဇော်မည်ဖြစ်ပါသဖြင့် ကုသိုလ်တော် ရေရှည်တည်တံ့ခိုင်မြဲနိုင်မည့် အဖိုးတန်ကျောက်မျက်ရတနာများ ဌာပနာကုသိုလ်ပြုနိုင်ရန်အတွက် နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ထားလျက်ရှိရာ ခုနစ်ရက်









**မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်နိုင်ရေး စေတနာရှင်၊ အလှူရှင်များက လာရောက်လှူဒါန်းလျက်ရှိစဉ်။**

သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များက ဝမ်းပန်းတသာဆက်သွယ်၍ ဌာပနာကုသိုလ်များကို ထည့်ဝင်လှူဒါန်းလျက်ရှိကြပြီး ယနေ့တွင် နေပြည်တော်ကောင်စီ ပြည်ထောင်စုနယ်မြေသို့ ရွှေထည် ၄၈ ကျပ်သား ရှစ်ပဲ ခြောက်ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၃၆ ကျပ်သား ခြောက်ပဲ၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ရန်ကုန်တိုင်းဒေသကြီး၌ ရွှေထည် ၃၈ ကျပ်သား ၁၅ ပဲ၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၆၇ ကျပ် ငါးပဲ တစ်ရွေး၊ စိန်၊ ပုလဲ၊ ပလက်တီနမ်နှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များ၊ အလှူငွေကျပ် ၄၆ဝ၉ဝဝဝ နှင့် မန္တလေးတိုင်းဒေသကြီး၌ ရွှေထည် ၁၂ ကျပ်သား ၁၃ ပဲ တစ်ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၈ ကျပ်သား ခုနစ်ရွေး၊ စိန်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ငွေထည်ပစ္စည်းများ၊ အလှူငွေကျပ် ၃၉၄၆၅ဝဝ တို့ကို လာရောက်လှူဒါန်းခဲ့ကြောင်း၊ ထို့ပြင်အခြားတိုင်းဒေသကြီးနှင့် ပြည်နယ်များ၌လည်း ရွှေထည် ၂၅ ကျပ်သား တစ်ရွေး၊ ကျောက်မျက်ရတနာပါ ရွှေထည်ပစ္စည်း ၁၄ ကျပ်သား ၁၃ ပဲ ခြောက်ရွေး၊ စိန်၊ ပုလဲနှင့် ကျောက်မျိုးစုံ၊ ဓာတ်တော်မွေတော်များ၊ ဆင်းတုတော် ၁ဝ ဆူ၊ ငွေထည်ပစ္စည်းများ၊ ဘွဲ့တံဆိပ်များ၊ အလှူငွေကျပ် ၆၅၄၂၆၂ဝဝ နှင့် အိန္ဒိယငွေ ၁ဝ ရူပီးတို့ကို ဌာပနာသွင်းလှူပူဇော်ရန်အတွက် သက်ဆိုင်ရာ တာဝန်ရှိသူများထံသို့ လာရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

ခုနစ်ရက် သားသမီး၊ ဘုရားဒါယကာ၊ ဒါယိကာမများ၊ စေတနာရှင်၊ အလှူရှင်များအနေဖြင့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး ရတနာပလ္လင်တော်ထက် အလယ်ဗဟိုဌာနများတွင် ဌာပနာတော် ထပ်မံထည့်သွင်း သွင်းလှူပူဇော်လိုပါက နေပြည်တော်ကောင်စီနယ်မြေ အပါအဝင် သက်ဆိုင်ရာတိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တာဝန်ရှိသူများထံသို့ ဖေဖော်ဝါရီ ၈ ရက်ထိ ဆက်သွယ်စုံစမ်းလှူဒါန်းနိုင်ကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်။

---

☆ **ကျောဖုံးမှအဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအနေဖြင့် နိုင်ငံတော်တာဝန်ကို ထမ်းဆောင်ရာတွင် ရှေ့လုပ်ငန်းစဉ် (၅)ရပ်ကို ချမှတ်ခဲ့ပြီး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတကာအသိုက်အဝန်းအနေဖြင့် အကြမ်းဖက်မှုများနှင့် အဖျက်အမှောင့်လုပ်ရပ်များ ပိုမိုအားကောင်းလာစေမည့် ထုတ်ပြန်မှုများ ပြုလုပ်နေမည့်အစား ပြည်သူများ၏ဆန္ဒနှင့်အညီ ဒီမိုကရေစီလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်ရေးအတွက် အစိုးရကဆောင်ရွက်နေသည့် ကြိုးပမ်းအားထုတ်နေမှုများကို ကုလသမဂ္ဂပဋိညာဉ်စာတမ်းပါ အဖွဲ့ဝင်နိုင်ငံများ၏ အချုပ်အခြာအာဏာ တန်းတူညီမျှမှုကို လေးစားလျက် အပြုသဘော အထောက်အကူပြုသင့်သည်။

နိုင်ငံတော်အစိုးရအနေဖြင့် ၂ဝ၂ဝ ပြည့်နှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပေါ်ခဲ့သည့် မဲမသမာမှုများနှင့် တရားမဲ့ပြုကျင့်မှုများ၊ ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တွင် အုပ်ချုပ်ရေးအာဏာကို အလွဲသုံးစားပြုမှုများကို သက်သေပြခဲ့ပြီး တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ဒီမိုကရေစီအခွင့်အရေး မဆုံးရှုံးစေရန် တစ်နိုင်ငံလုံး အကြားအလပ်မရှိသည့် ရွေးကောက်ပွဲကျင်းပနိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ ရွေးကောက်ပွဲသည် စစ်မှန်သောဒီမိုကရေစီစနစ်အတွက် မဖြစ်မနေလိုအပ်သည့် အခြေခံလမ်းစဉ်တစ်ရပ်ဖြစ်သည်။ နိုင်ငံအချို့နှင့် ကုလသမဂ္ဂတာဝန်ရှိသူအချို့အနေဖြင့် မြန်မာနိုင်ငံကို ဒီမိုကရေစီလမ်းကြောင်းပေါ် ပြန်လည်ရောက်ရှိရေး တိုက်တွန်းလျက်ရှိသော်လည်း တစ်ဖက်တွင် လွတ်လပ်မျှတသည့် ရွေးကောက်ပွဲကျင်းပရေး အစိုးရ၏ ကြိုးပမ်းမှုများအပေါ် ပြစ်တင်ဝေဖန်လျက်ရှိသည်မှာ ရှေ့နောက်မညီကြောင်း တွေ့ရှိရသည်။

လူသားချင်းစာနာထောက်ထားမှု အကူအညီပေးအပ်ရေးကဏ္ဍနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံအနေဖြင့် ဘေးအန္တရာယ်ကျရောက်မှုအတွက် လူသားချင်းစာနာထောက်ထားမှု အကူအညီများပေးအပ်ရေးဆိုင်ရာ အာဆီယံညှိနှိုင်းရေးဗဟိုဌာန(AHA Centre)နှင့်လည်းကောင်း၊ ကုလသမဂ္ဂလက်အောက်ခံ အေဂျင်စီများနှင့်လည်းကောင်း ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိသည်။ ကုလသမဂ္ဂလက်အောက်ခံ အေဂျင်စီများအနေဖြင့် မြန်မာနိုင်ငံ တိုင်းဒေသကြီးများနှင့် ပြည်နယ်များတွင် ရုံးခွဲများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည်ဖြစ်ရာ အမှန်စင်စစ်အားဖြင့် ၎င်းတို့ရရှိသင့်သည့်လုပ်ဆောင်ခွင့်(access) ရရှိနေမှုအပေါ် မေးခွန်းထုတ်ရန်ပင် မလိုအပ်ပါ။

မြန်မာနိုင်ငံကို ပုံမှန်အခြေအနေသို့ ရောက်ရှိစေလိုပါက မြန်မာအစိုးရက ရှေ့ဆက်ဆောင်ရွက်မည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ် ဆက်လက်အကောင်အထည်ဖော်ခြင်းမှတစ်ဆင့် နိုင်ငံတော်အေးချမ်းတည်ငြိမ်ရေးနှင့် ဒီမိုကရေစီဖြစ်ထွန်းရေး မြန်မာအစိုးရ၏ ကြိုးပမ်းဆောင်ရွက်မှုအပေါ် အသိအမှတ်ပြုရန် လိုအပ်သည်။ ကုလသမဂ္ဂရည်ရွယ်ချက်နှင့် အခြေခံမူများကို လိုက်နာရန်ပျက်ကွက်ပြီး မြန်မာနိုင်ငံပြည်တွင်းရေးကို စွက်ဖက်နေသည့် နိုင်ငံအချို့နှင့် လုပ်ပိုင်ခွင့်ကိုကျော်လွန်လုပ်ဆောင်နေသူ ကုလသမဂ္ဂမှ တာဝန်ရှိသူအချို့၏ တာဝန်မဲ့ပြောဆိုလုပ်ဆောင်ချက်များကို မြန်မာနိုင်ငံက ပြတ်သားစွာ ကန့်ကွက်ပယ်ချသည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန နေပြည်တော်**

**၂ဝ၂၂ ခုနှစ်၊ ဖေဖော်ဝါရီလ ၄ ရက်။**

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို ပြင်ဦးလွင်မြို့နယ် သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်ဆရာတော်ထံ အခွန်လွတ်သာသနာ့ဂရန်ဆက်ကပ်လှူဒါန်း၊ အခြေခံပညာ ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံများ ချီးမြှင့်



**မန္တလေး ဖေဖော်ဝါရီ ၄**

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုသည် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်၊ တိုင်းဒေသကြီး ဝန်ကြီးများနှင့်အတူ ပြင်ဦးလွင်မြို့နယ် ပြင်စာအုပ်စု သဒ္ဓမ္မပဇ္ဇောတာရုံကျောင်းတိုက်တွင် ပြုလုပ်သော အခွန်လွတ်သာသနာ့ဂရန် ဆက်ကပ်လှူဒါန်းခြင်းအခမ်းအနားသို့ ဖေဖော်ဝါရီ ၃ရက် နံနက်ပိုင်းတွင်ရောက်ရှိရာ အဆိုပါကျောင်းတိုက်ပဓာနနာယက ဆရာတော် ဘဒ္ဒန္တဇဝနအား ဖူးမြော်ကြသည်။

အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို၍ ဖွင့်လှစ်ကာ ပဓာနနာယကဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က အခွန်လွတ်သာသနာ့ဂရန်နှင့် လှူဖွယ်ပစ္စည်းများ၊ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကာ ရေစက်သွန်းချ အမျှပေးဝေပြီး ဗုဒ္ဓသာသနံစိရံတိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းတွင် ကျင်းပသည့် ပြင်ဦးလွင်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံများ ချီးမြှင့်ခြင်းအခမ်းအနားသို့ရောက်ရှိရာ ကျောင်းသား၊ ကျောင်းသူများက ဂုဏ်ပြုသီချင်းများဖြင့် အခမ်းအနားကို ဖွင့်လှစ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက ဂုဏ်ပြုစကားပြောကြားရာတွင် စာပေ အနုပညာတီထွင်ဖန်တီး ဖွင့်ဟဖော်ထုတ်မှုနှင့် ဗဟုသုတတို့တွင် ပျော်ရွှင်နိုးထလာအောင် ကြိုးစည်လုပ်ဆောင်ပေးတတ်ခြင်းသည် ဆရာ၊ ဆရာမတို့၏ အနုပညာပင်ဖြစ်ကြောင်း၊ ဆရာကောင်း၊ ဆရာမြတ်များကို မှီဝဲမှသာ တပည့်ဖြစ်သူများသည် သီလ၊ သမာဓိ၊ ပညာများ တိုးပွားနိုင်မည်ဖြစ်ကြောင်း၊ သင်ကြားသူ၊ သင်ယူသူ ဟန်ချက်ညီပြီး ဆရာ၊ မိဘ၊ ကျောင်းသားလက်တွဲညီညီဖြင့် အနာဂတ်လူ့အဖွဲ့အစည်းကို ကောင်းမွန်အောင်ဖန်တီးကြမည့် လူသားရတနာများကို တောက်ပြောင်လာအောင် ထုဆစ်ပြုပြင်ပေးကြရမည်ဖြစ်ကြောင်း၊ အခြေခံကောင်း၊ အုတ်မြစ်ကောင်းများရရှိသွားအောင်လည်း အလေးထားကြိုးစားသင်ကြား လေ့ကျင့်ပေးကြရမည်ဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက ရွေ့လုပ်ငန်းစဉ်၊ ဦးတည်ချက်တို့ကို ချမှတ်အကောင်အထည်ဖော်ဆောင်ရွက်နေကြောင်း၊ ဦးတည်ချက်များထဲမှ လူမှုရေးဦးတည်ချက်များအနက် တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေးတို့ကို အလေးထားဆောင်ရွက်နေကြောင်း၊ တိုင်းဒေသကြီးအတွင်း ကဏ္ဍများအလိုက် ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို နိုင်ငံတော်က ချမှတ်ထားသည့် မူဝါဒများနှင့်အညီ အနီးကပ်ကြီးကြပ်ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်တို့က ပြင်ဦးလွင်ခရိုင်အတွင်းရှိ အခြေခံပညာကျောင်းများမှ ဆရာ၊ ဆရာမ ၁၄၉၇ ဦးအတွက် ကျောင်းစိမ်းဝတ်စုံများ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို မိသားစုက ကျောင်းစာကြည့်တိုက်များအတွက် ဓမ္မဒါနအဖြစ်လှူဒါန်းသော ဘာသာရေးစာအုပ် ၁၅၂၀ ကို တာဝန်ရှိသူများထံ ပေးအပ်ပြီးနောက် မွန်းလွဲပိုင်းက တွေ့ဆုံကာ တင်ပြဆွေးနွေးမှုအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုက ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထိုမှတစ်ဆင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့်အဖွဲ့သည် ဆေးတက္ကသိုလ်(မန္တလေး)တွင် ကျင်းပသည့် (၅၆)ကြိမ်မြောက် မဟာဘုံကထိန်အောင်ပွဲနှင့် နိဗ္ဗာန်ဈေးပွဲတော် အခမ်းအနားသို့ ညနေပိုင်းတွင်ရောက်ရှိပြီး ပါမောက္ခချုပ်၊ ပါမောက္ခ ဌာနမှူးများ၊ ဆရာ၊ ဆရာမများက နိဗ္ဗာန်ဈေးပွဲတော်အတွင်း လိုက်ပါပြသရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကို၊ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် အဖွဲ့သည် ကျောင်းသား၊ ကျောင်းသူများ ပါဝင်ဆင်နွှဲနေမှုများကို လိုက်လံနှုတ်ဆက်အားပေးခဲ့ကြောင်းနှင့် မန္တလေးမြို့ဂုဏ်ဆောင်မြို့မတေးဂီတအဖွဲ့နှင့်တွဲဖက်၍ တင်ဆက်သည့် ကျောင်းသား၊ ကျောင်းသူများ၏ အငြိမ့်ဖြင့် ဖျော်ဖြေညှော်ခံမှုကို ကြည့်ရှုအားပေးပြီး ဂုဏ်ပြုငွေများ ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သတင်းရရှိသည်။




ကျောင်းသား၊ ကျောင်းသူများနှင့် ဆရာ၊ ဆရာမများ၏ ဂုဏ်ပြုသီဆိုကပြမှုများကို ကြည့်ရှုအားပေးကာ သီဆိုကပြခဲ့ကြသည့် အကအဖွဲ့များ၊ ဘင်ခရာအဖွဲ့များ၊ ပန်းဖွားအကအဖွဲ့များအတွက် ဂုဏ်ပြုငွေများ ချီးမြှင့်ပြီး ရင်းရင်းနှီးနှီးလိုက်လံနှုတ်ဆက်အားပေးသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဦးမောင်ကိုနှင့် အဖွဲ့သည် ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများကို ပြင်ဦးလွင်မြို့တော်ခန်းမ၌

**မျိုးကျော်**

# ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်းနှင့် ပြည်တွင်းစီးပွားရေးကုမ္ပဏီများ၊ လုပ်ငန်းရှင်များအကြား ခရီးသွားကဏ္ဍ အဆင့်မြှင့်တင်ရေးနှင့် မြန်မာ့ကော်ဖီ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာများ လက်မှတ်ရေးထိုး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ငပလီကမ်းခြေဒေသအတွင်း အပန်းဖြေအိမ်ရာစီမံကိန်းနှင့် ခရီးသွားဝန်ဆောင်မှုကဏ္ဍများ ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းသဘောတူစာချုပ် (MoU) လက်မှတ်ရေးထိုးခြင်း အခမ်းအနားနှင့် ကော်ဖီ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ခြင်းဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးခြင်း အခမ်းအနားကို ယနေ့မွန်းတည့် ၁၂ နာရီက Pan Pacific Hotel Yangon ၌ ကျင်းပသည်။

အခမ်းအနားသို့ ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း (RUSSIA-MYANMAR ASSOCIATION FOR-FRIENDSHIP & COOPERATION, RMAFC) ဥက္ကဋ္ဌ မစ္စတာ အန်နာသိုလီဘူးလော့ချ်နီကော့ ဦးဆောင်သော ရုရှားနိုင်ငံမှ စီးပွားရေးပညာရှင်များပါဝင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့ဝင်များ၊ Treasure of Ngapali Development Co.,Ltd မှ အမှုဆောင်အရာရှိချုပ်နှင့် အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ဝင်များ၊ ShwinPyawPyaw Trading Co.,Ltd တို့မှ အုပ်ချုပ်မှုဒါရိုက်တာနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တာဝန်ရှိသူများက ရခိုင်ပြည်နယ် သံတွဲမြို့ ငပလီကမ်းခြေဒေသအတွင်း ပိုမိုဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ခရီးသွားကဏ္ဍများ တိုးမြှင့်ဆောင်ရွက်သွားနိုင်ရေးကို အထောက်အကူပြုမည့်ကိစ္စ၊ ရုရှား-မြန်မာ ငပလီကမ်းခြေအိမ်ရာစီမံကိန်း စတင်အကောင်အထည်ဖော်ရေး၊ ကော်ဖီ စိုက်ပျိုး၊ ထုတ်လုပ်၊ တင်ပို့ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြပြီး နှစ်ဖက်သဘောတူစာချုပ် (MoU)များကို လက်မှတ်ရေးထိုးကြသည်။




ရုရှား-မြန်မာ ချစ်ကြည်ရေးအသင်း ဥက္ကဋ္ဌ မစ္စတာအန်နာသိုလီဘူးလော့ချ်နီကော့ ဦးဆောင်သော ချစ်ကြည်ရေးကိုယ်စားလှယ်အဖွဲ့များသည် ရခိုင်ပြည်နယ် သံတွဲမြို့ရှိ ငပလီကမ်းခြေဒေသသို့ ယခုခရီးစဉ်အတွင်း သွားရောက်ကွင်းဆင်းလေ့လာခဲ့ကြပြီး ဒေသခံအာဏာပိုင်အဖွဲ့အစည်းများနှင့် တာဝန်ရှိသူများကို တွေ့ဆုံကာ ရုရှား-မြန်မာ ခရီးသွားကဏ္ဍ တိုးမြှင့်လုပ်ဆောင်သွားနိုင်ရေးအတွက် ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မွန်ပြည်နယ်အစိုးရအဖွဲ့၏ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပ



မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ကြည်သိန်း မွန်ပြည်နယ် အစိုးရအဖွဲ့၏ (၁၁)ကြိမ်မြောက် မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲတွင် ဆုရရှိသည့် အသင်းကို ဆုပေးအပ် ချီးမြှင့်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မွန်ပြည်နယ်အစိုးရအဖွဲ့၏ မြန်မာ့ရိုးရာ ထမနဲထိုးပြိုင်ပွဲကို ဖေဖော်ဝါရီ ၃ ရက် ညနေပိုင်းတွင် မော်လမြိုင်မြို့ရှိ သံလွင်ဥယျာဉ်တောင်ဘက်ကွင်း၌ ပြုလုပ်ရာ မွန်ပြည်နယ်ဝန်ကြီးချုပ်ဦးအောင်ကြည်သိန်း၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်မြတ်သက်ဦး၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ပြိုင်ပွဲဝင် ထမနဲထိုးအသင်းများ တက်ရောက်ကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ တိုင်းမှူးနှင့် တက်ရောက်လာကြသူများက ပြိုင်ပွဲဝင်ထမနဲထိုး အသင်းများ၏ ထမနဲထိုးယှဉ်ပြိုင်နေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြသည်။

ယင်းနောက် ဆုပေးပွဲကို ဆက်လက်ပြုလုပ်ရာ ပထမ၊ ဒုတိယ၊ တတိယဆုရရှိကြသည့် ပြိုင်ပွဲဝင်အသင်းများကို ပြည်နယ်ဝန်ကြီးချုပ်ကလည်းကောင်း၊ အထူးဆုရရှိခဲ့ကြသည့် ပြိုင်ပွဲဝင်အသင်းများကို တိုင်းမှူးကလည်းကောင်း၊ နှစ်သိမ့်ဆုရရှိသည့်အသင်းများကို တာဝန်ရှိသူများကလည်းကောင်း ဆုများအသီးသီး ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို ဌာနဆိုင်ရာများနှင့် မော်လမြိုင်မြို့ပေါ်ရပ်ကွက်များမှ ပြိုင်ပွဲဝင်အသင်း ၅၁ သင်းဖြင့် ပါဝင်ယှဉ်ပြိုင်ခဲ့ကြကြောင်း သတင်းရရှိသည်။



အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၂၂)ကြိမ်မြောက် ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင် အခမ်းအနားနှင့်ဗုဒ္ဓပူဇနိယပွဲတော် မင်္ဂလာအခမ်းအနား ကျင်းပစဉ်။

# အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာအဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၂၂)ကြိမ်မြောက် ဗုဒ္ဓါဘိသေကဘုရားအနေကဇာတင် အခမ်းအနားနှင့် ဗုဒ္ဓပူဇနိယပွဲတော် မင်္ဂလာအခမ်းအနားကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် မင်းဓမ္မကုန်းမြေရှိ လောကချမ်းသာ အဘယလာဘမုနိ ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ (၂၂)ကြိမ်မြောက် ဗုဒ္ဓါဘိသေက ဘုရားအနေကဇာတင် အခမ်းအနားနှင့် ဗုဒ္ဓပူဇနိယပွဲတော် မင်္ဂလာအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် အဆိုပါဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၌ပြုလုပ်ရာ အင်းစိန်မြို့နယ် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် (ရွှေကျင်) အသောကာရုံရွှေကျင်စာသင်တိုက် ဦးစီးပဓာနနာယက ဘဒ္ဒန္တနန္ဒသာရအမှူးပြုသော သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ဦးစွာ တက်ရောက်လာကြသူများက ဆရာတော် ဘဒ္ဒန္တနန္ဒသာရထံမှ ကိုးပါးသီလ ခံယူဆောက်တည်ကြပြီး ဆရာတော်၊ သံဃာတော်များရွတ်ပွားသော ပရိတ်တရားတော်များကိုနာယူကာ ကြွရောက်လာကြသည့် သံဃာတော်များထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် ဆရာတော် ဘဒ္ဒန္တနန္ဒသာရထံမှ အနုမောဒနာတရားကို နာကြား၍ ရေစက်သွန်းချ အမျှပေးဝေကြပြီး သံဃာတော် ၁၈ ပါးတို့ကို ဆွမ်းဆန်စိမ်းများ လောင်းလှူခဲ့ကြကြောင်း သတင်းရရှိသည်။

# မင်္ဂလာဒုံမြို့နယ် အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း (အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ပညာရည်ချွန်ဘက်စုံထူးချွန်ဆုပေးပွဲ ကျင်းပ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်ရှိ အမှတ်(၂)အခြေခံပညာအထက်တန်းကျောင်း(အောင်ဆန်းသူရိယလှသောင်းကျောင်း)၏ ၂၀၂၂-၂၀၂၃ ပညာသင်နှစ် ပညာရည်ချွန်ဘက်စုံထူးချွန်ဆုပေးပွဲကို ယနေ့နံနက်ပိုင်းတွင် ကျောင်းခန်းမ၌ ကျင်းပပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေနှင့် အဖွဲ့ဝင်များ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသား၊ ကျောင်းသူများ၊ မိဘများ၊ ကျောင်းအကျိုးတော်ဆောင် အဖွဲ့ဝင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။



ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ညွန့်ဝင်းဆွေ အင်္ဂလိပ်စာစွမ်းရည်ပြိုင်ပွဲတွင် ဇဟိုအဆင့်ဆုရရှိသည့် ကျောင်းသားတစ်ဦးကို ဆုပေးအပ်ချီးမြှင့်စဉ်။

ဦးစွာတိုင်းမှူးက အဖွင့်အမှာစကား ပြောကြားပြီး တက်ရောက်လာကြသူများနှင့်အတူ ကျောင်းသား၊ ကျောင်းသူများ၏ တေးသီချင်းများဖြင့် တီးခတ်သီဆိုကပြဖျော်ဖြေမှုများကို ကြည့်ရှုအားပေးကြသည်။ ထို့နောက် ဆုပေးပွဲကိုဆက်လက်ပြုလုပ်ရာ အင်္ဂလိပ်စာနှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ဇဟိုအဆင့်ဆုရရှိသူများ၊ (၂၃)ကြိမ်မြောက် မြန်မာ့ရိုးရာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ အသက် ၁၀ နှစ်မှ ၁၅ နှစ်အတွင်း အမျိုးသား တယောအတီးပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိသူနှင့် ခြောက်ဘာသာဂုဏ်ထူးရှင် ခုနစ်ဦး၊ ငါးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ လေးဘာသာဂုဏ်ထူးရှင် ၂၃ ဦး၊ သုံးဘာသာဂုဏ်ထူးရှင် ၁၄ ဦး၊ နှစ်ဘာသာဂုဏ်ထူးရှင် ၂၄ ဦး၊ တစ်ဘာသာဂုဏ်ထူးရှင် ၆၈ ဦးတို့ကို တိုင်းမှူးနှင့် တာဝန်ရှိသူများက ဂုဏ်ပြုဆုများ အသီးသီးပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။

# တိုင်းစစ်ဌာနချုပ်အသီးသီး၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများပြုလုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၄**

မြန်မာတို့၏ ၁၂ လရာသီပွဲတော်များအနက် ကောက်ပဲသီးနှံ၊ ဆန်၊ စပါးတို့ ထွက်ရှိပြီး ဖူလုံစေသည့်လဖြစ်သော တပို့တွဲလတွင်အဖွဲ့လိုက် စုပေါင်းဆောင်ရွက်ရသည့် စည်းလုံးညီညွတ်မှုစွမ်းအားကို ဖြစ်စေသော မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို နိုင်ငံတစ်ဝန်းတွင် ဒေသအလိုက် စည်ကားသိုက်မြိုက်စွာ ကျင်းပလေ့ရှိကြသည်။ ထို့အတူတိုင်းစစ်ဌာနချုပ်အသီးသီး၌ အရာရှိ၊ စစ်သည်၊ မိသားစုများကလည်း မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲများကို ကျင်းပပြုလုပ်လျက်ရှိသည်။

ထိုသို့ ကျင်းပပြုလုပ်လျက်ရှိရာ ဖေဖော်ဝါရီ ၃ ရက်နှင့် ယနေ့တို့တွင် နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသတိုင်း စစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ်တို့၌ အသီးသီးကျင်းပပြုလုပ်ကြရာ အရာရှိ၊ စစ်သည်၊ မိသားစုများနှင့် တိုင်းစစ်ဌာနချုပ်အလိုက် ပြိုင်ပွဲဝင်အသင်းများက မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲကို စည်ကားသိုက်မြိုက်စွာပါဝင်ဆင်နွှဲကြသည်။

အဆိုပါ ထမနဲထိုးပြိုင်ပွဲများသို့ သက်ဆိုင်ရာတိုင်းဒေသကြီး ဝန်ကြီးချုပ်၊ တိုင်းစစ်ဌာနချုပ်အလိုက် တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများတွင် ဆုရရှိကြသည့်အသင်းများကို ဂုဏ်ပြုဆုများ အသီးသီး ပေးအပ်ချီးမြှင့်ခဲ့ကြကြောင်း သတင်းရရှိသည်။



အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၌ မြန်မာ့ရိုးရာထမနဲထိုးပြိုင်ပွဲ ကျင်းပစဉ်။

# ဖေဖော်ဝါရီ ၄ ရက် ထုတ်ပြန်ချက်တွင် ကိုဗစ်-၁၉ ရောဂါဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၄**

ဖေဖော်ဝါရီ ၃ ရက် ည ၈ နာရီမှ ယနေ့ည ၈ နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း ၃၇၀၁ ခုကို စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် သုံးဦး တွေ့ရှိခဲ့ကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

**ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုအခြေအနေ**

| | |
|---|---|
| ရောဂါပိုးတွေ့ရှိသူ စုစုပေါင်း | ၆၃၃၈၄၀ ဦး |
| သေဆုံးသူ | ၁၉၄၉၀ ဦး |
| ဆေးရုံဆင်းခွင့်ရရှိသူ | ၆၁၄၃၁၂ ဦး |

# ကယားပြည်နယ် တည်ငြိမ်အေးချမ်းရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက အကြမ်းဖက်ချေမှုန်းရေးဆောင်ရွက်မှု(Counter-Terrorism action )အပေါ် မီဒီယာကျင့်ဝတ်နှင့်မညီသော မီဒီညာ၊ မီဒီယာလိမ်များက သတင်းအမှားများ ဝါဒဖြန့်ချိ

နေပြည်တော် ဖေဖော်ဝါရီ ၄


ကယားပြည်နယ်အတွင်း KNPP အဖွဲ့နှင့် KNDF အမည်ခံအကြမ်းဖက်သမားများ၏ အုပ်ချုပ်ရေးအဆောက်အအုံများ ဘာသာရေးအဆောက်အအုံများ၊ ဆေးရုံ၊ ကျောင်းများနှင့် လူနေအဆောက်အအုံများအပေါ် လက်နက်ကြီး၊ လက်နက်ငယ်များ၊ Drop Bomb များဖြင့် နှောင့်ယှက်ပစ်ခတ်ခြင်းစသော အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ထိခိုက်ဒဏ်ရာရရှိမှုများအပေါ် မြို့နေပြည်သူများကကျေနပ်မှုမရှိသဖြင့် ၎င်းတို့အခြေပြုရာစခန်းကို သတင်းအတိအကျ ပေးပို့လာမှုအရ တပ်မတော်စစ်ကြောင်းများက လေကြောင်းပစ်ကူ၊ အမြောက်ပစ်ကူများရယူ၍ အကြမ်းဖက်ချေမှုန်းရေးဆောင်ရွက်မှု(Counter-Terrorism Action ) အပေါ် မီဒီယာကျင့်ဝတ်နှင့်မညီသော မီဒီညာ၊မီဒီယာလိမ်များက သတင်းအမှားများ ဝါဒဖြန့်ချိလျက်ရှိကြောင်း တွေ့ရှိရသည်။

KNPP အဖွဲ့နှင့်KNDF အမည်ခံအကြမ်းဖက်သမားများသည် ကယားပြည်နယ်အတွင်း တည်ငြိမ်အေးချမ်းမှု ပျက်ပြားစေရေးအတွက် အကြမ်းဖက်လုပ်ရပ်များကို နည်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိရာ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၄ ရက်တွင် မြန်မာအမျိုးသားလေကြောင်းလိုင်းမှ အရပ်ဘက်ခရီးသည်တင် လေယာဉ်သည် လွိုင်ကော်လေဆိပ်သို့ ဆင်းသက်စဉ် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၁၂ ရက်တွင် လွိုင်ကော်တက္ကသိုလ်နှင့် အကျဉ်းထောင်တို့ကို ပစ်ခတ်ခြင်း၊ ဇူလိုင် ၆ ရက်တွင် လောပိတသဘော်ပင်စခန်းနှင့် ဘီးလူးချောင်း (၁၀)မိုင်ကုန်းစခန်းတို့ကို လက်နက်ကြီးများဖြင့် လာရောက်ပစ်ခတ်ခြင်း၊ စက်တင်ဘာ ၃၀ ရက်၌ အရပ်ဘက်ခရီးသည်ပို့ဆောင်ရေးလေယာဉ် ATR- 72 ကို ပစ်ခတ်တိုက်ခိုက်ခြင်း၊ နိုဝင်ဘာ ၁၁ ရက်တွင် လေဆိပ်သို့ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃ ရက်တွင် လေဆိပ်သို့ Drop Bomb များဖြင့် နံနက်ပိုင်းတွင် တစ်ကြိမ်၊ညနေပိုင်းတွင် တစ်ကြိမ်တိုက်ခိုက်ခြင်း၊ ၂၀၂၂ ခုနှစ် စက်တင်ဘာ ၁၈ ရက်နှင့် ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၁၃ ရက်တို့တွင် လွိုင်လင်လေးနယ်မြေခံတပ်ရင်းသို့ လက်နက်ကြီးများဖြင့် လာရောက် ပစ်ခတ်တိုက်ခိုက်ခြင်းစသည့် အကြမ်းဖက်မှုများ ပြုလုပ်လာခဲ့သဖြင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ထိခိုက်ဒဏ်ရာရရှိမှုများရှိခဲ့သည်။

ထို့ပြင် ကယားပြည်နယ်၏ နေ့ထူးနေ့မြတ်ဖြစ်သည့် (၇၁)နှစ်မြောက် ကယားပြည်နယ်နေ့အထိမ်းအမှတ် မုခ်ဦးဖွင့်ပွဲ အခမ်းအနားကို ဇန်နဝါရီ ၁၅ ရက်တွင် လွိုင်ကော်ပြည်နယ်ခန်းမရှေ့၌ ဒေသခံတိုင်းရင်းသားပြည်သူများဖြင့် စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိရာ နံနက် ၇ နာရီ ၁၅ မိနစ်ခန့်တွင် လွိုင်ကော်မြို့၏ အရှေ့မြောက်ဘက် မီတာ ၄၀၀၀ ခန့်အကွာမှ လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လူနေရပ်ကွက်များအတွင်းသို့ လက်နက်ကြီးကျည်များ ကျရောက်ပေါက်ကွဲခဲ့မှုကြောင့် လုံခြုံရေးတပ်ဖွဲ့ဝင်အချို့နှင့် ကျောင်းသား၊ ကျောင်းသူကလေးငယ် ခြောက်ဦး၊ အပြစ်မဲ့ပြည်သူအမျိုးသား တစ်ဦးနှင့် အမျိုးသမီး တစ်ဦးတို့ ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး အမျိုးသား တစ်ဦး သေဆုံးခဲ့သည်။ အကြမ်းဖက်အဖွဲ့များအနေဖြင့် ၂၀၂၂ ခုနှစ် ဒီဇင်ဘာ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်ခဲ့မှု စုစုပေါင်း ၂၁ကြိမ်ပြုလုပ်ခဲ့သည်။

ထိုသို့ အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လျက်ရှိသဖြင့် လုံခြုံရေးတပ်ဖွဲ့များက ၎င်းတို့အကြမ်းဖက်မှုများလုပ်ဆောင်ရန်အခြေပြုသည့် နေရာများနှင့် လက်နက်ကြီးပစ်ခတ်သည့်နေရာများကိုအကြမ်းဖက်ချေမှုန်းရေး ဆောင်ရွက်မှု(Counter-Terrorism Action)များ လုပ်ဆောင်ခဲ့ရာ မယ်တော်ဂူ၊ ကျိုက်ထီးရိုးလေး၊ လွယ်တမူဒေသနှင့် လွိုင်ကော်မြို့ ပတ်ဝန်းကျင် တစ်ဝိုက်တို့တွင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလ ၁ ရက်မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီ ၃၁ ရက်ထိ ထိတွေ့တိုက်ပွဲပေါင်း ၅၅ ကြိမ် ဖြစ်ပွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်အချို့ ထိခိုက်ဒဏ်ရာများရရှိခဲ့ပြီး အကြမ်းဖက်အဖွဲ့များထံမှ အလောင်း၊ လက်နက်၊ခဲယမ်းများနှင့် ဆက်စပ်ပစ္စည်းများ သိမ်းဆည်းရမိခဲ့သည်။

KNDF တပ်ရင်း(၁၀) မှ အကြမ်းဖက်သမားများ ခိုအောင်းအခြေပြုနေသည့် ဆင်စခန်း နေရာပြပုံ



အကြမ်းဖက်အဖွဲ့များ၏ ရက်စက်သော အကြမ်းဖက်လုပ်ရပ်များကြောင့် အပြစ်မဲ့ပြည်သူများ သေဆုံး၊ ဒဏ်ရာရရှိမှုများအပေါ် မလိုလားသည့် ဒေသခံပြည်သူများ၏တိကျစွာသတင်းပေးပို့မှုနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ မြေပြင်သတင်းစိစစ်ဖော်ထုတ်ချက်များအရ လွိုင်ကော်မြို့၏ အရှေ့မြောက်ဘက် ၁၀ မိုင်ခန့်အကွာ ဒေသအခေါ် ဆင်စခန်း၌ အကြမ်းဖက်လုပ်ရပ်များလုပ်ဆောင်လျက်ရှိသော KNDFတပ်ရင်း(၁၀)အခြေပြုနေကြောင်း သိရှိရ၍ ဖေဖော်ဝါရီ ၃ ရက်တွင် လေကြောင်းပစ်ကူနှင့် အမြောက်ပစ်ကူများရယူကာ အကြမ်းဖက်ချေမှုန်းရေးဆောင်ရွက်မှု(Counter-Terrorism action )ပြုလုပ်ခဲ့ရာ အကြမ်းဖက်သမားများ ထိခိုက်ကျဆုံးခဲ့ပြီး ၎င်းတို့၏ လက်နက်၊ ခဲယမ်းများနှင့်အဆောက်အအုံများ ထိခိုက်ဆုံးရှုံးခဲ့ကြောင်း မြေပြင်သတင်းဖော်ထုတ်ချက်များအရ သိရသည်။

၎င်းဖြစ်စဉ်အပေါ် KNPP အဖွဲ့နှင့် KNDF အမည်ခံအကြမ်းဖက်အဖွဲ့များက မီဒီညာ၊ မီဒီယာလိမ်များမှတစ်ဆင့် KNDF တပ်ရင်း(၁၀)အခြေပြုရာစခန်းကို စစ်ဘေးရှောင်စခန်းအဖြစ်ပုံဖော်၍ စစ်ဘေးရှောင်များ၏ ဆေးကုသရာ ဆေးခန်း၊ စာသင်ကျောင်းနှင့်ရိက္ခာဂိုဒေါင်တို့ကိုတပ်မတော်က တိုက်ပွဲဖြစ်ပွားခြင်းမရှိဘဲ အကြောင်းမဲ့ လေကြောင်းမှ လာရောက်ဗုံးကြဲသည့် အသွင်သဏ္ဌာန်ဖြင့် ကောလာဟလများ မဟုတ်မမှန် ဝါဒဖြန့်ချိလျက်ရှိသည်။

ထိုကဲ့သို့ပြည်ဖျက်မီဒီယာများ၏မဟုတ်မမှန်သတင်းအမှားများ ဖြန့်ချိမှုများကို ပြည်သူများအနေဖြင့် သိရှိနိုင်ပါရန်နှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များအနေဖြင့် နယ်မြေဒေသတည်ငြိမ်အေးချမ်းရေးအတွက် ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အကြမ်းဖက်ချေမှုန်းရေး ဆောင်ရွက်မှု(Counter-Terrorism action)များဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများ လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများကို ဖော်ထုတ်အရေးယူ

နေပြည်တော် ဖေဖော်ဝါရီ ၄

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့်ပြည်သူလူထုကို အကြောက်တရားများဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များကတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်မျှဝေခြင်း၊ အားပေးကူညီခြင်းများပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၂(က)၊ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ရေးဥပဒေပုဒ်မ ၃၃(က) နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှား စီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများကတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် အမှတ်(၃၇)ရပ်ကွက်နေ ငွေဖြိုးပိုင်(ခ)ဝေဖြိုးသည် ၎င်းအသုံးပြုသည့် “Wai Phyo” Facebook အကောင့်၊ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ် အညာတောကျေးရွာနေ ထွန်းရဲအောင်သည် ၎င်းအသုံးပြုသည့် “Ye Tun Aung” Facebook အကောင့်တို့သည် အသိပေးသတင်းထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကိုပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့်အတွက် တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများဆောင်ရွက်ခဲ့ရသည်။

ထိုကဲ့သို့ CRPH၊ NUG နှင့်ယင်းတို့၏ လက်အောက်ခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများကို ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများကို ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း မိဘပြည်သူများ သိရှိနိုင်ရေး အသိပေးသတင်းထုတ်ပြန်အပ်ပါသည်။

**အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်**

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကို သတ်ဖြတ်၊လုယက်ခြင်းကို CRPH၊NUG၊PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လုယက်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏လက်နက်၊ ခဲယမ်းကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဩစတြေးလျနိုင်ငံမြောက်ဘက်ကမ်းရိုးတန်းတွင် မုန်တိုင်းတိုက်ခတ်မှုကြောင့် နေအိမ်နှင့်ကားများ ပျက်စီး



**ကင်ဘာရာ ဖေဖော်ဝါရီ ၄**

ဩစတြေးလျနိုင်ငံ မြောက်ဘက်ကမ်းရိုးတန်းတွင် ဖေဖော်ဝါရီ ၃ ရက်က ဆိုင်ကလုန်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် လူနေအိမ်နှင့် ကားများပျက်စီးခဲ့ကြောင်း News.com.au သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြထားသည်။

ဩစတြေးလျနိုင်ငံ မြောက်ဘက်ကမ်းရိုးတန်းရှိ Port Macquarie မြို့ကိုဦးတည်၍ ရုတ်တရက်တိုက်ခတ်ခဲ့သော မုန်တိုင်းအရှိန်ကြောင့် လူနေအိမ်များ၊ ကားများပျက်စီးခဲ့ပြီး သစ်ပင်များပြိုလဲကာ ဓာတ်အားလိုင်းများ ပြတ်တောက်ခဲ့ကြောင်း အဆိုပါသတင်းဌာနက ရေးသားဖော်ပြထားသည်။

ဖေဖော်ဝါရီ ၃ ရက် ညနေပိုင်းတွင် ရုတ်တရက်မိုးရွာသွန်းပြီး လေပြင်းများတိုက်ခတ်ရာမှဆိုင်ကလုန်းမုန်တိုင်းအဖြစ် ပြောင်းလဲသွားကာ လေတိုက်နှုန်းမှာ တစ်နာရီ ကီလိုမီတာ ၁၂၀ နှုန်းထိ တိုက်ခတ်ခဲ့ကြောင်း သိရသည်။

မုန်တိုင်းကြောင့် အိမ်ခေါင်မိုးများလန်ထွက်ခြင်း၊ သစ်ပင်များကျိုးကျမှုကြောင့် ဓာတ်အားလိုင်းများ ပြတ်တောက်ခြင်း၊ ကားများပျက်စီးခြင်းတို့ဖြစ်ပေါ်ခဲ့ပြီး ပြည်နယ်အရေးပေါ်ဌာနသို့ အကူအညီတောင်းခံမှုပေါင်း ၁၇၀ ကို လက်ခံရရှိခဲ့ကြောင်း ဌာနမှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

ထို့ပြင် မြို့တွင်းရှိစီးပွားရေးလုပ်ငန်းများနှင့်လူနေအိမ် ၁၁၀၀၀ ခန့် လျှပ်စစ်မီးပြတ်တောက်ခဲ့ရကြောင်းနှင့် လျှပ်စစ်မီးအမြန်ပြန်လည်ရရှိရေးအတွက် မြို့တော်၏ အဓိကလျှပ်စစ်ဓာတ်အားပေးရေးကုမ္ပဏီဖြစ်သည့် Essential Energy က ဝန်ထမ်းများ တိုးမြှင့်စေလွှတ်၍ လုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ AZH

# ဥရုဂွေးနိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်း မိုးခေါင်ရေရှားပါးမှုကြောင့် စီးပွားရေးကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၅ ဘီလီယံထိ ဆုံးရှုံး

**မွန်တီဗီဒီယို ဖေဖော်ဝါရီ ၄**

ဥရုဂွေးနိုင်ငံတွင် ၂၀၂၂ ခုနှစ်အတွင်း ဆိုးရွားသည့် မိုးခေါင်ရေရှားပါးမှုပြဿနာဖြင့် ရင်ဆိုင်ခဲ့ရပြီးနောက် ပြည်တွင်းထုတ်ကုန်(GDP) ကျဆင်းကာ စီးပွားရေးကဏ္ဍမှ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၅ ဘီလီယံထိ ဆုံးရှုံးခဲ့ရကြောင်း ဥရုဂွေးအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်ဟု Rio Times သတင်းဌာနက ယနေ့တွင် ရေးသားဖော်ပြခဲ့သည်။

မိုးခေါင်ရေရှားပါးမှုကြောင့် အဓိကအရှုံးပေါ်ခဲ့ရသော စီးပွားရေးလုပ်ငန်းများမှာ မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းကဏ္ဍမှဖြစ်ကြောင်း မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာနက ထုတ်ပြန်ခဲ့ကြောင်း၊ ဆုံးရှုံးခဲ့ရသော ငွေကြေးပမာဏမှာ ပုံမှန် ဥရုဂွေးနိုင်ငံ တစ်နှစ်တာပြည်တွင်းထုတ်ကုန်(GDP)၏ ၁ ဒသမ ၉ ရာခိုင်နှုန်းဖြစ်ကြောင်း ဥရုဂွေးစီးပွားရေးဝန်ကြီးဌာနက တွက်ချက်ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မိုးခေါင်ရေရှားပါးမှုပြဿနာကြောင့် ၂၀၂၂ ခုနှစ်အတွင်းမှာ ပျက်စီးဆုံးရှုံးမှုများစွာ ဖြစ်ပေါ်ခဲ့ပါတယ်။ ပြည်တွင်းထုတ်ကုန်(GDP)



ဟာ ပုံမှန်ထက် ၁ ဒသမ ၉ ရာခိုင်နှုန်းထိကျဆင်းခဲ့ပါတယ်။ ပျက်စီးဆုံးရှုံးခဲ့ရတဲ့ ငွေကြေးပမာဏဟာ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၅ ဘီလီယံထိ ရှိခဲ့ပါတယ်။ မိုးခေါင်ရေရှားပါးမှုအခြေအနေ ဒီထက်ပိုဆိုးလာရင်တော့ စီးပွားရေးလုပ်ငန်းအတွက် အခြားအစီအမံတွေ ဆောင်ရွက်သွားဖို့ စီစဉ်သွားရမယ်"ဟု မွေးမြူရေး၊ စိုက်ပျိုးရေးနှင့် ရေလုပ်ငန်းဝန်ကြီး ဖာနန်ဒိုက ပြောကြားခဲ့သည်။

မိုးခေါင်ရေရှားပါးမှုကြောင့် ဥရုဂွေးအာဏာပိုင်အဖွဲ့အစည်းက ၂၀၂၂ ခုနှစ် အောက်တိုဘာလကို စိုက်ပျိုးရေးကဏ္ဍအတွက် အရေးပေါ်အခြေအနေ သတ်မှတ်ခဲ့ရကြောင်း၊ ဥရုဂွေးစီးပွားရေးဝန်ကြီးဌာန၏ ဆုံးရှုံးခဲ့ရသောငွေကြေးပမာဏ အမေရိကန်ဒေါ်လာ ၁ ဒသမ ၁၇၅ ဘီလီယံမှကဏ္ဍအလိုက် ဆုံးရှုံးမှုများကို အသေးစိတ်တွက်ချက်ဖော်ပြချက်အရ စိုက်ပျိုးရေးကဏ္ဍမှ ပျက်စီးဆုံးရှုံးမှုပမာဏမှာ အမေရိကန်ဒေါ်လာသန်း ၄၉၀၊ မွေးမြူရေးကဏ္ဍမှ အမေရိကန်ဒေါ်လာသန်း ၄၄၀၊ နို့ထွက်ပစ္စည်းကဏ္ဍမှ အမေရိကန်ဒေါ်လာ သန်း ၁၀၀ ဖြစ်ကြောင်း သိရသည်။ ခိုင်ဆက်

# တောင်ပိုင်းဩစတြေးလျပြည်နယ်တွင် မာရေးမြစ်ရေလျှံတက်မှုကြောင့် ရေမြုပ်နေသည့်လမ်းမကြီးများပိတ်ထား

**ကင်ဘာရာ ဖေဖော်ဝါရီ ၄**

ဩစတြေးလျနိုင်ငံ တောင်ပိုင်းဩစတြေးလျပြည်နယ်တွင် ဖေဖော်ဝါရီ ၂ ရက်က မိုးသည်းထန်စွာရွာသွန်းသဖြင့် မာရေးမြစ်ရေလျှံတက်မှုကြောင့် ရေမြုပ်နေသည့်လမ်းမကြီးများကိုပိတ်ထားပြီး မော်တော်ယာဉ်များ ဖြတ်သန်းသွားလာခွင့်မပြုကြောင်း ဩစတြေးလျအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ထားသည်ဟု Canberra Times သတင်းဌာနက ဖေဖော်ဝါရီ ၃ ရက်က ရေးသားဖော်ပြခဲ့သည်။

တောင်ပိုင်းဩစတြေးလျပြည်နယ်ကိုလည်း ရေဘေးအန္တရာယ် အရေးပေါ်အခြေအနေသတ်မှတ်ထားကြောင်း၊ ရေဘေးအန္တရာယ်ဖြင့် အဓိကရင်ဆိုင်နေရသော ဒေသများမှာ အဒယ်လိတ်မြို့ဖြစ်ပြီး ဝယ်လင်တန်မြို့ရှိ လမ်းမကြီးတချို့လည်း ရေမြုပ်နေကာ မြို့အလိုက်မှ ကောင်စီအဖွဲ့ဝင်များက ရေဘေးကယ်ဆယ်ရေးလုပ်ငန်းများဆောင်ရွက်ရန်အတွက် ကယ်ဆယ်ရေးဝန်ထမ်းများ စေလွှတ်ပေးထားပြီး ရဲတပ်ဖွဲ့ဝင်များကလည်း ပိတ်ထားသောလမ်းမကြီးများအသုံးမပြုရေးအတွက် စောင့်ကြပ်လျက်ရှိသည်ဟု တောင်ပိုင်းဩစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့ကြောင်း သိရသည်။

"မာရေးမြစ်ရေလျှံတက်မှုကြောင့် ရေကြီးရေလျှံမှုတွေဖြစ်ပေါ်နေပါတယ်။ လမ်းမကြီးတွေပေါ်မှာ ရေလွှမ်းမိုးမှုတွေ ဖြစ်ပေါ်နေတဲ့အတွက် ရေမြုပ်နေတဲ့ လမ်းမကြီးတွေပေါ်မှာ မော်တော်ယာဉ်တွေ လုံးဝအသုံးမပြုကြဖို့ တားမြစ်ထားပါတယ်။ တောင်ပိုင်းဩစတြေးလျပြည်နယ်ကိုလဲ ရေဘေးအန္တရာယ် အရေးပေါ် အခြေအနေအဖြစ် သတ်မှတ်ထားပါတယ်။ ရေဘေးအန္တရာယ်ဖြစ်ပေါ်နေတဲ့ ဒေသခံတွေအနေနဲ့ မလိုလားအပ်တဲ့ဆုံးရှုံးမှုတွေ မဖြစ်ပေါ်စေဖို့အတွက် သတိပေးချက်တွေကို လိုက်နာပေးဖို့ လိုအပ်ပါတယ်။ ရေကြီးရေလျှံမှုပမာဏတွေကိုလဲ အချိန်ပြည့်စောင့်ကြည့်သတိထားဖို့လဲ လိုအပ်ပါတယ်"ဟု တောင်ပိုင်းဩစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းမှ ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

တောင်ပိုင်းဩစတြေးလျပြည်နယ် အာဏာပိုင်အဖွဲ့အစည်းက လူနေအိမ်များနှင့် မိသားစုဝင်များ ရေဘေးအန္တရာယ်ကြောင့် မလိုလားအပ်သော ဆုံးရှုံးမှုများမဖြစ်ပေါ်စေရေးအတွက် ရေဘေးအန္တရာယ် သတိပေးချက်များကို ဖုန်းအလိုက် အဆင့်သတ်မှတ်ကာ ထုတ်ပြန်ပေးထားသည်။ ခိုင်ဆက်

# နယူးအင်္ဂလန်နယ်မြေတွင် နှင်းမုန်တိုင်းဝင်ရောက်ပြီး လာမည့်ရက်ပိုင်းအတွင်း အအေးဓာတ်လွန်ကဲနိုင်

**ဝါရှင်တန် ဖေဖော်ဝါရီ ၄**

အမေရိကန်နိုင်ငံ နယူးအင်္ဂလန်နယ်မြေတွင် နှင်းမုန်တိုင်းဝင်ရောက်တိုက်ခတ်နေပြီး လာမည့်ရက်ပိုင်းအတွင်း အအေးဓာတ်လွန်ကဲလာနိုင်ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဝန်ဆောင်မှုအဖွဲ့အစည်းက သတိပေးချက်ထုတ်ပြန်ခဲ့သည်ဟု US News သတင်းဌာနက ဖေဖော်ဝါရီ ၃ ရက်တွင် ရေးသားဖော်ပြခဲ့သည်။

နှင်းမုန်တိုင်းအားကောင်းလာဖွယ်ရှိနေပြီး စံချိန်တင် အပူချိန်မြင့်တက်မှုဖြင့် ရင်ဆိုင်ရဖွယ်ရှိနေသည့်အတွက် ကြိုတင်ပြင်ဆင်မှုများပြုလုပ်ထားရန်လိုအပ်ကြောင်း၊ သမိုင်းတစ်လျှောက် အအေးဓာတ်အမြင့်မားဆုံးအခြေအနေဖြင့် ရင်ဆိုင်ရဖွယ်ရှိနေပြီး အအေးဓာတ်ပမာဏမှာလည်း အနုတ် ၄၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်ကြောင်း အမေရိကန်အမျိုးသားမိုးလေဝသဝန်ဆောင်မှုအဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။

"နယူးအင်္ဂလန်နယ်မြေမှာ နှင်းမုန်တိုင်းတိုက်ခတ်နေပါတယ်။ နှင်းမုန်တိုင်းကြောင့် သမိုင်းတစ်လျှောက် အမြင့်မားဆုံးသောအအေးဓာတ်လွန်ကဲမှုနဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ အအေးဓာတ်ပမာဏက အနုတ် ၄၆ ဒီဂရီစင်တီဂရိတ်ထိ မြင့်တက်လာနိုင်တဲ့အတွက် တစ်ခါမှမကြုံဖူးတဲ့ အအေးဓာတ်နဲ့ ရင်ဆိုင်ရဖွယ်ရှိနေပါတယ်။ နှင်းမုန်တိုင်းဟာ မိန့်ပြည်နယ်ကနေ ပန်ဆယ်ဗေးနီးယားပြည်နယ် မြောက်ဘက်ပိုင်းထိ ရောက်ရှိသွားဖွယ်ရှိနေပါတယ်။ နှင်းမုန်တိုင်းကြောင့် လေတိုက်နှုန်းဟာ တစ်နာရီကို ကီလိုမီတာ ၁၆၀ ထိ မြင့်တက်သွားနိုင်ပါတယ်။ လက်ရှိ နှင်းမုန်တိုင်းဝင်ရောက်တဲ့ ဒေသတွေမှာ အအေးဓာတ်ဟာ အနုတ် ၅ ဒီဂရီစင်တီဂရိတ်ထိ ရောက်ရှိနေပြီဖြစ်ပါတယ်"ဟု အမေရိကန်အမျိုးသားမိုးလေဝသဝန်ဆောင်မှုအဖွဲ့မှပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားခဲ့သည်။

နှင်းမုန်တိုင်း ဝင်ရောက်တိုက်ခတ်မှုကြောင့် နယူးအင်္ဂလန်နယ်မြေတွင် လူနေအိမ်အမြောက်အမြား လျှပ်စစ်မီးပြတ်တောက်မှုဖြင့် ရင်ဆိုင်နေရကြောင်း နယူးအင်္ဂလန်နယ်မြေအာဏာပိုင်အဖွဲ့အစည်းက ထုတ်ပြန်ခဲ့သည်။ ခိုင်ဆက်

# ကနေဒါနိုင်ငံ ဖရေဆာချိုင့်ဝှမ်းတွင် ရေလွှမ်းမိုးမှု ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၉ သန်း ခွင့်ပြု

**အော့တဝါ ဖေဖော်ဝါရီ ၄**

ကနေဒါနိုင်ငံ ဖရေဆာချိုင့်ဝှမ်းဒေသတွင် ၂၀၂၁ ခုနှစ် ရေလွှမ်းမိုးမှုဖြစ်စဉ်ကဲ့သို့ ထပ်မံမဖြစ်ပွားစေရန်အတွက် ပြင်ဆင်မှုနှင့် ကြိုတင်ကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်ရန် ပြည်နယ်အစိုးရက အရေးပေါ်ကြိုတင်ပြင်ဆင်ရေးရန်ပုံငွေမှ တစ်ဆင့် အမေရိကန်ဒေါ်လာ ၂၃ ဒသမ ၉ သန်းကို ဖေဖော်ဝါရီ ၃ ရက်က ခွင့်ပြုပေးခဲ့ကြောင်း Hope Standard သတင်းဌာနက ယနေ့ရေးသားဖော်ပြထားသည်။

အဆိုပါရန်ပုံငွေတွင် ဖရေဆာချိုင့်ဝှမ်းဒေသ ချီလီဝက်မြို့ရှိ ရေနုတ်မြောင်းများနှင့် ရေစုပ်စက်များ အဆင့်မြှင့်တင် တည်ဆောက်ရန်အတွက် အမေရိကန်ဒေါ်လာ ၁၅၀၀၀၀ လည်း အပါအဝင်ဖြစ်ပြီး ချီလီဝက်ခ် ရေနုတ်မြောင်းသည် ချီလီဝက်ခ်မြို့မှတစ်ဆင့် ကျေးရွာဒေသနှစ်ခုကို ဖြတ်သန်း၍ ဖရေဆာမြစ်ထဲသို့ စီးဝင်ကြောင်း သိရသည်။

ပြည်နယ်အစိုးရအနေဖြင့် သဘာဝဘေးအန္တရာယ်၊ ရာသီဥတုပြောင်းလဲမှုကာကွယ်ရေးနှင့် ကြိုတင်ပြင်ဆင်ရေး လုပ်ငန်းများအတွက် အဆိုပါရန်ပုံငွေကို ဒေသန္တရအစိုးရဌာန ၄၉ ခုနှင့် ကနေဒါပြည်သူများအား ခွဲဝေပေးမည်ဖြစ်ကြောင်း သိရသည်။

ရန်ပုံငွေအတည်ပြုပေးမှုနှင့် ပတ်သက်၍ အရေးပေါ်စီမံခန့်ခွဲမှုနှင့်ရာသီဥတုဆိုင်ရာအသင့်ပြင်ဆင်ရေးဝန်ကြီး Bowinn Ma က ဆိုးရွားသည့်အပူချိန်များ၊ မိုးခေါင်ရေရှားမှုများ၊ ရေကြီးရေလျှံမှုများကို ခံစားခဲ့ရကြောင်း၊ ၂၀၂၁ ခုနှစ်က ဖြစ်ပွားခဲ့သော ရေလွှမ်းမိုးမှုကို ရည်ညွှန်းပြောကြားခဲ့သည်။

ရာသီဥတုနှင့်ဆက်စပ်ဖြစ်ပေါ်လာသော အရေးပေါ်အခြေအနေများ လျော့ပါးသက်သာစေရန်နှင့် ကြိုတင်ပြင်ဆင်မှုများ ပြုလုပ်ထားရန်လိုအပ်ကြောင်း၊ ပြည်နယ်အတွင်းသဘာဝဘေးဒဏ်ခံနိုင်ရည်ရှိရေး အစိုးရဌာနအားလုံးနှင့်ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကာ ရေလွှမ်းမိုးမှုကာကွယ်ရေးနှင့် အခြေခံအဆောက်အအုံဆိုင်ရာ လုပ်ငန်းများကို အကောင်းဆုံးလုပ်ဆောင်ရန်မှာ အတူတကွပူးပေါင်းလုပ်ဆောင်ခြင်းပင်ဖြစ်ကြောင်း အရေးပေါ်စီမံခန့်ခွဲမှု နှင့်ရာသီဥတုဆိုင်ရာ အသင့်ပြင်ဆင်ရေးဝန်ကြီး Bowinn Ma က ပြောကြားခဲ့သည်။ AZH

0w Kv d @

# ရတနာ

## မောင်သုည(ရှစ်ပုံသားလေး)



(၁)

"ဒေါင် ဒေါင် ဒေါင်"

ဆရာတော်ဦးပုည၏ သံချောင်းခေါက်သံသည် ပန်းအိုကျောင်းကြီးတစ်ကျောင်းလုံး မြည်ဟည်းသွား၏။ သရက်ပင်အောက်ဆော့ကစားနေသည့် ကိုရင်တချို့နှင့်ကျောင်းသားတချို့သည် ပျာယာခတ်လျက် ဓမ္မာရုံထဲ ပြေးဝင်လာကာ ကိုယ့်နေရာကိုယ်ယူပြီး စာသင်စာအံနေကြသော်လည်း ကိုရင်လေးသုနန္ဒမှာမူ ညှိုးနွမ်းလျသောမျက်နှာနှင့် ပရိတ်ကြီး ၁၁ သုတ်စာအုပ်ကိုကိုင်ကာ ငေးမှိုင်လျက် ဓမ္မာရုံတံခါးထောင့်တွင်ထိုင်နေလေသည်။ ဆရာတော်ဦးပုညက အခြားကိုရင်များကို စာချပေးနေချိန်တွင် မုန့်ထုပ်နှင့် ကစားစရာတချို့ဆွဲပြီး အမျိုးသမီးတစ်ဦးက ဓမ္မာရုံထဲရောက်လာသည်။ စာအံနေသည့် ကိုရင်ကျောင်းသားအားလုံး တိတ်ဆိတ်သွားကြသည်။

"ဘာကိစ္စရှိလို့လဲ ဒကာမ စန်းလွင်"

"ကိုရင်လေးကို လာတွေ့တာပါဘုရား"

ကိုရင်သုနန္ဒသည် သူ့အမေကိုတွေ့တွေ့ချင်းပင် အားတက်သွားသလားမပြောတတ်။ လှုပ်လှုပ်ရှားရှားဖြစ်သွားသည်။ ကိုရင်လေးက မျက်ရည်ကလေးအဝိုင်းသားနှင့် သူ့အမေကို စိုက်ကြည့်နေသည်။ နောက်ငေးမှိုင်နေသည့်မျက်နှာသည် ပြုံးရောင်သန်းလာ၏။

"ကိုရင်လေး တပည့်တော်မဆီလာပါအုံး"

ကိုရင်လေးသည် ပြုံးလျက် မစန်းလွင်ဘေးတွင်လာထိုင်ကာ လက်ကို ဆွဲချိတ်လိုက်သည်။

"ဘယ်လိုလဲကိုရင် ဒီမှာနေရထိုင်ရတာ အဆင်ကောပြေရဲ့လား။ စာကောလိုက်နိုင်ရဲ့လား"

ကိုရင်လေးသည် သူ့အမေလက်ကိုချိတ်ပြီး တစ်ဖန်မျက်ရည်အဝိုင်းသားနှင့် ဘာမျှပြန်မပြောဘဲကြည့်နေပြန်တော့သည်။

"ဒီမှာ ကိုရင်လေးအတွက် တပည့်တော်မ ဝယ်လာတာ ရော့"

မစန်းလွင်သည် ကိုရင်လေးကို ကားအရုပ်၊ စပိုက်ဒါမင်းအရုပ်များပေးပြီး ကျောင်းတွင် လိမ်လိမ်မာမာနေရန်၊ ဆရာတော်၏စကားနားထောင်ရန်၊ စာအသေအချာသင်ယူရန် ပြောနေသော်လည်း ကိုရင်လေးမှာမူ မျက်နှာမကောင်းဖြစ်နေလေသည်။

"ရော့ ဒါက ကိုရင်လေးလိုအပ်ရင်သုံးဖို့ဝတ္ထုငွေ"

ဝတ္ထုငွေကိုတော့ ကိုရင်လေးကမယူ၊ သူ့အမေကိုသာ ကရုဏာမျက်ဝန်းနှင့် စိုက်ကြည့်နေတော့သည်။

"ဘာဖြစ်လို့လဲ ကိုရင်လေးရဲ့"

"ကိုရင် စာမလိုက်နိုင်ဘူး။ အမေနဲ့ပြန်လိုက်မယ်"

"ဘယ်လို ကိုရင်လေး"

"ကိုရင် အမေ့ကိုချစ်တယ်။ အမေနဲ့အတူနေမယ်"

ကိုရင်လေးသုနန္ဒ မျက်ရည်ကလေးဝဲပြီးပြောလာ၍ မစန်းလွင်မှာမနေသာ။ ပြန်ခေါ်လျှင်လည်း မဖြစ်သဖြင့် အခက်တွေ့နေ၏။

"ကိုရင်လေးရယ်။ တပည့်တော်လဲ ကိုရင့်ကိုချစ်တာပေါ့။ ဒါပေမဲ့ ကိုရင် တပည့်တော်ဆီမှာ လိုက်နေရင် ကိုရင်လေး စာမတတ်ဘဲနေမှာပေါ့။ ကိုရင်လေး ဒီမှာနေရင် စားလဲတတ်တယ်။ ဟော ကုသိုလ်လဲရတယ်။ ဝမ်းလဲဝမယ်လေ။ တပည့်တော်မလဲ ကိုရင်လေးဆီ မကြာမကြာလာမှာပါ"

မစန်းလွင်သည် ကိုရင်သုနန္ဒ၏ ပါးကလေးကို ခပ်ဖော့ဖော့ကိုင်ရင်းပြောသည်။ မျက်ရည်များကလည်း သူ့မျက်ဝန်းထဲအပြည့်။ စာချဆရာတော်ဦးပုညကတော့ သူတို့သားအမိကိုကြည့်ပြီး သူရင်ထဲလှိုက်ခနဲဖြစ်သွားပြီး ဟိုးအဝေးသို့ငေးမောကာ မြောက်ပြန်လေကြောင့် သရက်ရွက်ခြောက်ကလေးများ ခုန်ပေါက်ပြေးလွှားနေသည်ကိုကြည့်ရင်း သူ့ငယ်ဘဝကလေးကို အောက်မေ့သတိရသွားမိသည်။

(၂)

ဟုတ်ပါသည်။ ဦးပုညငယ်စဉ်က မိဘမကျွေးမွေးနိုင်၍ ဆရာတော်ကြီး အရှင်ဝိမလဆီတွင် အပ်ခံခဲ့ရခြင်းဖြစ်သည်။ ထိုအချိန်က အရှင်ဝိမလရင်ခွင်ထဲတုပ်နှောင်ခံနေရသော်လည်း သူ့အမေဆီကိုပြေးလိုက်ရန် ဦးပုညရုန်းကန်ကြိုးစားခဲ့သည်။ သို့သော် အချည်းနှီးသာ။ ဦးပုညအဖေသည် အမူးသမား၊ အရှုံးသမားတစ်ယောက်။ အရက်များမူးလာလျှင် အဖေ၏ရိုက်နှက်ဒဏ်ကို ခံနေရသည့် ဦးပုညဘဝကို အမေဖြစ်သူက မကြည့်ဝံ့၊ မခံစားနိုင်သောကြောင့် သည်လိုဒုက္ခမျိုး နောက်မခံရစေဖို့ အမေဖြစ်သူမှာ ရင်ကွဲခံကာ ဘုန်းကြီးကျောင်းတွင် မွေးစားရန်ပေးခဲ့ခြင်းဖြစ်သည်။ သေချာသည်မှာ ဦးပုညသည် သူ့မိဘအနားတွင် ယခုအချိန်ထိသာရှိနေလျှင် စာတတ်မည်မဟုတ်။ သူသည်လိုဘဝမျိုးကိုရဖို့ မမျှော်မှန်းနိုင်ပါ။ "အမေ အမေ အမေ"အမြော်အမြင်ရှိသောအမေ။ ဟုတ်ပါသည်။ သူ့အမေကြောင့် ဦးပုညပညာများစုံလာ၍ ဆရာတော်ကြီးအရှင်ဝိမလက ရန်ကုန်ကျောင်းသစ်ကျောင်းတိုက် စာသင်တိုက်သို့ လွှတ်ခဲ့သည်။ ရန်ကုန်တွင် ဦးပုညအငယ်တန်းအောင်၍ အကြီးတန်းဆက်တက်ခဲ့သည်။ ထိုအချိန်က အမေနှင့်တစ်ခါဖုန်းပြောဖူးတော့ အမေက သူ့ကိုမှာရှာသည်။

"အရှင်ဘုရား၊ စာလိုက်နိုင်ရဲ့လားဘုရား။ လိုအပ်တာရှိရင် တပည့်တော်မကို ပြောနော်ဘုရား။ အခုလောလောဆယ် တပည့်တော်မ အရှင်ဘုရားလိုအပ်တာ သုံးစွဲဖို့ ဝတ္ထုငွေလွှဲခိုင်းထားတယ်ဘုရား။ အရှင်ဘုရား ဓမ္မကထိကဖြစ်အောင် ကြိုးစားနော်ဘုရား။ အရှင်ဘုရားဒီလိုဖြစ်ရင် တပည့်တော်မ သေပျော်ပါပြီဘုရား"

အမေ့စကားကိုသာ ဦးပုညငြိမ်နားထောင်နေခဲ့သည်။ တကယ်တော့ အမေမမြင်နိုင်သည့်ဘဝ ကန့်လန့်ကာနောက်တွင် ဦးပုညမျက်ရည်စက်လက်။ ထိုအချိန်က အမေ၏ရှိုက်သံကို ဦးပုညဖုန်းထဲမှာခပ်သဲ့သဲ့ကြား၏။ သည်ရှိုက်သံက ပီတိရှိုက်သံဟု ဦးပုညထင်ခဲ့သည်။

"အမေပျော်ရင် ကျေနပ်ပါတယ်လေ"ဟု သည်စိတ်နှင့် ဘုရားသားတော်ဘဝကို သန်းခေါင်ယံညပေါင်းများစွာ၏ အထီးကျန်နှိပ်စက်ခြင်းကို အန်တုပြီး ဦးပုည စာကြိုးစားခဲ့သည်။ သို့သော် အမေဖြစ်စေချင်သည့် ဓမ္မကထိကဘုန်းကြီးတစ်ပါးတော့ဖြစ်မလာခဲ့။ ဓမ္မာစရိယအောင်ပြီး ရွာကိုပြန်ခဲ့ရသည်။ ဦးပုညရွာရောက်တော့ သူ့ဆရာတော်ကြီး အရှင်ဝိမလဆီကို အရင်ရောက်ခဲ့သည်။

"ဦးဒိန်း ဆရာတော်ကော"

ကပ္ပိယဦးဒိန်းက တအံ့တဩနှင့် ဦးပုညကို ကြောင်ကြည့်နေသည်။

"ဘာဖြစ်လို့လဲ ဦးဒိန်းရဲ့"

"ဦးပဥ္စင်းရောက်လာပြီနော်"

"ဟုတ်တယ် ဦးပဥ္စင်းဓမ္မာစရိယအောင်တယ်လေ။ ဒါနဲ့ ဆရာတော်ကော"

"ဆရာတော် အသုဘအိမ်ကပင့်ထားလို့ သွားတယ်ဘုရား"

"ဒါဆို ဦးပဥ္စင်းပြန်ရောက်လို့ အမေ့ဆီသွားတယ်လို့ ဆရာတော်ကို ပြောပေးနော်"

ဦးပုညက ပြောပြောဆိုဆို ကပ္ပိယရှေ့က လှည့်ထွက်သွားပြီး ခြေလှမ်းနှစ်လှမ်းသာ လှမ်းရသေးသည်။ ကပ္ပိယက ဦးပုညကို ဆတ်ခနဲအော်ခေါ်လိုက်သည်။

"ဦးပဥ္စင်းဘုရား"

"ဘာဖြစ်တာလဲ ကပ္ပိယရဲ့"

"ဆရာတော်ကြီးသွားတဲ့ အသုဘအိမ်ဆိုတာ ဦးပဥ္စင်းရဲ့မယ်တော်အိမ်ကိုပါဘုရား"

"ဘယ်လို အိမ်မှာ ဘယ်သူဘာဖြစ်လို့လဲကပ္ပိယရဲ့"

"ဟုတ်တယ်ဦးပဥ္စင်း၊ ဦးပဥ္စင်းစာသင်တိုက်ကို ရောက်သွားကတည်းက ဦးပဥ္စင်းဖခင်က နောက်အိမ်ထောင်ပြုသွားတယ်။ ဦးပဥ္စင်းမိခင်ကတော့ သူတစ်ယောက်တည်း ပင်ပင်ပန်းပန်းကြုံရာကျပန်းအလုပ်နဲ့ ရုန်းကန်နေခဲ့တယ်။ ဦးပဥ္စင်းဆီဝတ္ထုငွေတွေပို့တဲ့နေ့ကို ဦးပဥ္စင်းမှတ်မိတယ်မလား"

ဦးပုညက ခေါင်းညိတ်ပြသည်။

"အဲဒီပိုက်ဆံတွေက သူ့လုပ်အားခနဲ့ရှာလို့ရတဲ့ ပိုက်ဆံတွေပါ။ ဦးပဥ္စင်းမိခင်ကလေ သိပ်ခေါင်းမာတာပဲ ဘုရား"

"ဘယ်လို"

"ဟုတ်တယ်ဘုရား။ သူ့မှာ ကျောက်ကပ်ရောဂါရှိပါလျက်နဲ့ ဆေးမကုဘူး။ ရတဲ့ပိုက်ဆံ မစားရက်၊ မသောက်ရက်နဲ့ ဦးပဥ္စင်းအတွက်တဲ့။ သူ့သား ဓမ္မကထိကဖြစ်ရင် သူသေပျော်ပြီနဲ့ ဦးပဥ္စင်းအတွက်ချည်း တွေးနေတာဘုရား။ အခုတော့ ဆုံးရှာပြီဘုရား"

ကပ္ပိယဦးဒိန်း ပြောလိုက်သောသတင်းစကားကြောင့် ဦးပုညမှာ အပူလုံးကြွမိသည်။ သို့သော်လည်း ဘုရားသားတော်ပီပီ ဦးပုည မိမိကိုယ်ကိုဖြေသိမ့်ခဲ့၏။

(၃)

"လုံးစုံများစွာသတ္တဝါ ချမ်းသာကိုယ်စိတ်မြဲပါစေ၊
ဥပဒ်ရန်ဘေး ကင်းစင်ဝေး ငြိမ်းအေးကြပါစေ၊
နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေ၊ ကောင်းကျိုးလိုရာ ဆန္ဒပြည့်ဝကြပါစေ"

ဦးပုညသည် အတိတ်ကိုစဉ်းစားရင်း နေ့စဉ်ပြုနေကျ မေတ္တာဘာဝနာကို ပွားများဝင်စားနေမိသည်။

"ဆရာတော်ဘုရား"

မစန်းလွင်ခေါ်သံကြောင့် အတိတ်တွေဆီမှ ဦးပုညလှည့်ကြည့်မိလေသည်။

"လုပ်ပါအုံးဘုရား။ ဒီမှာ ကိုရင်က လိုက်မယ်တကဲကဲနဲ့လုပ်နေလို့ပါဘုရား"

ဦးပုညမြင်လိုက်ရသည့်မြင်ကွင်းက သူ့ရင်ကို ဆို့နှင့်စေခဲ့သည်။ ကိုရင်လေးက သူ့အမေလက်ကို မလွှတ်တမ်းဖမ်းဆုပ်ထားပြီး တဟီးဟီးရှိုက်ငိုနေလိုက်သည်။

"အင်း ဦးပဥ္စင်းလဲ ကိုရင်လေးကို ကိုယ်ချင်းစာပါတယ်ဒကာမ။ ဦးပဥ္စင်းအနေနဲ့တော့ ဒကာမနဲ့ ကိုရင်လေးသဘောပဲ။ အတင်းအကျပ်လဲ ဦးပဥ္စင်းနားမချချင်ဘူးကွယ်"

"တပည့်တော်မလဲ ကိုယ့်ရင်သွေးနဲ့အတူနေချင်တာပေါ့ဘုရား။ ဒါပေမဲ့ မိခင်နဲ့အတူနေပြီး ပညာမတတ်ရင် တပည့်တော် ဘယ်လိုလုပ်စိတ်ချမ်းသာမလဲဘုရား။ တပည့်တော်သားလေးကို ပညာတတ်စေချင်လို့ ရင်ကွဲခံပြီး ဒီမှာထားခဲ့တာပါဘုရား"

မစန်းလွင်က ငိုသံပါပါပြောလာသည်။

"ကဲပါလေ။ ကိုရင်လေးကို ဒကာမတို့အိမ်ကို တစ်ပတ်လောက်ခေါ်သွားလိုက်ပါလား"

စာမျက်နှာ ၂၅သို့ ➤

# နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပီလောပီနံ ၂၆၅၈ ဧက စိုက်ပျိုးပြီးစီး



**မုံရွာ ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ ပီလောပီနံ ၂၆၅၈ ဧကစိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသတွင် ပီလောပီနံ ၂၇၄၃ ဧက စိုက်ပျိုးရန်လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ပီလောပီနံ ၂၆၅၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

"ဆောင်းသီးနှံစိုက်ပျိုးရာသီမှာ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်း ပီလောပီနံဧက ၂၇၀၀ ကျော် စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိတော့ ၂၆၀၀ ကျော် စိုက်ပျိုးပြီးပါပြီ။ လျာထားဧကပြည့်မီရေး ဆောင်ရွက်နေပါတယ်။ ပီလောပီနံဟာ စက်မှုကုန်ကြမ်းသီးနှံတစ်မျိုးဖြစ်ပါတယ်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသမှာ ပီလောပီနံကို ပြုတ်ပြီးတော့ စားသုံးကြတယ်။ အများစုကတော့ စားသုံးကြဖို့ စိုက်ပျိုးကြတာပါ"ဟု စစ်ကိုင်းတိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာန တိုင်းဒေသကြီးဦးစီးမှူး ဦးဝင်းလှိုင်ဦးက ပြောပြသည်။

ဆောင်းသီးနှံ စိုက်ပျိုးရာသီ၌ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပီလောပီနံစိုက်ပျိုးပြီးစီးမှုအနေဖြင့် လေရှီးမြို့နယ်တွင် ၁၀ ဧက၊ လဟယ်မြို့နယ်တွင် ၁၁၉ ဧက၊ ထန်ပါခွေမြို့တွင် ၂၁ ဧက၊ နန်းယွန်းမြို့နယ်တွင် ၉၃၂ ဧက၊ ဒုံဟီးမြို့တွင် ၉၂၇ ဧက၊ ပန်ဆောင်မြို့တွင် ၆၄၉ ဧက စုစုပေါင်း ၂၆၅၈ ဧကဖြစ်ကြောင်း သိရသည်။

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတွင် ပီလောပီနံစိုက်ပျိုးမှုအနေဖြင့် နှစ်စဉ်ဧက ၂၇၀၀ ကျော်ထိ စိုက်ပျိုးထုတ်လုပ်လျက်ရှိပြီး သက်ဆိုင်ရာမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနအနေဖြင့် ပီလောပီနံစိုက်ပျိုးမှုနှင့်ပတ်သက်၍ တိုးချဲ့စိုက်ပျိုးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(၂၀၆)

# သိန်းနီမြို့နယ် တုန်မုန်ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**သိန်းနီ ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ် (မြောက်ပိုင်း) သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် တုန်မုန်ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း (VDP)ရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် သိန်းနီမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးရန်နိုင်အောင်နှင့်တာဝန်ရှိသူများက ကျေးရွာစီမံကိန်းကော်မတီဝင်များနှင့်အတူ တုန်မုန်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ဦးစီးအရာရှိ ဦးရန်နိုင်အောင်က လမ်းရေရှည်တည်တံ့စေရေး ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

တုန်မုန်ကျေးရွာ၌ ကျေးရွာတွင်း လမ်းအရှည်ပေ ၆၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ရန်ပုံငွေကျပ်သိန်း ၁၀၀၊ ကျေးလက်နေပြည်သူထည့်ဝင်ငွေကျပ် ၄၇ သိန်းဖြင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဝန်ထမ်းများက အနီးကပ်ကြီးကြပ်၍ ကျေးရွာသူကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဒီဇင်ဘာလတတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်ကြောင်း၊ ထို့ကြောင့် တုန်မုန်ကျေးရွာရှိ အိမ်ခြေ ၅၉ အိမ်၊ လူဦးရေ ၂၆၀ တို့၏ စိုက်ပျိုးမြေဧကများမှထုတ်ကုန်ထွက်ကုန်များကို ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**ဖြိုးထက်အောင်(ပျော်ဘွယ်)**



➤ စာမျက်နှာ ၂၄မှအဆက်

"အိမ်ကိုခေါ်သွားဖို့မဖြစ်ပါဘူးဘုရား။ တပည့်တော်မယောကျ်ားက သူ့ကို လူထွက်ခိုင်းပြီး လက်တိုလက်တောင်းခိုင်းမှဖြင့် တပည့်တော်မ ရင်ကျိုးနေရပါမယ်ဘုရား"

"အင်း လောကကြီးကလဲ ခက်သားလား။ တချို့သားသမီးတွေက ရတနာဖြစ်ပါလျက်နဲ့ တန်ဖိုးမထားတတ်တဲ့မိဘတွေနဲ့ဆုံတယ်"

"တပည့်တော်က တပည့်တော်မရဲ့သားကို တရားဟောဓမ္မကထိက ဆရာတော်ဖြစ်စေချင်တာဘုရား"

ဆရာတော်ဦးပုညအမေတုန်းကလည်း သည်လိုပင်ပြောခဲ့သောကြောင့် ကိုရင်လေးနှင့် သူ့အမေကို ဦးပုည ကိုယ်ချင်းစာသနားမိသည်ကအမှန်။

**(၄)**

"ကိုရင်လေး"

"ဘုရား"

"ဦးပဥ္ဇင်းနဲ့အတူမနေချင်ဘူးလားကွဲ့"

"နေချင်ပါတယ်ဘုရား။ ဒါပေမဲ့ အမေနဲ့ပိုနေချင်ပါတယ်ဘုရား"

ကိုရင်လေးစကားက ဦးပဥ္ဇင်းနှလုံးသားကို လှုပ်လှုပ်ရှားရှားဖြစ်စေသည်။ သည်စကားမျိုး ဦးပုညလည်း သူငယ်စဉ်က ပြောခဲ့ဖူးသည်။

"ဒါဆို အခုတော့ ကိုရင့်အမေဆီ မလိုက်နဲ့အုံး။ နောက်တစ်ခါမှ ဦးပဥ္ဇင်းလိုက်ပို့ပေးမယ်နော်"

ကိုရင်လေးက ခေါင်းညိတ်ပြသည်။

"ကဲပါ ကိုရင်လေးရယ်။ ဘာမှအားမငယ်နဲ့ကြားလား။ ကိုရင်လေးအနားမှာ တပည့်တော်မရှိတယ်နော်။ ကိုရင်လေးသာ စာကိုကြိုးစား၊ တရားဟောဓမ္မကထိကဖြစ်အောင်လုပ်။ ဒါမှ အမေ့ကျေးဇူးကို ဆပ်ခွင့်ရမှာ ကိုရင်လေးရဲ့"

မစန်းလွင်က ကိုရင်လေးကို ချော့မော့ပြီး ပြန်သွားလေသည်။ မစန်းလွင်ပြန်သွားသည့် လမ်းမထက်တွင် မျက်ရည်က လူမသိသူမသိကြွေလို့။ ထို့နောက် ပန်းအိုကျောင်းကြီးတစ်ခုလုံး ကိုရင်လေးများ၏ စာအံသံများက ခြိမ့်ခြိမ့်သဲညံ့ထွက်ပေါ်နေလျက်။

## ပြည်ထောင်စု အလံတော်အောက်မှာ

- သွေးချင်းတွေ ညီနောင်ထု၏
ပြည်ထောင်စု အလံတော်၊
တလူလူ တလွင့်လွင့်
ဝင့်ကြွားထင်ပေါ်၊
မြန်မာ့အစွမ်း ဂုဏ်ရည်ကျော်
ကမ္ဘာပေါ် ထင်ရှား၊
သူ့ကျွန်မခံ တော်လှန်ခွဲ
ရဲခဲ့တကား။

- နိုင်ငံတော် တစ်နံတစ်လျား
မွန်ကယား ရှမ်းကချင်၊
ပအိုဝ့် ပလောင် ချင်းများနဲ့
အင်းသားကရင်၊
ရခိုင် ဓနု ဆွေစုံလင်
ယှဉ်ပြိုင်ကာမကြောက်ရွံ့၊
တပ်မတော်နှင့် ပြည်သူတွဲ
ရဲရဲဝံ့ဝံ့။

- မစည်းရုံးသမျှ
လုံးဝမလှုပါ
သွေးစည်းကြကာ၊
ပြည်ထောင်စု အလံတော်အောက်မှာ
ညီညွတ်စွာ အတူတကွ၊
သွေးစည်းကာ ပြည်ထောင်စု
ကာကွယ်ပြု စောင့်ရှောက်ဖို့
တို့မိဋ္ဌာန်ကြ။ ။

**ခင်ဖုန်းကြည်(မိုင်းပွန်)**

# ဆင်ပေါင်ဝဲမြို့နယ် ဝါစေ့မြောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**ဆင်ပေါင်ဝဲ ဖေဖော်ဝါရီ ၄**

မကွေးတိုင်းဒေသကြီး ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဝါစေ့မြောင်ကျေးရွာအတွက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ပဋ္ဌမအကြိမ်ထုတ်ချေးခြင်းကို ယနေ့ နံနက် ၁၁ နာရီက အဆိုပါကျေးရွာ၌ ကျင်းပပြုလုပ်ခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျက ကျေးလက်နေပြည်သူများ၏ ဝင်ငွေလျော့နည်းလာမှုနှင့် စားဝတ်နေရေးအခက်အခဲများကို ကူစားပေးနိုင်ရန်၊ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးလာစေရန်ရည်ရွယ်၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက် လည်ပတ်ရန်ပုံငွေများ ထုတ်ချေးပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများက မြစိမ်းရောင်ကျေးရွာစီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များထံ စီမံကိန်းရန်ပုံငွေများ စနစ်တကျ လွှဲပြောင်းပေးအပ်သည်။

ထို့နောက် မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များက ဝါစေ့မြောင်ကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်း ပဋ္ဌမအကြိမ်အဖြစ် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူဦးရေ ၁၀၀၊ မွေးမြူရေးလုပ်ငန်း လုပ်ကိုင်သူ ခြောက်ဦး၊ အရောင်းအဝယ်လုပ်ငန်း လုပ်ကိုင်သူ နှစ်ဦး စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၀၈ ဦးကို စီမံကိန်းရန်ပုံငွေကျပ် ၃၇၈ သိန်း ထုတ်ချေးပေးခဲ့သည်။

အခမ်းအနားသို့ ဆင်ပေါင်ဝဲမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်ဇေယျနှင့် စီမံကိန်းတာဝန်ခံဝန်ထမ်းများ၊ မြစိမ်းရောင်ကျေးရွာ စီမံကိန်း ရန်ပုံငွေကြီးကြပ်မှုကော်မတီဝင်များနှင့် အသင်းသား၊ အသင်းသူများ တက်ရောက်ကြကြောင်း သိရသည်။

**သန်းလွင်(မကွေး)**

# ထမနဲထိုးပြိုင်ပွဲများနှင့် စည်းလုံးညီညွတ်မှု

နှစ်စဉ် တပို့တွဲလရောက်လျှင် စာရေးသူတို့နေထိုင်ရာ ရိပ်သာတွင် မိသားစုများစုပေါင်း၍ တပျော်တပါး ထမနဲထိုးလေ့ရှိသည်။ တချို့က အလှူငွေထည့်ကြသည်။ တချို့က ကောက်ညှင်းဆန်၊ တချို့က မြေပဲ၊ တချို့က ပဲဆီ၊ တချို့က အုန်းသီး စသည်ဖြင့် စုပေါင်းထည့်ဝင်ကြခြင်းဖြစ်သည်။ တပို့တွဲလဆန်း ၁၄ ရက် ညနေစောင်းလျှင် ကောက်ညှင်းဆန်စိမ်သူ၊ မြေပဲလှော်သူ၊ အခွံချွတ်သူ၊ ချင်းနွှာသူ၊ ကြက်သွန်နွှာသူ၊ နှမ်းလှော်သူ စသည်ဖြင့် အလုပ်ရှုပ်နေကြသည်။ အမျိုးသားများသည် ချွေးတလုံးလုံးဖြင့်ထမနဲထိုးကြသည်။ ကလေးများက ဆော့ကစားရင်း ပျော်မြူးနေကြသည်။ ထမနဲကျက်လျှင် မိသားစုများကို ဝေငှပေးသည်။ မြန်မာတို့၏ စည်းလုံးညီညွတ်မှုကို တွေ့မြင်နိုင်ပေသည်။

**နှာရည်ယိုရှဲ တပို့တွဲ**

တပို့တွဲလသည် မြန်မာလများတွင် ဆယ့်တစ်လမြောက်လဖြစ်သည်။ ဆောင်းဥတုနောက်ပိုင်းချိန်ဖြစ်သည်။ တပို့တွဲလဟုခေါ်ဝေါ်ခြင်းသည် ထန်းဖူးထန်းခိုင်တို့ တွဲညွတ်သော ရာသီဖြစ်၍ ခေါ်တွင်ခြင်းဖြစ်သည်ဟု မှတ်ယူကြသည်။ ကျောက်စာအရေးအသား၌ တပို့တွဲကို တပိုဝ်ထွယ်၊ တပိုဝ်ထွဲ၊ တပိုဝ်တွဲ၊ တပိုဝ်တွယ်၊ တပို့ထွယ်ဟုရေးသားလေ့ရှိသည်။ ဗေဒင်အခေါ်အားဖြင့် ကုံရာသီဖြစ်သည်။ ထိုရာသီတွင် မာယနက္ခတ်စန်းနှင့်ယှဉ်၍မွန်းတည့်သည်။ ရာသီရုပ်သည် အိုးထမ်းယောကျ်ားပုံဖြစ်သည်။ ရာသီပန်းသည် ပေါက်ပွင့်၊ လဲပွင့်၊ လက်ပံပွင့်တို့ဖြစ်ကြသည်။

တပို့တွဲလတွင် နံနက် ၆ နာရီ မိနစ် ၂၀ ၌ နေထွက်လေ့ရှိပြီး ညနေ ၅ နာရီ မိနစ် ၄၀ တွင် နေဝင်လေ့ရှိသဖြင့် ညအချိန်သည် နေ့အချိန်ထက် ပို၍ရှည်လျားသည်။ တပို့တွဲလသည် ရက်မစုံလကွယ်သောကြောင့် ၂၉ ရက်သာရှိသည်။ "တပို့တွဲ ကျွဲချိုဖျားဆတ်ဆတ်ခါသည်"ဟူ၍လည်းကောင်း၊ "နှာရည်ယိုရှဲ တပို့တွဲ"ဟူ၍လည်းကောင်း အဆိုရှိသဖြင့် တပို့တွဲလတွင် လွန်စွာချမ်းအေးလေ့ရှိသည်။ တပို့တွဲလတွင် ပေါက်ပန်းနှင့်လဲပန်းများပွင့်လေ့ရှိကြသည်။ ရဲရဲနီသောပေါက်ပွင့်တို့က တပို့တွဲလ၏ ထင်ရှားသည့် အလှတစ်ပါးပင်မဟုတ်ပါလား။ ဆောင်းရာသီ၏ ငွေရောင်အခင်းအကျင်းအောက်တွင် ရဲရဲနီနေသော ပေါက်ပန်းများကိုကြည့်ရသည်မှာ ပန်းချီကားတစ်ချပ်ကဲ့သို့ဖြစ်နေသည်။ တပို့တွဲလတွင် ထူးခြားလေးနက်သော လှုပ်ရှားမှုသည် ထမနဲထိုးပြိုင်ပွဲကျင်းပခြင်းဖြစ်သည်။

**ထမနဲဆိုသည်မှာ**

ထမနဲသည် ကောက်ညှင်းနှင့် စီမံပြုလုပ်သော မြန်မာတို့၏ ချိုစိမ့်မွှေးသည့် စားစရာတစ်မျိုးဖြစ်သည်။ ကောက်ညှင်းထမင်းကို ကော်များ၊ ပတ်စာများလုပ်သကဲ့သို့ ထပ်ပြန်တလဲလဲမွှေ၍ နယ်ရသောကြောင့် ထမနဲဟုခေါ်ဆိုသည်။ ထမနဲကို အရပ်ဒေသလိုက်၍ ယာဂုဟုလည်းခေါ်သည်။ ယာဂုသည် ပါဠိစကားဖြစ်၍ မြန်မာလိုဆန်ပြုတ်ဟု အဓိပ္ပာယ်ရသည်။ ကောက်ညှင်း၊ အုန်းသီး၊ မြေပဲ၊ ချင်း၊ နှမ်းဆီနှင့် နှမ်းနိုင်နိုင်ထည့်ရသောကြောင့် နှမ်းမနဲဟုလည်း ခေါ်ကြသည်။

ကောက်ဦးပေါ်ချိန်တွင် မြန်မာနိုင်ငံအနှံ့အပြား ကျေးလက်တောရွာများထိ ထမနဲထိုးပွဲများ ကျင်းပကြသည်။ ရှေးမြန်မာမင်းမြတ်လက်ထက်ကတည်းက တပို့တွဲလဆန်းတစ်ရက်မှစ၍ လပြည့်နေ့ထိ ထမနဲထိုးပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ထို့ကြောင့် ရှေးစာဆိုတော်များက "တပို့တွဲလ၊ ကုံသို့ကျ၊ မာယထွန်းစမြဲ၊ ပေါက်လဲပွင့်တုံ၊ ဆူးပန်းငုံ၊ မီးပုံယာဂုပွဲ" ဟုစပ်ဆိုခဲ့ကြသည်။

ထမနဲထိုးရာတွင် ထည့်ရမည့်ပစ္စည်းအမည်များကို "ကုံရာသီ မာသ၊ သဘာဝရွှင်စွာ၊ ထာဝရ စဉ်လာ၊ များသူငါခြိမ့်သဲ။ ညာဇမ္ဗူသာစုခေါ်အောင်၊ ယာဂုတော် ကျို့ဆောင်သည့်ပွဲ။ စားတော်ရ ဆန်ပေါက်ဝါ၊ လေးပြည်သာ ထည့်မြဲ။ ချိန်ပိဿာလျှံကြည်ရွှဲအောင်လို့ နှမ်းဆီလဲထည့်ပြန်။ မြေပဲဆန် အမွှသုညငယ်နှင့် ဒွတ္တိံသတိလဗီဇံ။ အုန်းသီးစိတ် ကျပ်ဝီသံငယ်၊ လောနတံ ချိန်သတ်နှင့်၊ ချင်းနုဖတ် သီဂီမျှင်ရွေ၊ သုံးကျပ်မသွေ၊ နည်းစဉ်ဆက် သမုဆွေငယ်၊ ဥပဒေမော်ကွန်းပလေး" ဆိုသော တေးထပ်မျိုးဖြင့် စပ်ဆိုခဲ့ကြသည်။

ဆိုခဲ့ပါ တေးထပ်အရ ထမနဲထိုးမည်ဆိုလျှင် ကောက်ညှင်းဆန်လေးပြည်ကို ရေစင်အောင်ဆေး၊ ဆီတစ်ပိဿာကို ဒယ်အိုးတွင်ထည့်ကာ ချင်းသုံးကျပ်



သားနှင့်ဆီသတ်၍ ကောက်ညှင်းထည့်နှပ်ရသည်။ ကောက်ညှင်းနှပ်၍ဆီပြန်လာသော မီး ဖိုပေါ်မှချ၍ ကြွေအောင်ခြေရသည်။ ထိုသို့ကြွေသွားသောကောက်ညှင်းတွင် မြေပဲ ၈၀ ကျပ်သား၊ နှမ်း ၃၂ ကျပ်သား၊ အုန်းသီးစိတ် ၂၀ ကျပ်သား၊ ဆား ခုနစ်ကျပ်သားတို့ကို နှံ့အောင်ထည့်၍မွှေပေးလျှင် ထမနဲဖြစ်သည်။

**စည်းလုံးညီညွတ်မှုပြယုဂ်**

တပို့တွဲလရောက်လျှင် မိသားစုအလိုက်၊ရပ်ကွက်၊ ကျေးရွာအလိုက် စုပေါင်းထမနဲထိုးပွဲများပြုလုပ်လေ့ရှိကြသည်။ ဘာသာရေးအသင်းအဖွဲ့များအလိုက်၊ ရုံး၊ ဌာနများအလိုက် ထမနဲထိုးပြိုင်ပွဲများ ပြုလုပ်လေ့ရှိသည်။ ထိုပြိုင်ပွဲများတွင် မြန်မာတို့၏ စည်းလုံးညီညွတ်မှု၊ တစ်ဦးနှင့်တစ်ဦး အပြန်အလှန်နားလည်မှုကို တွေ့ရလေ့ရှိသည်။ အမှန်စင်စစ်မှာမူ ထမနဲထိုးရခြင်းသည် တစ်ဦးကောင်း၊ တစ်ယောက်ကောင်းဖြစ်၍ မရပေ။ အများစုပေါင်းလုပ်ရသော အလုပ်တစ်ခုဖြစ်၍ တက်ညီလက်ညီ ပေါင်းစပ်ဆောင်ရွက်မှသာလျှင် အရသာရှိသော ထမနဲကိုရရှိမည်ဖြစ်သည်။ ထမနဲတွင် ပါဝင်ရမည့်အမည်မျိုးစုံအပြင် မြန်မာတို့၏ စေတနာနှင့် စည်းလုံးညီညွတ်မှုတို့ကိုလည်း တွေ့ရသည်။ ထိုးပြီးသောထမနဲများကိုလည်း ဝေငှပေးကြသည်။ လမ်းသွားလမ်းလာများကိုလည်း ဒါနပြု ကျွေးမွေးကြသည်။ ကြည်နူးချမ်းမြေ့စရာကောင်းသော အလေ့အထပင်ဖြစ်သည်။

ထမနဲထိုးမည်ဆိုလျှင် ကြိုတင်ပြင်ဆင်ထားရန်လိုအပ်သည်။ သာမကအနေဖြင့် မြေပဲလှော်ပြီး အခွံချွတ်ခြင်း၊ အုန်းသီးစိတ်ပြီးနေလှန်းခြင်း၊ နှမ်းလှော်ခြင်းတို့ကို လုပ်ရသည်။ လူတစ်ဦးတည်းဖြင့် ထမနဲထိုးလျှင် ကောင်းနိုင်မည်မဟုတ်ချေ။ ဒယ်အိုးနှင့်ထိုးမည်ဆိုလျှင် အနည်းဆုံးလူသုံးယောက်လောက်တော့ လိုမည်ဖြစ်သည်။ အားလုံးတက်ညီလက်ညီဆောင်ရွက်မှသာလျှင် ကြေညက်အိစက်ပြီး မတူးဘဲနပ်နေသည့် အနံ့အရသာပြည့်စုံသော ထမနဲကောင်းတစ်ဒယ် ရရှိမည်ဖြစ်သည်။

ထမနဲထိုးပြိုင်ပွဲဝင်ရာတွင် မီးဖိုပြုလုပ်သူ၊ မီးမွှေးသူ၊ ထင်းထည့်သူ၊ အိုးဆေးသူ၊ ကောက်ညှင်းဆေးသူ၊ ရေထည့်သူ၊ စားပွဲခင်းသူ စသည်ဖြင့် မည်သူကမျှ ပြောစရာမလိုအောင် လုပ်ကိုင်နေကြသည်မှာ ဟာကွက်ပင်မရှိကြပေ။ ကောက်ညှင်းနပ်သည်နှင့် အမျိုးသားများသည်ချွေးတလုံးလုံးဖြင့် ကောက်ညှင်းကို ကြေညက်အောင်ခြေကြရသည်။ အမျိုးသမီးများသည် မြေပဲ၊ နှမ်းနှင့်အုန်းကြော်များဖြူးပေးကြသည်။ လူငယ်များသည် ဘေးမှနေ၍ လက်ခုပ်တီးအားပေးကြသည်။ သက်ကြီးရွယ်အိုများက ထမနဲ နပ်၊ မနပ်နှင့် အပေါ့၊ အငန်မြည်းပေးကြသည်။ ပြည်ထောင်စုကြီးအတွင်း မှီတင်းနေထိုင်လျက်ရှိသော တိုင်းရင်းသား ညီအစ်ကိုများ၏စည်းလုံးညီညွတ်မှုကိုတွေ့မြင်ရသည်မှာ စိတ်ချမ်းမြေ့ဖွယ်ရာပင်ဖြစ်သည်။

ထိုနည်းတူစွာ တိုင်းပြည်အတွင်း ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင်လည်း ထမနဲထိုးသလို တိုင်းရင်းသားအားလုံး၏ စည်းလုံးညီညွတ်မှု၊ စုစည်းမှု၊ အပြန်အလှန်နားလည်မှု၊ အနစ်နာခံမှု၊ ယုံကြည်မှု၊ လေးစားမှုနှင့်တန်ဖိုးထားမှုများလိုအပ်သည်။ ထိုသို့ စည်းလုံးညီညွတ်မှုကိုသာ အခြေခံသွားမည်ဆိုလျှင် ပြည်ထောင်စုကြီးသည် မတိုးတက်စရာအကြောင်း မရှိချေ။ တိုင်းရင်းသားအားလုံးလိုလားတောင့်တနေသည့် ငြိမ်းချမ်းရေးနှင့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုကြီးပေါ်ထွန်းရေးစိတ်ကူးအိပ်မက်ကို လက်တွေ့အကောင်အထည်ဖော်နိုင်မည်ဖြစ်သည်။

**ဩဝါဒပါတိမောက်အစါတော်နေ့**

ထို့ပြင် တပို့တွဲလတွင် ထင်ရှားသောနေ့ထူးနေ့မြတ်သည် ဩဝါဒပါတိမောက်အခါတော်နေ့ဟုခေါ်ဆိုသည့် တပို့တွဲလပြည့်နေ့ပင်ဖြစ်သည်။ မြတ်စွာဘုရားရှင်လက်ထက်တော်က တပို့တွဲလပြည့်နေ့တွင် ရာဇဂြိုဟ်ပြည် ဝေဠုဝန်ကျောင်းတော်၌ ရဟန္တာပေါင်း ၁၂၅၀ တက်ရောက်သော "ပထမသံဃသန္နိပါတ" ပထမဆုံးသော သံဃာ့အစည်းအဝေးကိုကျင်းပခဲ့သည်။ ထိုအစည်းအဝေး၌ သုံးလောကထွတ်ထားမြတ်စွာဘုရားသည် ရဟန္တာများကို ဘုရားအဆူဆူတို့၏ဆုံးမ ဩဝါဒပါတိမောက်ချီးမြှင့်တော်မူခဲ့သည်။

**ထမနဲထိုးပြိုင်ပွဲများနှင့်စည်းလုံးညီညွတ်မှု**

တပို့တွဲလရောက်လျှင် အညာကျေးလက်ဒေသကို သတိရမိသည်။ မြို့ပြ၌ လူစည်ကားသောဈေးထဲတွင် ထမနဲဝယ်စား၍ရသော်လည်း မိသားစုအားလုံးစည်းစည်းလုံးလုံးဖြင့်ပြုလုပ်ထားသောထမနဲကို သတိရမိသည်။ စေတနာ၊ မေတ္တာအပြည့်ဖြင့်ပြုလုပ်ထားသော အဖေ့လက်ရာထမနဲကို မစားရသည်မှာ နှစ်ပေါင်း ၃၀ ပင် ကျော်လာပြီဖြစ်သည်။ သို့သော် တပို့တွဲလရောက်လျှင်တော့ တမ်းတမိသည်မှာအမှန်။ ဆိုရလျှင် ငယ်စဉ်က တပို့တွဲလဆန်း ၁၄ ရက်နေ့ရောက်လျှင် စာရေးသူတို့တစ်အိမ်လုံး အလုပ်ရှုပ်နေကြသည်။ ကောက်ညှင်းဆန် စိမ်သူ၊ မြေပဲလှော်သူ၊ အခွံချွတ်သူ၊ ချင်းနွှာသူ၊ ကြက်သွန်နွှာသူ၊ နှမ်းလှော်သူ စသည်ဖြင့် အလုပ်ရှုပ်နေကြသည်။

ညနေမိုးချုပ်လျှင် အဖေသည် တလင်းထဲတွင် အုတ်ခဲများဖြင့် မီးဖိုပြင်သည်။ မှောင်ရီပျိုးသည်နှင့် လရောင်အောက်တွင် နှမ်းရိုးခြောက်ဖြင့် မီးမွှေးသည်။ ခဏအကြာတွင်ဆီသတ်ပြီး ကောက်ညှင်းဆန်များထည့်ကာ မွှေသည်။ အမွှေးနံ့ထွက်လာသည့်အခါ ရေအနည်းငယ်ထည့်လိုက်ပြီး အုပ်ထားရသည်။ မီးအေးအေးလေးသာထိုးပေးရသည်။ မီးများလျှင် ချိုးကပ်သွားမည်ဖြစ်သည်။ ရေခန်းလျှင် ချင်းထည့်ပြီး နှပ်ထားရသည်။ ထို့နောက် ကောက်ညှင်းနပ်သည့်အခါ အောက်သို့ချပြီး ကြေညက်အောင် မွှေပေးရသည်။ မွှေနေစဉ် မြေပဲ၊ နှမ်းနှင့် အုန်းသီးစိတ်ခြောက်များ ထည့်ပေးရသည်။ ဆန်လုံးပျောက်သွားပြီဆိုလျှင် အရသာရှိသော ထမနဲရပြီဖြစ်သည်။ နောက်တစ်နေ့ တပို့တွဲလပြည့်နေ့နံနက်တွင် ဘုရားသို့သွားကာ ထမနဲကပ်လှူကြသည်။ ရွာဦးကျောင်းမှ ကျောင်းထိုင်ဆရာတော်များကိုလည်း ထမနဲသွားလှူကြသည်။ ငယ်စဉ်ကပြုလုပ်ခဲ့သောထမနဲကို လက်ရှိအချိန်ထိ ပြန်လည်သတိရနေမိသည်။

စင်စစ်အားဖြင့် စိုက်ပျိုးရေးလုပ်ငန်းကို အခြေခံသည့် မြန်မာနိုင်ငံတွင် တပို့တွဲလရောက်ပြီဆိုလျှင် ကောက်ဦးလှိုင်လှိုင်ပေါ်နေပြီဖြစ်သည်။ ကောက်ညှင်းစပါးသစ်ပေါ်ချိန်ဖြစ်၍ နိုင်ငံတစ်ဝန်း၌ ထမနဲထိုးကာ ကျွေးမွေးလှူဒါန်းလေ့ရှိကြသည်။ အမှန်တော့ အလှူရေစက်လက်နှင့်မကွာသော မြန်မာတို့သည် ထမနဲထိုးကာ လှူဒါန်းကြခြင်းဖြစ်သည်။ အထူးသဖြင့် ကျေးလက်နေပြည်သူများသည် လယ်ယာကိုင်းကျွန်းနှင့် ဥယျာဉ်ခြံများမှထွက်ရှိသော ကောက်ပဲသီးနှံများကို ရောင်းချပြီးနောက် အလှူဒါနပြုလုပ်ခြင်းဖြစ်သည်။ ချစ်စရာကောင်းသောအလေ့အထပင်မဟုတ်ပါလား။

ထို့ပြင် တပို့တွဲလတွင် ကျေးလက်ဒေသများအပါအဝင် နိုင်ငံတစ်ဝန်း၌ ထမနဲထိုးပြိုင်ပွဲများ ကျင်းပလေ့ရှိသည်။ ထိုပြိုင်ပွဲများတွင် မြန်မာတို့၏စည်းလုံးညီညွတ်မှုနှင့် စေတနာသဒ္ဓါတရားတို့ကို တွေ့မြင်နိုင်ပေသည်။ အမှန်တော့ ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုများသည် မြန်မာ့ရိုးရာပွဲတော်များကို မြန်မာ့ဓလေ့ထုံးတမ်းစဉ်လာများနှင့်အညီ စည်းလုံးညီညွတ်စွာပါဝင်ဆင်နွှဲလေ့ရှိကြသည်။ မည်သို့ပင်ဆိုစေကာမူ တပို့တွဲလတွင် နိုင်ငံတစ်ဝန်း၌ပြုလုပ်သည့် ထမနဲထိုးပြိုင်ပွဲများသည် ပြည်ထောင်စုဖွား တိုင်းရင်းသားညီအစ်ကိုအားလုံး၏ စည်းလုံးညီညွတ်မှုကို ဖော်ညွှန်းနေခြင်းပင်ဖြစ်သည်။

**မောင်သောင်းဝင်း(တမန်ဟောင်း)**

# ဖျာပုံမြို့နယ်မှ ထွက်ရှိသော ဒေသထွက်ကဏန်းပျော့များကို ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချနေ



**ဖျာပုံ ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး ဖျာပုံခရိုင် ဖျာပုံမြို့နယ်မှ ဒေသထွက်ကဏန်းပျော့များကို ပြည်ပဈေးကွက်သို့ ပြန်လည်တင်ပို့ရောင်းချနေရာ ဝယ်ယူမှုအားကောင်းနေကြောင်း ဖျာပုံမြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးစိန်မြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်ဒေသထွက်ကဏန်းပျော့များကို ယခင်နှစ်က ဈေးကွက်ပျက်သဖြင့် ပြည်ပဈေးကွက်ဖြစ်သည့် တရုတ်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် စင်ကာပူ စသည့်ပြည်ပဈေးကွက်များသို့ တင်ပို့ရောင်းချမှု ရပ်ထားခဲ့ရကြောင်း၊ ယခုအခါ ကဏန်းပျော့ဈေးကွက် ပြန်လည်ကောင်းမွန်လာသလို ဝယ်လက်များကလည်း ချိတ်ဆက်ဝယ်ယူလာသဖြင့် ပြည်ပနိုင်ငံများသို့ တင်ပို့ရောင်းချသည့် ကုမ္ပဏီများက ပြန်လည်လုပ်ကိုင်နေခြင်းကြောင့် ကဏန်းပျော့များကို ပြည်ပနိုင်ငံများသို့ ပြန်လည်တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

"အရင်နှစ်က ကဏန်းပျော့ဈေးကွက် ပျက်ခဲ့လို့ ပြည်ပဈေးကွက်ကို လုံးဝ မတင်ပို့နိုင်ခဲ့ဘူး။ ဒါကြောင့် ကဏန်းမွေးမြူရေး လုပ်ငန်းရှင်တွေလဲ တော်တော်လေးကို ထိခိုက်ပြီး အရှုံးပေါ်ခဲ့ကြတယ်။ အဲဒီအချိန်ကတည်းက ပြည်ပတင်ပို့တဲ့ ကုမ္ပဏီတွေလဲ တင်ပို့ရောင်းချတဲ့လုပ်ငန်းတွေ ယာယီရပ်ထားခဲ့ရတာ ဖြစ်တယ်။ အဲဒီအချိန်တုန်းကပြည်တွင်းဈေးကွက် တစ်ခုတည်းဆိုတော့ အလုပ်မဖြစ်ခဲ့ဘူး။ လက်ရှိ ကဏန်းပျော့ ဈေးကွက်ကလဲပြန်ပွင့်လာပြီး ဈေးလဲကောင်းလာသလို ဝယ်လက်တွေကလဲ ချိတ်ဆက်ဝယ်ယူလာပြီဖြစ်ပါတယ်။ ဒါ့ပြင် ပြည်ပဈေးကွက်ကို ကဏန်းပျော့တင်ပို့နေတဲ့ ကုမ္ပဏီတွေကလဲ ပြန်လည်တင်ပို့နေပြီဖြစ်လို့ ဖျာပုံဒေသထွက် ကဏန်းပျော့တွေဝယ်ယူမှု အားကောင်းနေပါတယ်"ဟု ဖျာပုံမြို့နယ် မွေးမြူရေးလုပ်ငန်းရှင်များအသင်း အတွင်းရေးမှူး ဦးစိန်မြင့်က ပြောပြသည်။

ဖျာပုံမြို့နယ်တွင် မွေးမြူထွက်ရှိသည့်ကဏန်းပျော့များကို ရန်ကုန်မြို့သို့ တစ်ရက်လျှင် ပိဿာချိန် ၅၅၀၀၀ ထိ တင်ပို့ရောင်းချနေပြီး ထိုမှတစ်ဆင့် ပြည်ပနိုင်ငံများသို့ ပြန်လည်တင်ပို့ရောင်းချနေကြောင်း သိရသည်။ **ကျော်ကျော်လင်း**

# ဥတ္တရသီရိမြို့နယ် ကျေးရွာနှစ်ရွာ၌ ရေရရှိရေးလုပ်ငန်းဆောင်ရွက်ပြီးစီးမှု စစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၄**

နေပြည်တော် ပြည်ထောင်စုနယ်မြေ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ဥတ္တရခရိုင် ဥတ္တရသီရိမြို့နယ် ပိုးစာတောကျေးရွာနှင့် ရွာသာကျေးရွာတို့၌ ဆီထွက်သီးနှံ တိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ကွင်းဆင်းစစ်ဆေးရာတွင် နေပြည်တော် ပြည်ထောင်စုနယ်မြေ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး (နည်းပညာ) ဦးတင်မောင်အေး၊ ဥတ္တရခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးစိုးလင်းနှင့် မြို့နယ်တာဝန်ရှိသူများ၊ ကုမ္ပဏီမှတာဝန်ရှိသူများက ကျေးရွာကော်မတီဝင်များနှင့်အတူ ပိုးစာတောကျေးရွာနှင့် ရွာသာကျေးရွာတို့၌ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေး လုပ်ငန်းဆောင်ရွက်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက လုပ်ငန်းများရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ဆွေးနွေးမှာကြားသည်။

ပိုးစာတောကျေးရွာနှင့် ရွာသာကျေးရွာတို့၌ ဆီထွက်သီးနှံတိုးချဲ့စိုက်ပျိုးနိုင်ရေးအတွက် အကျယ်လေးလက်မ၊ အနက်ပေ ၂၀၀ ရှိ စက်ရေတွင်းလေးတွင်း တူးဖော်ခြင်း၊ ဆိုလာတပ်ဆင်ခြင်းနှင့်ရေမြှုပ်ပန့်တပ်ဆင်ခြင်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်းများကို ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၉၅ ဒသမ ၀၆၄ သန်းဖြင့် တင်ဒါအောင်မြင်သည့် Kyaw Zhaw Htet ကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ စတုတ္ထပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ ယခုအခါ ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း သိရသည်။

အဆိုပါကျေးရွာနှစ်ရွာ၌ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးသဖြင့် ကျေးရွာနှစ်ရွာရှိ အိမ်ခြေ ၉၀၊ လူ ၂၉၅ ဦးတို့ အကျိုးပြုနိုင်ကြောင်း၊ ဆိုလာစနစ်ဖြင့် စိုက်ပျိုးရေများ ရရှိက ဆီထွက်သီးနှံများ စိုက်ပျိုးလာနိုင်မည်ဖြစ်ပြီး လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာနိုင်မည်ဖြစ်ကြောင်း သိရသည်။ **သူသူ**

# မြန်အောင်မြို့နယ် ထိန်သေးကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု စစ်ဆေး

**မြန်အောင် ဖေဖော်ဝါရီ ၄**

ဧရာဝတီတိုင်းဒေသကြီး မြန်အောင်ခရိုင် မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း(ဆီထွက်သီးနှံ)ရန်ပုံငွေဖြင့် ထိန်သေးကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက် ၉ နာရီက တာဝန်ရှိသူများကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် မြန်အောင်ခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးမောင်တင်အောင်၊ မြန်အောင်မြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးတင်ထွန်းအောင်နှင့် မြို့နယ် လုပ်ငန်းအရည်အသွေး စစ်ဆေးရေးအဖွဲ့တို့က ထိန်သေးကြီးကျေးရွာ၌ ကုန်ထုတ်လမ်းဖောက်လုပ်ပြီးစီးမှု အခြေအနေများနှင့် လုပ်ငန်းများသတ်မှတ်စံချိန်စံညွှန်းနှင့်အညီ လမ်းအရည်အသွေးကောင်းမွန်မှု ရှိ၊ မရှိ ကြည့်ရှုစစ်ဆေးပြီး ခရိုင်ဦးစီးမှူးက ဆောင်ရွက်ပြီးလုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲစေရေး ဝိုင်းဝန်းထိန်းသိမ်းသွားကြရန် ဆွေးနွေးမှာကြားသည်။



အဆိုပါကုန်ထုတ်လမ်း အရှည် ၃၆၂၃ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ချောင်းကျောက်ခင်းခြင်းလုပ်ငန်းကို ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေကျပ် ၆၂ ဒသမ ၈၅ သန်းဖြင့် တင်ဒါအောင်မြင်သည့် မဟာရွှေမင်းသားကြီးကုမ္ပဏီက ၂၀၂၂ ခုနှစ် နိုဝင်ဘာလ ဒုတိယပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများအားလုံး ရာနှုန်းပြည့် ဆောင်ရွက်ပြီးစီးပြီဖြစ်သောကြောင့် ကျေးရွာရှိ ပြည်သူများ၏ စိုက်ပျိုးမြေဧက ၂၅၀ကျော်မှ ထုတ်ကုန်ထွက်ကုန်များ ဈေးကွက်သို့ အလွယ်တကူ သယ်ယူပို့ဆောင်နိုင်ပြီဖြစ်ကြောင်း သိရသည်။

**သံသာ**

# တန့်ယန်းမြို့နယ် မိုင်းပတ်(ရွာမ)ကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း စစ်ဆေး

**တန့်ယန်း ဖေဖော်ဝါရီ ၄**

ရှမ်းပြည်နယ်(မြောက်ပိုင်း) တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့် မိုင်းပတ်ကျေးရွာအုပ်စု မိုင်းပတ်(ရွာမ) ကျေးရွာ၌ ကျေးရွာတွင်းကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ယနေ့နံနက် ၁၀ နာရီက တာဝန်ရှိသူများ ကွင်းဆင်း စစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တန့်ယန်းမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မေနွယ်ထွန်းနှင့် စီမံကိန်း တာဝန်ခံ ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ မိုင်းပတ်(ရွာမ) ကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေ၊ ကျေးရွာပြည်သူထည့်ဝင်ငွေတို့ဖြင့်ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးအရာရှိက လုပ်ငန်းများ သတ်မှတ်စံချိန်စံညွှန်းနှင့်အညီ အချိန်မီပြီးစီးရေး ဆောင်ရွက်ကြရန် မှာကြားသည်။

မိုင်းပတ်(ရွာမ)ကျေးရွာ၌ ကျေးရွာတွင်းလမ်း အရှည်ပေ ၇၈၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP) ပံ့ပိုးရန်ပုံငွေကျပ် သိန်း ၁၀၀၊ ကျေးရွာနေ ပြည်သူထည့်ဝင်ငွေကျပ် ၅၇ သိန်း စုစုပေါင်းငွေကျပ် ၁၅၇ သိန်း အသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏အနီးကပ်ကြီးကြပ်မှုဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ဇန်နဝါရီလ ဒုတိယပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ ယခုအခါ ၇၀ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း သိရသည်။

**နံလာ**

# စစ်ကိုင်းခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၂၄၁၆၁ ဧက စိုက်ပျိုးပြီးစီး

**စစ်ကိုင်း ဖေဖော်ဝါရီ ၄**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၂၄၁၆၁ ဧက စိုက်ပျိုး ပြီးစီးနေပြီဖြစ်ကြောင်း စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

စစ်ကိုင်းခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီ၌ ပူးစားပြောင်း ၂၆၃၁၆ ဧက စိုက်ပျိုးရန် လျာထားပြီး ၂၀၂၂ ခုနှစ် အောက်တိုဘာလမှစတင်စိုက်ပျိုးခဲ့ရာ ယနေ့ထိ ၂၄၁၆၁ ဧကစိုက်ပျိုးပြီးဖြစ်ကြောင်း သိရသည်။

"စစ်ကိုင်းခရိုင်အတွင်း ဆောင်းသီးနှံစိုက်ပျိုးရာသီကာလ ပူးစားပြောင်းဧက ၂၈၀၀၀ ကျော်စိုက်ပျိုးဖို့ လျာထားပါတယ်။ ဒီနေ့ထိ ဧက ၂၄၀၀၀ ကျော်စိုက်ပြီးနေပြီ။ ပူးစားပြောင်း စိုက်ပျိုးမှုကတော့ တစ်နှစ်နဲ့တစ်နှစ် တိုးလာသလို အောင်မြင်ဖြစ်ထွန်းလျက် ရှိပါတယ်။ ပူးစားပြောင်းစိုက်ခင်းတွေ ပိုးမွှားကျရောက်မှုမရှိစေဖို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန တာဝန်ရှိသူတွေက ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပါတယ်"ဟု စစ်ကိုင်းခရိုင် စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်သီတာလွင်က ပြောပြသည်။

စစ်ကိုင်းခရိုင်အတွင်း ပူးစားပြောင်း စိုက်ပျိုးပြီးစီးမှုအနေဖြင့် စစ်ကိုင်းမြို့နယ်တွင် ၁၈၈၉၂ ဧက၊ မြင်းမူမြို့နယ်တွင် ဧက ၅၁၃၀၊ မြောင်မြို့နယ်တွင် ၁၃၉ ဧက စုစုပေါင်း ၂၄၁၆၁ ဧကတို့ဖြစ်ကြောင်း သိရသည်။

စစ်ကိုင်းခရိုင်တွင် ပူးစားပြောင်းစိုက်ပျိုးသူများကို သက်ဆိုင်ရာမြို့နယ် စိုက်ပျိုးရေးဦးစီးဌာနက သင်တန်းပေးခြင်း၊ ကွင်းသရုပ်ပြပွဲများ ဆောင်ရွက်ခြင်း၊ ဖောင်မြောင်တောင်ပိုး ကြိုတင်ကာကွယ်ရေး၊ ဘက်စုံသီးနှံ ကာကွယ်ရေးစနစ်ဖြစ်သည့် တမာပိုးသတ်ဆေးနှင့် ပိုးနှင်ဆေးအသုံးပြုရေး စိုက်ပျိုးရေးဆိုင်ရာများ အသိပညာပေးလျက်ရှိကြောင်း သိရသည်။

(၂၀၆)

**စာအုပ်စာပေ လူ့မိတ်ဆွေ**

# ထူးထူးခြားခြား တိရစ္ဆာန်မိခင်များ

နိုင်ဇင်

လူသားများသည်သာလျှင် ၎င်းတို့၏ ကလေးငယ်များကို ကာကွယ်ရန်၊ ပြုစုရန်နှင့် ပျိုးထောင်မြှင့်တင်ပေးရန်အတွက် လုပ်ဆောင်နိုင်သောသူများမဟုတ်ကြောင်းကို အောက်တွင်ဖော်ပြသွားမည့် ထူးထူးခြားခြား တိရစ္ဆာန်မိခင်များက သက်သေပြလျက်ရှိသည်။ တိရစ္ဆာန်တို့၏နေထိုင်မှုသဘာဝတွင် ၎င်းတို့၏ကလေးများကို အစာရှာနည်း၊ မိမိကို အန္တရာယ်ပြုလာမည့်ရန်နှင့် ရန်သူကိုတန်ပြန်တိုက်ခိုက်တတ်စေရန် အချိန်တစ်ခုပေးကာ တိရစ္ဆာန်မိခင်များက ၎င်းတို့၏ သားပေါက်ကလေးများနှင့်ရောနှောနေထိုင်ရင်း လေ့ကျင့်ပေးလေ့ရှိကြသည်။ ထိုသို့ သားပေါက်ကလေးများကို ၎င်းတို့ကိုယ်တိုင် အသက်ရှင်ရပ်တည်ရှင်သန်နိုင်ရေးအတွက် သင်ကြားပေးနိုင်သော တိရစ္ဆာန်မိခင်များထဲမှ ထူးချွန်သော တိရစ္ဆာန်မိခင်ငါးကောင်၏အကြောင်းကို ဗဟုသုတအနေဖြင့် ဖော်ပြသွားပါမည်။

**အော်ရန်ဂူတန်လူဝံများ**



အော်ရန်ဂူတန်မိခင်နှင့် ၎င်း၏သားပေါက်ကြားက နှောင်ကြိုးသည် တိရစ္ဆာန်သားအမိများ၏သဘာဝထဲတွင် သံယောဇဉ်အခိုင်မာဆုံး သာဓကတစ်ခုဖြစ်ပေသည်။ အော်ရန်ဂူတန်လူဝံပေါက်ကလေးများ၏ ပထမနှစ်နှစ်တာကာလအတွင်း၌ အစားအသောက်နှင့် တောတွင်းလမ်းကြောင်းများ သွားလာရေးအတွက် ၎င်းတို့၏မိခင်များအပေါ်တွင် လုံးဝမှီခိုအားထားကြရသည်။

အော်ရန်ဂူတန်လူဝံမိခင်များသည် ၎င်းတို့၏သားသမီးများနှင့်အတူ ခြောက်နှစ်မှ ခုနစ်နှစ်ထိနေထိုင်ကြပြီး အစာရှာနည်း၊ စားသောက်နည်းနှင့် နားခိုအိပ်စက်သည့်အသိုက် တည်ဆောက်နည်းတို့ကို သင်ကြားပေးသည်။ အော်ရန်ဂူတန်လူဝံအမများသည် အသက် ၁၅ နှစ် သို့မဟုတ် ၁၆ နှစ်အရွယ်ရောက်သည့်တိုင် မိခင်ဆီသို့သွားရောက်လည်ပတ်လေ့ရှိသဖြင့် ၎င်းအလေ့အကျင့်သည် လူသိများသည်။

**ပိုလာဝက်ဝံ**

ဂရုစိုက်တတ်သော ပိုလာဝက်ဝံမိခင်များသည် များသောအားဖြင့် အမြွှာသားပေါက်များကို မွေးဖွားပေးလေ့ရှိသည်။ အေးသောရာသီဥတုတွင် လိုအပ်သောရှင်သန်မှုစွမ်းရည်ကို သင်ယူရန်အတွက် ၎င်း၏သားပေါက်များအနားတွင် နှစ်နှစ်ခန့် အနီးကပ်သင်ကြားပေးသည်။ ပိုလာဝက်ဝံမိခင်များသည် နှင်းများ၊ ရေခဲများကြားတွင် ပုန်းခိုရာ တွင်းနက်နက်တူးကာတွင်း သို့မဟုတ် ဂူထဲသို့ အအေးဓာတ်များနှင့် အမုန်အမွှားများရန်မှ ကာကွယ်ပေးနိုင်သော နေရာတစ်ခုကို ဖန်တီးပေးလေ့ရှိသည်။

ပိုလာဝက်ဝံတို့သည် အများအားဖြင့် နိုဝင်ဘာလမှ ဇန်နဝါရီလအတွင်း သားပေါက်လေ့ရှိကြသည်။ သားပေါက်များကို ၎င်းတို့၏ ခန္ဓာကိုယ်အပူဖြင့် အနွေးဓာတ်ပေးပြီး ၎င်းတို့၏နို့ရည်ကို တိုက်ကျွေးခြင်းဖြင့် နွေးထွေးကျန်းမာစေသည်။ ပိုလာဝက်ဝံသားပေါက်များသည်



ပြင်ပအပူချိန်နှင့်ထိတွေ့ရန် မတ်လနှင့် ဧပြီလမှသာ ၎င်းတို့နေထိုင်ရာဂူအတွင်းမှ ထွက်ခွာသွားကြပြီး အမဲလိုက်ခြင်းနည်းစနစ်ကို မိခင်ဆီမှ သင်ယူကြသည်။

**အာဖရိကဆင်**

အာဖရိကဆင်များနှင့်ပတ်သက်ပြီးပြောရမည်ဆိုလျှင် ဆင်မိခင်သည် ငယ်စဉ်ထိန်းကျောင်းကတည်းက တစ်ကောင်တည်း ထိန်းကျောင်းခြင်းမဟုတ်ပေ။ ဆင်များသည် အုပ်စုလိုက်အဖွဲ့အစည်းများဖြင့် စုစည်းနေထိုင်ကြသောကြောင့် အာဖရိကဆင်မတစ်ကောင် သားပေါက်လျှင် ဆင်အုပ်အတွင်းရှိ အခြားဆင်မများက မွေးပြီးပြီးချင်း ဆင်ပေါက်ကလေးနို့တိုက်နည်းကို သင်ပြပေးကြပြီး ဆင်ပေါက်ကလေးကို ဝိုင်းဝန်းစောင့်ရှောက်ပေးကြသည်။



သက်ကြီးဆင်များသည် ဆင်အုပ်တစ်အုပ်၏အရှိန်ကို ချိန်ညှိနိုင်သောကြောင့် ကိုယ်ဝန်ရှိသောဆင်မသည် သက်သောင့်သက်သာနှင့် ဆင်အုပ်ထဲတွင်သွားလာနိုင်သည်။ ထို့ပြင် ဆင်အုပ်ထဲမှ အရွယ်ရောက်ပြီးသောဆင်များသည် ဆင်ပေါက်ကလေးများကို မည်သည့်အပင်များကိုသာစားသုံးရန်သင့်သည်နှင့် တောထဲတွင် လမ်းကြောင်းမည်ကဲ့သို့သွားရမည်ကို ဝိုင်းဝန်းသင်ကြားပြသထိန်းကျောင်းပေးသည်။ ဆင်မိခင်များကမူ ၎င်းတို့၏ ရင်သွေးဆင်ပေါက်ကလေးများနှင့် အနီးကပ်ထိတွေ့သင်ကြားအပေးဆုံးပင်ဖြစ်သည်။

**တောလိုက်ကျားသစ် ခေါ် သစ်ကျုတ်**

တောလိုက်ကျားသစ် ခေါ် သစ်ကျုတ်မိခင်များသည် ၎င်းတို့၏ သားငယ်များကို အထီးကျန်စွာတစ်ကောင်တည်းဖြင့် ပြုစုပျိုးထောင်ကြလေ့ရှိသည်။ ၎င်း၏သားပေါက်ကလေးများကို သားကောင်ပေါက်နို့များထွက်ပေါ်ရာမှ အခြားတိရစ္ဆာန်များက စားခြင်းမှကာကွယ်ရန် လေးရက်တစ်ကြိမ် နေရာရွှေ့ပြောင်းလေ့ရှိကြသည်။ ၎င်းကျားသစ်များသည် တစ်ခါသားပေါက်လျှင် များသောအားဖြင့် နှစ်ကောင်မှ ခြောက်ကောင်ထိ ပေါက်လေ့ရှိကြသည်။



တောလိုက်ကျားသစ်မိခင်သည် သားပေါက်ကလေးများကို ၎င်းနှင့်အတူ အမဲလိုက်ခြင်းကို ၁၈ လကြာလေ့ကျင့်ပေးပြီး နောက်တွင် ကျားသစ်ပေါက်ကလေးများသည် ၎င်းတို့၏မိခင်များကို စွန့်ခွာသွားကြသည်။ ထို့နောက် စွန့်ခွာသွားသော ကျားသစ်သားပေါက်ကလေးများအုပ်သည် မိခင်ကိုစွန့်ခွာပြီး ခြောက်လအကြာတွင် အတူနေမည့်မွေးချင်းအဖွဲ့ကိုဖွဲ့သည်။

**အင်ပါယာပင်ဂွင်**

မိခင်အင်ပါယာပင်ဂွင်သည် ဥဥပြီးသည်နှင့် သားပေါက်ဥများကို ရန်သူ့ဆီမှကာကွယ်ပေးရန် ပင်ဂွင်အထီးထံတွင် ချန်ထားခဲ့သည်။ ထို့နောက် မိခင်အင်ပါယာပင်ဂွင်သည် သမုဒ္ဒရာအတွင်း မိုင် ၅၀ ထိ ခရီးနှင်ကာ အစာရှာထွက်ခဲ့သည်။ နောက်ပိုင်းတွင် မိခင်အင်ပါယာပင်ဂွင်သည် ပေါက်ခါစ ၎င်း၏သားပေါက်များအတွက် အစာကိုပြန်လည်ဖြည့်တင်းရန် သားပေါက်သည့် ပင်ဂွင်အထီးရှိရာနေရာသို့ ပြန်သွားခဲ့



သည်။ ထို့နောက် မိခင်အင်ပါယာပင်ဂွင်သည် ၎င်း၏သားပေါက်အိတ်၏ နွေးထွေးမှုကို အသုံးပြု၍ အင်ပါယာပင်ဂွင်သားပေါက်ကလေးကို နွေးထွေးလုံခြုံစေပါသည်။

**5 remarkable animal moms ကို ဘာသာပြန်ဆိုပါသည်။**

# ဖြူးမြို့နယ်ရှိ ကျေးရွာနှစ်ရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ စစ်ဆေး

**ဖြူး ဖေဖော်ဝါရီ ၄**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင် ဖြူးမြို့နယ် ငှက်ကြီးသိုက်ကျေးရွာနှင့် လိပ်ပေါကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ယနေ့ နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် တောင်ငူခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဦးသန့်ဇင်မျိုး၊ ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးကျော်မျိုးအောင်နှင့် ဝန်ထမ်းများသည် ကျေးရွာဖွံ့ဖြိုးရေး ကော်မတီဝင်များနှင့်အတူ ငှက်ကြီးသိုက်ကျေးရွာ၌ ကျေးလက်ကုန်ထုတ်လမ်း မြေသားတင်ခြင်းလုပ်ငန်း၊ ကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုနှင့် လိပ်ပေါကျေးရွာ၌ ကျေးရွာတွင်းလမ်းကျောက်ရောမြေခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို ကွင်းဆင်းကြည့်ရှုစစ်ဆေးကြပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများက ကျေးရွာရပ်မိ၊ ရပ်ဖများ၊ ကျေးရွာကော်မတီဝင်များ၊ ကျေးရွာတာဝန်ရှိသူများ၊ တင်ဒါရကုမ္ပဏီမှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး လုပ်ငန်းများအားလုံး သတ်မှတ်စံချိန်စံညွှန်းပြည့်မီစွာဖြင့် အချိန်မီပြီးစီးရေး၊ သတ်မှတ်အတိုင်းအတာပြည့်မီရေး ဆောင်ရွက်ကြရန် ဆွေးနွေးမှာကြားခဲ့သည်။

ဖြူးမြို့နယ် ငှက်ကြီးသိုက်ကျေးရွာ၌ ပြည်ထောင်စုခွင့်ပြုရန်ပုံငွေကျပ် ၂၈ ဒသမ ၂၃ သန်းဖြင့် အရှည် ပေ၂၀၀၀၊ အကျယ် ၁၆ ပေ၊ အမြင့် နှစ်ပေရှိ ပထမအလွှာမြေသားတင်ခြင်းလုပ်ငန်း၊ အရှည် ပေ ၃၀၀၊ အကျယ် ၁၄ ပေ၊ အမြင့် တစ်ပေရှိ ဒုတိယအလွှာမြေသားတင်ခြင်းလုပ်ငန်းနှင့် အရှည် ပေ ၂၃၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ကိုးလက်မရှိ ကျောက်ရောမြေခင်းခြင်းလုပ်ငန်းကို မင်းညီကုမ္ပဏီက တာဝန်ယူ၍ ဇန်နဝါရီ ၁ ရက်မှစတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၇၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း၊ လိပ်ပေါကျေးရွာ၌ မြစိမ်းရောင်ကျေးရွာစီမံကိန်းအတိုးရငွေကျပ် ၇၇ သိန်းအသုံးပြုပြီး အရှည် ၁၉၂၅ ပေ၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကျေးရွာတွင်းလမ်း ကျောက်ရေမြေခင်းခြင်းလုပ်ငန်းကို မြို့နယ် တာဝန်ခံအင်ဂျင်နီယာများ၏ နည်းပညာကူညီပံ့ပိုးမှုဖြင့် ကျေးရွာပြည်သူလူထုကိုယ်တိုင် ဇန်နဝါရီ ၉ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်း ၇၀ ရာခိုင်နှုန်းကျော် ဆောင်ရွက်ပြီးစီးနေပြီဖြစ်ကြောင်း ဖြူးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ သိရသည်။

**ကိုညီ**

# ချစ်စရာ့အရွယ် စာဖတ်မယ်

**ကလေး စာပေကဏ္ဍ**

# အတုခိုးမှားတဲ့ ဝက်ကလေး

"ကလေးတို့ရေ. . . ဟိုးတစ်ခါတုန်းကပေါ့ကွယ်။ လယ်သမားမိသားစုတစ်စုဟာ သူ့ရဲ့လယ်ထဲမှာပဲ တဲကြီးတစ်လုံးဆောက်ပြီး နေထိုင်ကြသတဲ့ကွယ်။ အဲဒီတဲကြီးမှာတော့ ကြွက်တစ်ကောင်နဲ့ ဝက်တစ်ကောင်တို့လဲ မှီတင်းနေထိုင်ကြသတဲ့ကွယ်။ ကြွက်ကလေးဟာ အစတုန်းကတော့ လယ်တောထဲက လယ်ကန်သင်းတစ်ခုမှာ တွင်းတူးနေထိုင်ပြီး လယ်ထဲမှာရှိတဲ့ စပါးနှံတွေ၊ ပုစွန်လုံးတွေကို စားသောက်နေထိုင်တာပေါ့ကွယ်။ လယ်ထဲက စပါးတွေရိတ်သိမ်းပြီးတဲ့အချိန်မှာတော့ လယ်ကွင်းပြင်ထဲမှာ အစာရေစာရှားပါးသွားတာကြောင့် လယ်သမားကြီးရဲ့တဲအိမ်ကြီးဆီ ပြောင်းရွှေ့လာပြီး စပါးကျီကြီးရဲ့ဘေးမှာ တွင်းတူးပြီးနေထိုင်သတဲ့ကွယ်။

ဝက်ကလေးကတော့ လယ်သမားကြီးက စီးပွားရေးအဖြစ် မွေးမြူထားတာပဲဖြစ်တယ်ကွဲ့။ လယ်သမားကြီးဟာ အစားအစာအကြွင်းအကျန်တွေကို အလေအလွင့်မဖြစ်အောင် ဝက်တစ်ကောင်မွေးမယ်ဆိုပြီး ဝက်ကုန်သည်တစ်ယောက်ဆီကနေ ဝယ်ယူမွေးထားတာပေါ့ကွယ်။ ဝက်ကလေးနေဖို့အတွက် စပါးကျီကြီးရဲ့ဘေးမှာပဲ ဝက်ခြံကလေးဆောက်ပေးထားသတဲ့ကွယ်။ ဝက်ကလေးဟာ ဝက်ခြံထဲမှာပဲ အစာစားလိုက်၊ ဆော့လိုက်၊ အိပ်လိုက်နဲ့ အဆင်ပြေနေတာပေါ့ကွယ်။ ကြွက်ကလေးကလဲ စပါးကျီက စပါးတွေ ဖောက်စားလိုက်၊ သူ့ရဲ့တွင်းကိုတူးလိုက်နဲ့ စားစရာမပူရဘဲ အဆင်ပြေနေကြတာပေါ့ကွယ်။

တစ်နေ့မှာတော့ ကြွက်ကလေးဟာ ဝက်ခြံထဲဝင်သွားပြီး ဝက်စားကျင်းထဲက အကြွင်းအကျန်တွေကိုတွေ့လို့ အားရပါးရစားနေတုန်းမှာ ဝက်ကလေးနဲ့တွေ့ပြီး မိတ်ဆွေဖွဲ့ကြတာပေါ့ကွယ်။ ဝက်ကလေးက-

"ကြွက်ကလေးရေ အခုလို ညတိုင်း ရှာဖွေစားသောက်နေရတာ မပင်ပန်းဘူးလား"လို့ မေးတဲ့အခါ-

"မပင်ပန်းပါဘူးဗျာ။ ကျွန်ုပ်အတွက် စပါးကျီကြီးတစ်ခုလုံး ရှိနေတာပဲ"လို့ ကြွက်ကလေးက ပြန်ဖြေလိုက်သတဲ့။ ဝက်ကလေးကလဲ-

"ကျွန်ုပ်ကတော့ ရှာစရာမလိုဘူး။ အချိန်ကျရင် လာကျွေးတာပဲ။ အေးအေးဆေးဆေးစားလိုက်ရုံပဲဗျာ" လို့ ကြွက်ကလေးကို ပြောသတဲ့ကွယ်။

"ဒီလိုဆိုတော့လဲ ဝက်ကလေးက ကံကောင်းလိုက်တာဗျာ"လို့ ကြွက်ကလေးက ပြန်ပြောသတဲ့။ ဒီလိုပြောတော့ ဝက်ကလေးလဲ သူကိုယ်သူကျေနပ်ပီတိဖြစ်နေတာပေါ့ကွယ်။ ဒါနဲ့ပဲ ကြွက်ကလေးက-

"အသင် ဝမ်းသာမနေနဲ့အုံး။ သူတစ်ပါးကျွေးတာစားရတယ်ဆိုတာ သူတစ်ပါးလုပ်တိုင်းလဲ ခံရတတ်တယ်ဗျ"လို့ပြောလိုက်ပေမဲ့ ဝက်ကလေးကတော့ အရေးမစိုက်သလို လုပ်နေတာပေါ့ကွယ်။

တစ်ညမှာတော့ ဝက်ကလေးဟာ ကြွက်ကလေးအလုပ်ရှုပ်နေတာကိုကြည့်ပြီး မေးမြန်းစပ်စုတာပေါ့ကွယ်။

"ဟေ့. . . ကြွက်ကလေး မြေကြီးတွေကို ယက်လိုက်၊ စပါးကျီထဲကိုပြေးလိုက်နဲ့ တစ်ညလုံးမနားမနေ ဘာတွေလုပ်နေတာလဲ"လို့ မေးသတဲ့ကွယ်။ ကြွက်ကလေးကလဲ-

"ဝက်ကလေးရေ စပါးကျီထဲမှာ စပါးတွေက သိပ်မရှိတော့ဘူး။ ဒါကြောင့် တစ်မိုးစာ ဖူဖူလုံလုံစားရအောင် စပါးတွေသယ်ပြီး စုနေတာပါ။ တွင်းကိုလဲ ကျယ်ကျယ်ထပ်ပြီးတူးနေတာပါဗျာ"လို့ ပြန်ဖြေသတဲ့။ ကြွက်ကလေးပြောတာကိုနားထောင်ပြီး ဝက်ကလေးဟာ ကြွက်ကလေးလို အားကျမခံလိုက်လုပ်ချင်နေတာပေါ့ကွယ်။

ဒီလိုနဲ့ မနက်မိုးလင်းတဲ့အခါ ဝက်ကလေးဟာ မြေကြီးတွေကို သူ့နှတ်သီးနဲ့ထိုးပြီး ထိုးဆွနေတာကို ကြွက်ကလေးက မြင်တဲ့အခါ အံ့ဩနေတာပေါ့ကွယ်။




ဘာကြောင့် ဒီလိုမြေကြီးတွေကို ထိုးဆွနေရတာလဲ ဆိုတာ ဝက်ကလေးကိုမေးကြည့်တော့-

"ကျွန်ုပ်လဲ သင်လုပ်သလို လိုက်လုပ်တာပေါ့။ ကိုယ်ကိုယ်တိုင် အစာရှာတာပေါ့ဗျာ"လို့ ပြောသတဲ့။ "ကျွန်ုပ်က မြေကြီးကိုလဲ ကောင်းကောင်းတူးတတ်ပါတယ်ဗျ"လို့ ဆက်ပြောသတဲ့။ ထိုအခါ ကြွက်ကလေးက-

"ကျွန်ုပ်က ကျွန်ုပ်နေထိုင်ဖို့ နေရာပိုကောင်းအောင်၊ အစာတွေသိုလှောင်နိုင်အောင် မြေကြီးကို တူးတာဗျ။ အသင်ဝက်ကလေးက ကိုယ့်နေရာကိုယ်ပြန်ပြီး ဖျက်ဆီးနေသလိုဖြစ်နေတယ်။ မလုပ်သင့်ပါဘူး"လို့ တားတာပေါ့ကွယ်။ ဒါပေမဲ့ ဝက်ကလေးက နားမထောင်ဘူးကွဲ့။ မြေကြီးထဲက ပိုးကောင်လေးတွေ၊ တီကောင်လေးတွေတွေ့ရင် စားရတာကို သူကျေနပ်နေတာပေါ့ကွယ်။ "ငါလဲ ကြွက်လို အစာရှာတတ်တယ်၊ မြေတူးတတ်တယ်"ဆိုပြီး သူကိုယ်သူ ဂုဏ်ယူနေတာပေါ့ကွယ်။

ဒီလိုနဲ့ ရက်အနည်းငယ်ကြာလာတဲ့အခါမှာ ဝက်ကလေးဟာ ကျင်ကြီး၊ ကျင်ငယ်တွေစွန့်လိုက်၊ မြေတွေကိုထိုးလိုက် လုပ်ပါများလာတော့ ဝက်ခြံလေးထဲမှာ ရွှံ့ဗွက်ဖြစ်သွားတာပေါ့ကွယ်။ အချိန်ကြာလာတာနဲ့အမျှ သူ့ရဲ့ခြံလေးဟာ အိပ်စရာနေရာတောင်မရှိ ဖြစ်လာတာပေါ့ကွယ်။ ဝက်ကလေးဟာ ရွှံ့ဗွက်ထဲမှာနေရတာပျော်ပေမဲ့ အိပ်တဲ့အခါမှာတော့ ကောင်းကောင်းအိပ်လို့ မရဘူးဖြစ်နေတာပေါ့ကွယ်။ ဝက်ကလေးဟာ အအိပ်ပျက်၊ အစားပျက်ဖြစ်လာပြီး ပိန်သွားသတဲ့ကွယ်။ ကြွက်ကလေးနဲ့တွေ့တဲ့အခါမှာလဲ-

"ကျွန်ုပ်နောင်တရပါပြီ။ အသင်လုပ်သလို လိုက်လုပ်မိတာ ကောင်းကောင်းမအိပ်ရ၊ ကောင်းကောင်းမစားရနဲ့ ကျွန်ုပ်မှားပါတယ်"လို့ တောင်းပန်သတဲ့။ လယ်သမားကြီးကလဲ သူ့ဝက်ကလေးပိန်သွားတော့-

"ကြာကြာထားရင် အရင်းရှုံးလိမ့်မယ်"ဆိုပြီး ဝက်သတ်သမားလက်ထဲကို ရောင်းလိုက်သတဲ့ကွယ်။ ကြွက်ကလေးကတော့ သားသတ်သမားတွေဆွဲခေါ်သွားတဲ့ ဝက်ကလေးကိုကြည့်ပြီး-

"သူ ငါတားတဲ့အချိန်တုန်းကသာ ငါ့စကားကို နားထောင်ခဲ့ရင် ဒီလိုအဖြစ်မျိုးနဲ့ကြုံရမှာ မဟုတ်ဘူး" လို့တွေးပြီး ဝက်ကလေးသွားရာလမ်းကို ဝမ်းနည်းစွာနဲ့ ကြည့်နေမိသတဲ့ကွယ်။

ပုံပြင်လေးကတော့ ဒါပါပဲကလေးတို့ရေ. . .။ ကလေးတို့လဲ သူတစ်ပါးလုပ်တိုင်း မစဉ်းစားမဆင်ခြင်ဘဲ လိုက်မလုပ်ကြနဲ့ကွဲ့။ နောက်ပြီး ကိုယ့်ရဲ့လုပ်ရပ်ဟာ ကိုယ့်အိမ်၊ ကိုယ့်မိသားစုကို ပြန်ပြီးထိခိုက်ပျက်စီးစေတဲ့ အလုပ်တွေလုပ်မယ်ဆိုရင် ဦးစွာပထမ အရင်ဆုံးခံရမဲ့သူဟာ မိမိကိုယ်တိုင်ပဲဖြစ်တယ်ဆိုတာလဲ သင်ခန်းစာယူကြရမယ်နော်။

**မောင်စိုးငွေ(ကသစ်မြေ)**

## စာဖတ်ကြမယ်

♦ ဗဟုသုတ ရဖို့ရာ
စာပေဖတ်ကြပါ။

♦ အရှပ်လေးက လှလိုက်တာ
မဆုတ်ဖြဲရပါ။

♦ ရေးမှတ်ကဗျာ ဖတ်ရှုက
သုတရမယ်ဗျ။

♦ စည်းကမ်းရှိစွာ ကိုင်တွယ်မှ
နှစ်ရှည်ခံမယ်ပဲ့။ ။

**ဝေဟင်ငှက်**




## ရွှံ့အရုပ်

♦ ရွှံ့အရုပ်လေး ရွှေချိုးဖြူ
တေးသံသာလို့ကူ။

♦ ညီနောင်ပုံတူ နွားတစ်ရှဉ်း
ခွန်အားမာန်ဟုန်ပြင်း။


♦ စွမ်းအားပြည့်တင်း ပစ်တိုင်းထောင်
ပြုံးချိုအလှဆောင်။

♦ မလဲနိုင်အောင် ခေါင်းထူမတ်
ရှိကြအစွမ်းခတ်။

♦ လက်မှုအတတ် အလှဆင်
ဝင့်ကြွားလို့ပီပြင်။

♦ အစွမ်းတူယှဉ် မနစ်မြုပ်
တို့ရဲ့ရွှံ့အရုပ်။ ။

**ငြိမ်းချမ်းအောင်(နတ်တလင်း)**



# YBS ယာဉ်လိုင်းမှ ခရီးသည်တင်ယာဉ်များ CNG သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၃၂ ဆိုင်တွင် သီးသန့်သဘာဝဓာတ်ငွေ့ဖြည့်တင်းနိုင်ရန် စီမံဆောင်ရွက်နေ



**ရန်ကုန် ဖေဖော်ဝါရီ ၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ယာဉ်လိုင်းအသီးသီးမှ ခရီးသည်တင်ယာဉ်များ CNG သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ၃၂ ဆိုင်တွင် သီးသန့် CNG သဘာဝဓာတ်ငွေ့များ ဖြည့်တင်းနိုင်ရန် စီမံဆောင်ရွက်နေကြောင်း ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ (YRTC)မှ တွဲဖက်အတွင်းရေးမှူး ဦးလျန်ကျင့်မန်ထံမှ သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ CNG အရောင်းဆိုင်ပေါင်း ၄၁ ဆိုင်ရှိပြီး ၃၂ ဆိုင်ကို YBS ခရီးသည်တင်ယာဉ်များအတွက် ရောင်းချပေးရန် သီးသန့်ဆိုင်များအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

"YBS ခရီးသည်တင်ယာဉ်တွေ သီးသန့် CNG သဘာဝဓာတ်ငွေ့ ဖြည့်တင်းနိုင်တဲ့ CNG သဘာဝဓာတ်ငွေ့အရောင်းဆိုင် ၃၂ ဆိုင် သတ်မှတ်ထားပြီးသားဖြစ်ပါတယ်။ အဲဒီ ၃၂ ဆိုင်မှာ ရှစ်ဆိုင်လောက်က YBS ခရီးသည်တင်ယာဉ်တွေအပြင် အခြားမော်တော်ယာဉ်တွေကိုပါ လိုအပ်ချက်အရ CNG သဘာဝဓာတ်ငွေ့ရောင်းချပေးနေရတာရှိပါတယ်။ အရင်က ပြဿနာမရှိပေမဲ့ အခုအချိန်မှာတော့ မလိုအပ်ဘဲ CNG သဘာဝဓာတ်ငွေ့ဖြည့်တင်းရာမှာ ကြန့်ကြာမှုတွေ ရှိလာတဲ့ YBS ခရီးသည်တင်ယာဉ် ပြေးဆွဲမှုမှာ နှောင့်နှေးမှုတွေရှိလာတဲ့အတွက် ခရီးသွားပြည်သူတွေ အခက်အခဲ ဖြစ်ပေါ်နေပါတယ်။ ဒီအတွက် YBS ခရီးသည်တင်ယာဉ်တွေကို သတ်မှတ်ဆိုင်တွေက သီးသန့်ပြန်လည်ရောင်းချဖို့ စီစဉ်ဆောင်ရွက်နေပါတယ်"ဟု ဦးလျန်ကျင့်မန်က ပြောပြသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း ပြေးဆွဲလျက်ရှိသည့် YBS ယာဉ်လိုင်းအသီးသီးမှ ခရီးသည်တင်ယာဉ်များ CNG ဓာတ်ငွေ့ဖြည့်တင်းရာတွင် CNG သဘာဝဓာတ်ငွေ့ အရောင်းဆိုင် ၃၂ ဆိုင်ကို YBS ယာဉ်လိုင်းအသီးသီးမှ ခရီးသည်တင်ယာဉ်များသာ သီးသန့် CNG သဘာဝဓာတ်ငွေ့ဖြည့်တင်းနိုင်ရန် ရန်ကုန်တိုင်းဒေသကြီး ပုဂ္ဂလိက သယ်ယူ ပို့ဆောင်ရေးကြီးကြပ်မှုကော်မတီ(YRTC)နှင့် မြန်မာ့ရေနံနှင့် သဘာဝဓာတ်ငွေ့လုပ်ငန်း မော်တော်ယာဉ်သုံးသဘာဝဓာတ်ငွေ့ဌာနတို့ညှိနှိုင်းထားပြီးဖြစ်သော်လည်း လက်ရှိတွင် အခြားမော်တော်ယာဉ်များကိုပါ ဖြည့်တင်းပေးလျက်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးတွင် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ CNGအရောင်းဆိုင်များကို မူလက နံနက် ၅ နာရီမှ ည ၉ နာရီထိသာ ဖွင့်လှစ်ရောင်းချခဲ့သော်လည်း ယခုနှစ်မှစတင်ကာ နံနက် ၅ နာရီမှ ည ၁၀ နာရီ မိနစ် ၃၀ ထိ တိုးမြှင့်ဖွင့်လှစ်ပေးထားပြီး တစ်ရက်လျှင် မော်တော်ယာဉ်သုံး သဘာဝဓာတ်ငွေ့ CNG ကုဗပေ ၁၈ သန်းကျော်ထိ ရောင်းချပေးနေကြောင်း သိရသည်။ ASH

# အမရပူရမြို့နယ် တလင်းကြီးကျေးရွာ၌ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းပြီးစီးမှု စစ်ဆေး

**အမရပူရ ဖေဖော်ဝါရီ ၄**

မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ်တွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း (VDP)ပံ့ပိုးရန်ပုံငွေ၊ ပြည်သူထည့်ဝင်ငွေတို့ဖြင့် တလင်းကြီးကျေးရွာအုပ်စု တလင်းကြီးကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ယနေ့နံနက်ပိုင်းက တာဝန်ရှိသူများ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

ထိုသို့ ကွင်းဆင်းစစ်ဆေးရာတွင် အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆန်းဦးနှင့် ဝန်ထမ်းများက ကျေးရွာဖွံ့ဖြိုးရေးကော်မတီဝင်များနှင့်အတူ တလင်းကြီးကျေးရွာ၌ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) ရန်ပုံငွေဖြင့် ဆောင်ရွက်သည့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး မြို့နယ်ဦးစီးမှူးက လုပ်ငန်းများ ရေရှည်တည်တံ့ခိုင်မြဲအောင် ဝိုင်းဝန်းထိန်းသိမ်းကြရန် ကျေးရွာမှ တာဝန်ရှိသူများကို ဆွေးနွေးမှာကြားသည်။

တလင်းကြီးကျေးရွာ၌ ကျေးရွာတွင်းလမ်းအရှည်ပေ ၇၀၀၊ အကျယ် ၁၂ ပေ၊ အမြင့် ခြောက်လက်မရှိ ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP)ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၀၀၊ ပြည်သူထည့်ဝင်ငွေကျပ် ၄၅ သိန်းအသုံးပြု၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဝန်ထမ်းများ၏ နည်းပညာပံ့ပိုးမှု၊ အနီးကပ်ကြီးကြပ်မှုတို့ဖြင့် ကျေးရွာသူ၊ ကျေးရွာသားများကိုယ်တိုင် ၂၀၂၂ ခုနှစ် ဇန်နဝါရီလပထမပတ်က စတင်ဆောင်ရွက်ခဲ့ရာ ယခုအခါ လုပ်ငန်းများ ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း အမရပူရမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဆန်းဦးက ပြောပြ၍ သိရသည်။

**ကျော်ခိုး**

## စာပေမြင့်မှ လူမျိုးတင့်မည်












## ကန့်ကွက်နိုင်ပါကြောင်း

တံတားဦးခရိုင်၊ တံတားဦးမြို့နယ်၊ ချောင်းခွကျေးရွာအုပ်စု၊ ချောင်းခွကျေးရွာနေ ဦးစိုးလှိုင်ဦး (၉/တတဥ(နိုင်)၀၈၂၉၂၄)ကိုင်ဆောင်သူ ပိုင်ဆိုင်သော တံတားဦးမြို့နယ်၊ သမန်းကန်ကွင်း ဦးပိုင်အမှတ် (၁၇၈ က/၂)၊ မြေဧရိယာ (၁. ၇၇)ဧကကို ရောင်းချခဲ့ပြီး မန္တလေးမြို့ ပြည်ကြီးတံခွန်မြို့နယ် အကွက် (၁၇၀)နေ ဦးသီဟ (၉/မနမ(နိုင်)၀၉၈၆၇၈)ကိုင်ဆောင်သူမှ ၀ယ်ယူမည်ဖြစ်ပါသဖြင့် ကန့်ကွက်မည့်ပုဂ္ဂိုလ်များအနေဖြင့် ကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း အရောင်းအ၀ယ်ပြုလုပ်မည်ဖြစ်ပါသဖြင့် မြေပိုင်ရှင် ဦးစိုးလှိုင်ဦး ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်း သိစေအပ်ပါသည်။

**ဦးစိုးလှိုင်ဦး (၉/တတဥ(နိုင်)၀၈၂၉၂၄)**

## တပ်ကြပ်ကြီး/စာရေးသင်တန်း အမှတ်စဉ်(၁၂၂) ၏ (၂၁)နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနား

မန္တလေးတိုင်းဒေသကြီး၊ ချမ်းမြသာစည်မြို့နယ်၊ ကန်တော်ကြီးကန်ပတ်လမ်း ၀ိမုတ္တိသုခကျောင်းရှိ ယောဂီဆောင် ဆောက်လုပ်ရန်အတွက် အလှူတော်ငွေ တစ်ဆယ်သိန်း (၁၀၀၀၀၀၀)ကျပ်တိတိ လှူဒါန်းခဲ့ပါသည်။

**ဥတု**

**ရာသီ**

**တောက်ပမှ**

## “အများသိစေရန်ကြေညာခြင်း”

မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ်၊ မြရည်နန္ဒာရပ်ကွက်၊ အကွက်အမှတ် (ဗ-၂၁)၊ ဦးပိုင်အမှတ် ( ၇-ခ )၊ ဧရိယာ (၀ . ၀၁၃၇) ဧက၊ (၂၀ × ၃၀) ပေ အကျယ်အ၀န်းရှိ ဦးဒွေးအောင်(ဘ) ဦးမောင်စိန် ၊ ၉/မနတ (နိုင်) ၀၇၉၀၇၃ အမည်ဖြင့် ချထားပေးသော စလစ်မြေကွက် နှင့် ယင်းမြေကွက်ပေါ်ရှိ RC ( ၃ ) ထပ် အဆောက်အဦ အပါအ၀င် အကျိုးခံစားခွင့်အရပ်ရပ်တို့အား အရောင်းအ၀ယ်အရပ်ကတိစာချုပ်အဆင့်ဆင့် နှင့် နိုတြီကိုယ်စားလှယ်လွှဲစာအဆင့်ဆင့်တို့ဖြင့် လက်ရှိ တရား၀င် ပိုင်ဆိုင်ထားပြီး အပြီးအပိုင် လွှဲပြောင်း ရောင်းချ ပိုင်ခွင့်ရှိကြောင်း ပြောဆို၀န်ခံကတိပြုသူ **ဒေါ်မေရီလှအောင်** (ဘ) ဦးအောင်မင်း [၁/မကန(နိုင်)၁၃၃၉၉၁] ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ၀ယ်ယူရန် သဘောတူညီပြီး၊ ရောင်းကြေးစရန်ငွေ တစ်ချို့ ပေးချေ ထားပြီး ဖြစ်ပါသည်။

အဆိုပါ အရောင်းအ၀ယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသော စာချုပ်စာတမ်း မှတ်ပုံတင်မှုရင်းအထောက်အထားများ နှင့် ကြေညာသည့်နေ့မှ ( ၇ ) ရက်အတွင်း ကျွန်ုပ်တို့ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအ၀ယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

၀ယ်ယူသူ၏ လွှဲအပ်ချက်အရ -

| **ဒေါ်သန္တာ၀င်း** (LL.B) | **ဒေါ်နန်းလှိုင်းနွမ်** (LL.B) | **ဒေါ်ခင်မြင့်မြတ်** (LL.B) |
|---|---|---|
| တရားလွှတ်တော်ရှေ့နေ | အထက်တန်းရှေ့နေ | အထက်တန်းရှေ့နေ |

ဈေးချို မင်္ဂလာစံရပ်ကွက်၊ အမရပူရမြို့နယ်မန္တလေးမြို့။ ၀၉-၄၄၁၀၁၀၇၇၃၊ ၀၉-၄၃၀၁၃၂၃၇

### အများသိစေရန်ကြေညာခြင်း

စစ်ကိုင်းမြို့၊ မိုးဇာရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၅)၊ အကွက်အမည် ပုဏ္ဏားစုကွင်း၊ ဦးပိုင်အမှတ်-(၂/ခ)၊ ဧရိယာ(၀. ၄၅၀)ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

| | | | |
|---|---|---|---|
| (က) | အရှေ့လားသော် | - | ၄/ယ-၁ |
| (ခ) | အနောက်လားသော် | - | ကားလမ်း |
| (ဂ) | တောင်လားသော် | - | ၂/က |
| (ဃ) | မြောက်လားသော် | - | လမ်း |

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် **ဒေါ်ခင်တင့်၊ ဦးအောင်ဆန်းမင်း၊ ဒေါ်ခင်မာလွင်** တို့မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက **၂၀၂၃ခုနှစ်၊ မတ်လ(၂)ရက်နေ့** မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟုယူဆပြီး လုပ်ထုံးလုပ်နည်းနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်ဦးစီးဌာနမှူး**

**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ စစ်ကိုင်းမြို့။**

လူကုန်ကူးခံရသူများအနေဖြင့် အကူအညီနှင့်အားပေးမှုများ
လိုအပ်သည်ဟု ခံစားနေရပါက
သတင်းအချက်အလက်မျှဝေရာစင်တာသို့
ဆက်သွယ်နိုင်ပါသည်။
ဆက်သွယ်ရန်လိပ်စာ - လူမှုဝန်ထမ်းကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန
ပြန်လည်ထူထောင်ရေးဦးစီးဌာန
အမှတ်(၆၅)ကျိုက်ဝိုင်းဘုရားလမ်း မရမ်းကုန်းမြို့နယ်ရန်ကုန်တိုင်းဒေသကြီး
ဆက်သွယ်ရမည့်ဖုန်း - ၀၁-၆၆၆၆၆၁၉ (ရုံးချိန်အတွင်း)

**ဗလငါးတန် ဖွံ့ဖြိုးဖို့**
**စာအုပ်စာပေ ဖတ်ကြစို့**

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်



ကြက်သွန်ဖြူနှင့် ကြက်သွန်နီစားသုံးပေးခြင်းဖြင့် နှလုံးနှင့်အဆုတ်အတွက် အထူးကောင်းမွန်သည်။

ကိုဗစ်-၁၉ ရောဂါကူးစက်မှုကိုကာကွယ်ရာတွင် အထောက်အကူဖြစ်စေရန်

နာနတ်သီးထဲတွင်ပါရှိသော သဘာဝဓာတ်တိုးဆန့်ကျင်ပစ္စည်းက အသက်ရှူလမ်းကြောင်းကို တိုးတက်ကောင်းမွန်စေသည်။



## ပျောက်ဆုံးကြောင်း

မွန်ပြည်နယ်၊ ပေါင်မြို့၊ ထားဝယ်စုပေါင်းရပ်ကွက်နေ မောင်တိုးဝေထွန်း (ဘ) ဦးမောင်ထွန်း (၁၀/ပမန(နိုင်)၁၂၈၅၇၇)၏ ပြည်ပအလုပ်အကိုင်အလုပ်သမားသက်သေခံကတ် (OWIC Card) (နံပါတ်မမှတ်မိ) သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။ ၀၉-၇၅၅၆၄၆၀၇၁

**သင့်သွေးမြင့် အသက်ကယ်ပါ**

**မီး**

**သတိပြု**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက်(၁၂)ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့်ကျင့်သုံးပြီး ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး။

**၂။ စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စားစီးပွားရေးလုပ်ငန်း(MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကို အခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေးစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏ အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော်တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များမွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ မိမိတို့အနေဖြင့် ရှေ့လုပ်ငန်းစဉ်များ၊ ဦးတည်ချက်များ၊ အမျိုးသားရေး မျှော်မှန်းချက်နှင့် နိုင်ငံရေးမျှော်မှန်းချက်များ ချမှတ်၍ ပန်းတိုင်အဖြစ် ဆောင်ရွက်လျက်ရှိကာ ပန်းတိုင်မပျောက်စေရေးအတွက် အစိုးရအဖွဲ့တွင် အဓိကတာဝန်ရှိပြီး နိုင်ငံရေးပါတီများ၊ နိုင်ငံသူ၊ နိုင်ငံသားများကလည်း ပါဝင်ဆောင်ရွက်ရမည်ဖြစ်...

❖ **Moving Forward** ဟူသည့်အတိုင်း ရှေ့သို့ ဆက်လက်လှမ်းချီသွားရမည်ဖြစ်ကာ တာဝန်ရှိသူများအားလုံးက မိမိထမ်းဆောင်ရသည့် နေရာဌာနအလိုက် လုပ်ငန်းအောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ရမည်ဖြစ်...

**(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ် ဩဂုတ် ၂၂ ရက်တွင် ကျင်းပပြုလုပ်သော ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေး အမှတ်စဉ်(၆/၂၀၂၂)တွင် ပြောကြားသည့်အမှာစကားမှ ကောက်နုတ်ချက်)**

## မှန်ကန်မှုမရှိ၊ ဘက်လိုက်သော တစ်ဖက်သတ်ထုတ်ပြန်ပြောဆိုချက်များကို မြန်မာနိုင်ငံက ပြတ်သားစွာပယ်ချ

၂၀၂၃ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်မှု နှစ်နှစ်ပြည့်ခဲ့ခြင်းနှင့်ပတ်သက်၍ နိုင်ငံအချို့နှင့် ကုလသမဂ္ဂတာဝန်ရှိသူအချို့က အပြုသဘောမဆောင်သော သတင်းများထုတ်ပြန်ခဲ့ကြသည်။ ၎င်းထုတ်ပြန်ပြောဆိုချက်များတွင် မြန်မာနိုင်ငံ၌ဖြစ်ပေါ်နေသည့် အကြမ်းဖက်မှုများနှင့်စပ်လျဉ်း၍ ကျူးလွန်သူကို ထုတ်ဖော်ပြောကြားခြင်းမပြုဘဲ ရင်ဆိုင်ဖြေရှင်းနေသည့် အစိုးရအပေါ် အပြစ်တင်ကာ၊ အကြမ်းဖက်အုပ်စုများဖြစ်သည့် NUG၊ CRPH နှင့် ၎င်းတို့၏လက်ဝေခံ PDF အမည်ခံအကြမ်းဖက်သမားများ၏လုပ်ရပ်ကြောင့် အပြစ်မဲ့ပြည်သူ ၅၀၀၀ ကျော် အသက်ဆုံးရှုံးရသည်ကို ဖုံးကွယ်ထားခြင်းကြောင့် အများပြည်သူကိုအထင်အမြင်လွဲမှားစေသည်။ **စာမျက်နှာ ၁၈ ကော်လံ ၁** ☆

## ထိုင်းနိုင်ငံတွင် ပြန်လာရန်အခက်အခဲများကြုံတွေ့ခဲ့သော မြန်မာနိုင်ငံသားများအနက် မွန်ပြည်နယ်မှ နေရပ်ပြန်သူများကို တပ်မတော်(ရေ) စစ်ရေယာဉ်များဖြင့် မော်လမြိုင်မြို့သို့ စီစဉ်ပို့ဆောင်ပေးခဲ့



**နေပြည်တော် ဖေဖော်ဝါရီ ၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်မှာကြားချက်အရ ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန်အခက်အခဲကြုံတွေ့ခဲ့ရသော နေရပ်ပြန် မြန်မာနိုင်ငံသား ၆၇၉ ဦးတို့အနက် ရန်ကုန်တိုင်းဒေသကြီးနှင့်မွန်ပြည်နယ်တို့မှ **စာမျက်နှာ ၁၆ ကော်လံ ၁** ❑

**ထိုင်းနိုင်ငံတွင် ရောက်ရှိနေပြီး အကြောင်းအမျိုးမျိုးကြောင့် မြန်မာနိုင်ငံသို့ပြန်လာရန် အခက်အခဲကြုံတွေ့ခဲ့ရသော မြန်မာနိုင်ငံသားများနှင့်အတူ တာဝန်ရှိသူများက ရုပ်ပေါင်းမှတ်တမ်းတင်ရိုက်ကူးစဉ်။**


မြဝတီဘဏ်လီမိတက်
MYAWADDY BANK LIMITED

Services

ငွေစုဘဏ်အပ်ငွေစာရင်း (Savings Deposit )
စာရင်းသေအပ်ငွေစာရင်း (Fixed Deposit )
ခေါ်ယူအပ်ငွေစာရင်း (Call Deposit )
တက္ကသိုလ်ပညာသင်ဆုဝန်ဆောင်မှုစာရင်း (Scholarship Funding Service)
စာရင်းရှင်အပ်ငွေစာရင်း (Current Deposit )
ဘဏ်အချင်းချင်း CBM NET မြန်ငွေလွှဲခြင်း (Customer Credit Transfer)

" စိတ်ချရတာ မြဝတီဘဏ် "

Phone No : (01) 2301367, 2301368, 2301452, 2301378